www.burmeseclassic.com

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်
ရန်ကင်းတောင်ခြေ

**ရန်ကင်းအေးငြိမ်းရိပ်သာ**


(မောင်းထောင်မြေဇင်းတောရတိုက်ခွဲ)

# ဒွါရဝင်လမ်း

နှင့်

(မျှဝေခံစား) ဓမ္မရသ-စာတမ်းများ

BURMESE CLASSIC .com



အရှင်ကေလာသ (သာသနဓဇဓမ္မာစရိယ)
စုစည်းဖော်ညွှန်းသည်။

သာသနာ - ၂၅၅၁ ကောဇာ - ၁၃၆၉ ခုနှစ် - ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မောင်းထောင်မြွေဇင်းတောရဆရာတော်ဘုရားကြီး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏

# ဓာတုစေတီတော်



၁၃၆၈-ခု၊ နတ်တော်လဆန်း (၁၃)ရက်နေ့တွင်
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဓာတ်တော်များကို
ဌာပနာသွင်းပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၇-နာရီကြာ မီးသင်္ဂြိုဟ်တော်မူပြီး ကြွင်းကျန်ခဲ့သည့်
မောင်းထောင်မြေဖန်းတောရဆရာတော်ဘုရားကြီး၏
ရောင်ခြည်တော် ကွန့်မြူးခဲ့သော

# ဓာတ်တော်,မွေ့တော်များ




(တပို့တွဲလပြည့်ကျော် (၃) ရက် (4-2-2007) တနင်္ဂနွေနေ့
ညနေ (၆) နာရီ မှ (၇)နာရီ မိနစ် (၂၀) အထိ
ဦးခေါင်းခွံတော်, စွယ်တော်တို့မှ အထက်အောက်ရောင်ခြည်တော် ကွန့်မြူးသည်။)

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော်



အရှင်ကေလာသ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| | ဆရာတော်၏ နိဒါန်း | | က |
| ၁။ | စကြာဝဠာပတ်မယ်ရက်ခြောက်ဆယ် | ဦးဓမ္မပိယ | ၁ |
| ၂။ | ဘုရားဖူးရင်းတရားကပြသော ခန္ဓာကိုယ်ကို ကြည့်မိသူ | အရှင်စန္ဒရ | ၁၂ |
| ၃။ | အေးစေငြိမ်းစေဘဝတွေ | ဦးချိန်ဝမ်း | ၂၂ |
| ၄။ | မူရင်းကောင်း၍မိတ္တူကောင်းခြင်း | ဦးတင်ရည် | ၂၅ |
| ၄။ | သံသရာကိုတိုစေသော အေးငြိမ်းရိပ်သာမှဓမ္မရသထူး | ဦးသိန်းလွင် | ၃၀ |
| ၅။ | ဖြန်းဖြန်းကွဲနဖူးတွေ့ဒူးတွေ့ | Dr.ဦးအောင်သူ | ၃၆ |
| ၆။ | လက်တွေ့ဓမ္မရသကိုခံစားခြင်း | ဦးစောမြင့် | ၄၄ |
| ၇။ | ရွာအဝင်လမ်း | Dr.အောင်ဖော်မြင့် | ၄၉ |
| ၈။ | ဆရာကောင်းပေးသောပန်း ထာဝရပန်းမည် | ဒေါ်ခင်အေးမူ | ၅၅ |
| ၉။ | တရားရှာကငြိမ်းအေးရ | ဒေါ်ရင်ရင်မြ | ၅၈ |
| ၁၀။ | ပန်းတိုင်ရောက်ဖို့စိတ်ကြည်လင်စို့ | ဒေါ်မြင့်မြင့်ဆွေ | ၆၃ |
| ၁၁။ | ကံကောင်းလို့, ကံကောင်းလို့ | မခင်ခင်ဦး | ၆၆ |
| ၁၂။ | အလင်းကွန်ရက်ဖြန့်ကြမယ် | မလှတင်း | ၇၃ |
| ၁၃။ | တန်ဖိုးအနဂ္ဃထိုက်တဲ့လေ | မတင်အိမော် | ၇၇ |
| ၁၄။ | အချိန်ရှိခိုက်လုံ့လစိုက် | မဓိတိမာ | ၈၄ |
| ၁၅။ | သံသရာလွတ်လမ်းရှာကြမယ် | မနေရည်အောင် | ၉၂ |
| ၁၆။ | နတ်လူသာခုခေါ်စေသော် | မသိန်းသိန်းဆွေ | ၁၀၃ |
| ၁၇။ | ထွက်ပေါက်လွယ်တဲ့ရက်ခြောက်ဆယ် | အရှင်ဂမ္ဘီရဗုဒ္ဓိ | ၁၁၂ |
| ၁၈။ | ဂုဏ်ကျေးဇူး အထူးဆပ်မလေ | ဦးညာဏ်ဝင်း | ၁၁၄ |
| ၁၉။ | လာစမ်းပါကြ ဌာနမြန်မကြာ | | ၁၁၆ |
| ၂၀။ | ဓမ္မဒါနအလှူရှင်များ | အလှူရှင်များ | |


www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော်၏ နိဒါန်း

**“ဓမ္မံ သရဏံ ဂစ္ဆာမိ”**–တရားကို ကိုးကွယ်ပါ၏–ဟု ဗုဒ္ဓဘာသာဝင်မှန်သမျှ စကားပီစအရွယ်ကပင် ရွတ်ဆိုဆောက်တည်ခဲ့ကြသည်။ **“မိ”**ဟူသောစကားလုံးသည် သဒ္ဒါအနေအားဖြင့် ပစ္စုပ္ပန်ကာလကို ရည်ညွှန်းပါသည်။ မြန်မာအနေအားဖြင့် “မိမိရရ, ပိုင်ပိုင်နိုင်နိုင်”ဟု အဓိပ္ပါယ်ရပါသည်။

တရားကို မိမိရရကျင့်သုံးပါလျှင် အပါယ်တံခါးပိတ်၍ သံသရာအတွက် စိတ်အေးရ၏။ ဓမ္မ–ဟူသည် သတ္တဝါတို့အား အပါယ်လေးပါး ကျမသွားရအောင် ဆောင်ထားနိုင်သော ဂုဏ်သတ္တိရှိသည်။

ဥပမာဆိုရသော်–အရာဝတ္ထုတစ်ခုကို လက်ဖြင့်ယူငင်ရာ၌ မိမိရရ မကိုင်မိလျှင် အောက်သို့ပြုတ်ကျတတ်ပါသည်။ ထို့ အတူ– တရားကို မိမိရရ မကျင့်သုံးလျှင် အပါယ်လေးဘုံသို့ ပြုတ်ကျနစ်မွန်းရပါမည်။ သံသရာရေအလျဉ်ကြောမှာ စုန်ချည်ဆန်ချည် မျှောရပါဦးမည်။

တရားကို အဘယ်သို့ မိမိရရကျင့်သုံးရပါမည်နည်း **“သတိတစ်လုံး, အရှိသုံး, အဆုံးနိဗ္ဗာန်သာ”** ဆိုသည့်အတိုင်း တရားမိနိုင်ဖို့အတွက် သတိလက်ကိုင်ထားရှိရပါမည်။

နေ့စဉ်ဘဝကို လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ်လေးပါးဖြင့် တစ်ပါးညောင်းလျှင် တစ်ပါးပြောင်း၍ နေထိုင်ကြရ၏။ ဣရိယာပုထ်အမျိုးမျိုး ပြောင်းနေရသော်လည်း မပြောင်းလဲသည်က အသက်ရှူရှိုက်မှု . . . ။

အသက်ရှူရှိုက်မှုသည် အသုံးချတတ်သူအတွက် အချိန်ပြည့် နေရာတိုင်း ဣရိယာပုထ်တိုင်းမှာ အကျိုးရှိ၏။ ဝင်သက်အခိုက် သတိ။ ထွက်သက်အခိုက် သတိ။ ဝင်လေထွက်လေကို သတိဖြင့် ဖမ်းနေခြင်းသည် **“ဓမ္မံ သရဏံ ဂစ္ဆာမိ”**–အရ တရားကို မိမိရရ ကျင့်သုံးနေခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တရားကိုမိလျှင် အရသာကရှိလာသည်။ ဓမ္မကိုသိလျှင် ဓမ္မရသက ငြိလာသည်။

ကာမဂုဏ်ရသသည် အရောင်အမျိုးမျိုးပါသော ချိုချိုချဉ်ချဉ် အရသာရှိသည့် ဖျော်ရည်နှင့်တူ၏။ ဓမ္မရသ–ကား ပကတိဖြူစင် ကြည်လင်အေးမြသည့် ရေစင်ရေကောင်းနှင့်တူ၏။ ဖျော်ရည်တစ်မျိုးမျိုးကို သောက်ပြီးလျှင် ခံတွင်းချဉ်၏။ ရေသန့်, ရေအေးကိုသောက်ရသော် ခံတွင်းရှင်း၍ မွတ်သိပ်ခြင်းကင်း၏။ ကာမဂုဏ်ရသသည် ဟိုအာရုံကောင်းနိုး၊ သည်အာရုံကောင်းနိုးဖြင့် အမျိုးမျိုးပြောင်းသော်လည်း တင်းတိမ်အားရ ကျေနပ်သွားသည်မရှိ။ သောက်လေ, သောက်လေ ငတ်မပြေသည့် သဘောရှိ၏။ ဓမ္မရသ–ကား ထိုသို့မဟုတ်။ စိတ်ဆာလောင်မှုလည်းငြိမ်း၏။ ပူပန်မှုလည်းကင်း၏။ ငြိမ်သက်အေးချမ်း၏။ တစ်စုံတစ်ခု နောက်ထပ်ဖြည့်စွက်စရာ အရသာလည်းမလို။ ထို့ ကြောင့်မြတ်စွာဘုရားက . . .

"<u>သဗ္ဗရသံ ဓမ္မရသော ဇိနာတိ</u>" အရသာတို့တွင် ဓမ္မရသသည် အမြတ်ဆုံး – ဟု ဟောတော်မူခြင်းဖြစ်၏။

ဤဓမ္မရသ–စာတမ်းများသည် ရက် (၆၀) သမထ–ဝိပဿနာ တရားစခန်းဝင် ယောဂီအသီးသီးတို့ မှတ်တမ်းတင်ထားသည့် တရားအတွေ့အကြုံများဖြစ်၏။ စခန်းဝင်ပြီးသော ယောဂီတို့အတွက် အမှတ်တရ–ရှိစေ၊ စခန်းဝင်ကြမည့် အသစ်, အသစ်သော ယောဂီတို့အတွက်လည်း အမြည်းအစမ်းဖြစ်စေရန် ရည်ရွယ်၍ ထုတ်ဝေလိုက်ရပါသည်။

**အရှင်ကေလာသ**

ကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ
ရန်ကင်းအေးငြိမ်းရိပ်သာ
ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း
ဖုန်း – ၀၂– ၅၅၂၅၃

27-6-2007

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စကြာဝဠာပတ်မယ်ရက်ခြောက်ဆယ်
## သူတော်ချင်းချင်းသတင်းလေ့လေ့

BURMESE CLASSIC .com

ကလေးတရားစခန်းပွဲ ကျင်းပစဉ် ယောဂီဝေယျာဝစ္စဆောင်ရွက်ကြသော စေတနာရှင် ကျောင်းဆရာမများအဖွဲ့နှင့် တိုင်ပင်နှီးနှောနေကြရာ မထင်မှတ်ပဲနှင့် ဆရာမဒေါ်မြမြသန်းက မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ရက်ခြောက်ဆယ် တရားစခန်းပွဲ အကြောင်းပြောပြပါသည်။

စကားထဲတွင် မြန်မာပြည် တန်ခိုးကြီးစေတီများသာမက ပြည်ပမှ ဘုရားရှင် ပွင့်ထွန်းတော်မူရာ အိန္ဒိယနိုင်ငံ သံဝေဇနိယလေးဌာနအကြောင်း ပါလာသည်။ စိတ်ဝင်စားလာပြီး ဆက်နားထောင်နေမိပါသည်။ နောက်ကျတော့ သီဟိုဠ်က မဟာစေတီတော်၊ ထူပါရုံစေတီတော်များကို တရားထိုင်ရင်း အလင်းနိမိတ်တွေ လွှတ်ပြီးဖူးရပုံ၊ ဒါထက် စိတ်ဝင်စား ဆွဲဆောင်တာက အထဲက ဓာတ်တော်တွေ၊ ဌာပနာတွေပါ အားရပါးရှု ရပုံတွေကို စိတ်ဝင်စားဖွယ် စာသင်ကောင်းသော ဆရာမပိုပို မြင်သာထင်သာအောင် အားကျဖွယ် စိတ်ဝင်စားဖွယ် ပြောနေသည်။ ကိုယ်မဟောရပဲ သူတို့ပြောတာ နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ကျတော့ ဓမ္မရသစာအုပ် ပေးဖတ်သည်။ ဒါယကာ၊ ဒါယိကာမတွေ အချင်းချင်း တောင်တွင်းကြီးမြို့မှာ ဓမ္မစာကြည့်တိုက်ရှိနေ၍ ငှါးဖတ်ကြ၊ တရားတိတ်ခွေ၊ တရားစီဒီ **(CD)** ငှါးကြ၊ တရားအသိအမြင်ချင်း ဖလှယ်နေကြတာမို့ ထူးဆန်းသည် မထင်ပါ။ ဖတ်ကြည့်မိတော့မှ အားပါးပါး မျက်စိနှစ်ကွင်း အလင်းမရရှာပဲနှင့် ဘုရားဖူးမြင်ရတဲ့ ဒေါ်ခင်သိန်း၊ တရားထိုင်ရင်း ရောဂါပျောက်သွားသော ယောဂီဦးတောမောင် အကြောင်း၊ သမထ-မှာ ဘယ်ပုံဘုရားဖူးရတာ၊ ဝိပဿနာမှာ ဘယ်လိုတွေ့ရတာစတာတွေသိလိုက်ရတော့ စိတ်ထဲမှာ တရားအားမထုတ်ရလျှင် မနေနိုင်သည့်အထိ ဖြစ်လာပါသည်။

သို့နှင့် တရားစခန်းတွေရှိလား . . .၊ ဘယ်မှာရှိတုံး စသည်ဖြင့် မေးမြန်းစုံစမ်း ရပါတော့သည်။ တောင်တွင်းကြီးရှိ ယောဂီများက လမ်းညွှန်ရုံတွင် မကပါဘဲ ဝိုင်းဝန်း၍ သွားရေးလာရေး လိုအပ်ရာအဖြာဖြာတို့ကို ဝိုင်းဝန်းစီစဉ်ပေးကြ၍ ရက်ခြောက်ဆယ်ခရီးကို စတင်ရပါတော့သည်။

၁၃၆၇-ခု ကဆုန်လပြည့်နေ့၊ တနင်္ဂနွေ (22. 5. 2005) နေ့တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် အရှေ့ဘက်၊ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ၊ ရန်ကင်းအေးငြိမ်းရိပ်သာ၊ အပြည်ပြည်ဆိုင်ရာ အာနာပါနကမ္မဋ္ဌာန်းတိုက် <u>**(International Ānāpāna Meditation Centre)**</u> သို့ ရောက်ရှိပြီး ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှာ စတင်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွါးခိုင်းသည်။ "အရဟံ ဂုဏ်တော်ကို



(၃)ရက်ပွါးရသည်၊ တော်တော်ကြည်နူးပြီး စိတ်ချမ်းသာလာသည်။ ကိုယ့်စိတ်ကို အကူအညီမပါဘဲ စတင်ပြီး လမ်းလျှောက်ကျင့်နေတာ။ ကိုယ့်စိတ်ကို အသုံးချရတော့မယ် အသုံးဝင်တော့မယ်လို့ စိတ်ထဲမှာ ဝမ်းမြောက်လာသည်။ ဆရာတော်ရဲ့ ဩဝါဒထဲမှာပါတဲ့ - ဘုရားရှင်ကို တစ်ကြိမ်တစ်ခါ ကန်တော့လိုက်တာနဲ့ ကမ္ဘာတစ်သိန်း အပါယ်မလားသော **"ကေဠလိကမထေရ်"** အကြောင်းကို . . .

**"တစ်ကြိမ်ဦးချ ဘုရားကိုကွယ်**
**ကမ္ဘာတစ်သိန်း ကျွတ်ကိန်းရေဘွယ်**
**အပါယဘေး လွတ်အေးလေတယ်**
**မြတ်ဘုရား ကြိုးစားဖူးကြကွယ်"** - ဆိုတဲ့

လင်္ကာလေးကို နံနက်တိုင်း ရွတ်ဆိုအားကျရင်း ဘုရားရှင်ပွင့်တော်မူခဲ့ရာ၊ ဖွါးတော် မူခဲ့ရာ၊ ဓမ္မစကြာတရားဟောတော်မူခဲ့ရာ၊ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ရာ နေရာတွေကိုမှန်းပြီး **"နမော တဿ . . ."** သုံးကြိမ်နဲ့ ရှိခိုးရ၊ ဘုရားရှင်ရဲ့ ညှပ်ရိုးတော်၊ ဓာတ်တော်တို့ ဌာပနာပြီး တည်ထားတော်မူသော မဟာဗောဓိ စေတီ၊ ထူပါရုံစေတီ၊ စွယ်တော်တိုက်ရှိရာ သီဟိုဠ်ကိုမှန်း၍ ရှိခိုးရ၊ ဆံတော်လေးဆူ ဌာပနာတော်မူသော ရွှေတိဂုံစေတီတွေ ရှိခိုးရသော ကုသိုလ်တွေကို တွေးကြည့်လိုက်တော့ စိတ်မှာ ယခင်ထက်ပို၍ ကြည်လင်လာပါသည်။

ဩော်. . . ဒီစိတ်တွေ အမှီကောင်းရလို့ ငြိမ်းချမ်းရလေခြင်း၊ ချမ်းသာသုခတွေ တစ်လုံးတစ်ထွေး၊ တစ်ပွေ့တစ်ပိုက်ရလေခြင်းဆိုပြီး ဝမ်းမြောက်ရပြန်သည်။

www.burmeseclassic.com



စတုတ္ထနေ့ ကဆုန်လပြည့်ကျော် (၄)ရက်နေ့မှာ မေတ္တာပွားခြင်း(၁)ရက် စီးဖြန်းခိုင်းပါသည်။ မေတ္တာပို့ခြင်း အကျိုးတရားများ ကြီးမားမှန်းသိပေမယ့် ခေတ္တခဏသာ ပို့ဖူးသည်။ တစ်နေ့တာ ပွါးရတော့ စိတ်ထဲမှာ ကြည်နူးပြီး အေးချမ်းလာပြန်ရော။ ကိုယ်စောင့်နတ်အစ သုံးဆယ့်တစ်ဘုံအဆုံး မေတ္တာပို့အမျှပေးဝေ၊ ပေး၍မကုန် လှူ၍မခန်းနိုင်သော မေတ္တာစမ်းရေအလှူကြီးဝေ၍ ရင်ထဲမှာ ကြက်သီးလေးတွေထ၊ ကြည်နူးချမ်းသာ ဝမ်းသာရပါဘိ။

ဒါကြောင့် - မောင်းထောင်မြေင်းတောရဆရာတော်ဘုရားကြီးက လောကီ, လောကုတ္တရာ ကြီးပွါး,ချမ်းသာစေဖို့ ရည်ရွယ်ကာ "ကြီးပွါးချင်တဲ့သူဟာ အနီး ပုဂ္ဂိုလ်တွေနဲ့ပိုပြီး တည့်အောင် ညီညွတ်အောင်နေရမယ်" ဟု မိန့်တော်မူပါသည်။

မေတ္တာဖြင့် ငြိမ်းချမ်းရေး အလံထူလျက် **"လူလိုမှ နတ်မ"** ဆိုရိုးအရ အတူတကွကြီးပွား တိုးတက်ရန်အတွက် မေတ္တာပွားဖို့ ညွှန်ပြတော်မူသည်ဟု တွေးမိကာ လက်ဆယ်ဖြာ ထိပ်မှာထား၍ ကျေးဇူးဂုဏ် စိတ်ဝယ်ထုံပြီး နဖူးမြေကျ ဦးချကန်တော့မိပါ၏။

ပဉ္စမနေ့ ကဆုန်လပြည့်ကျော် (၅)ရက်နေ့မှာ အသုဘကမ္မဋ္ဌာန်းပွားများရ၏။

ဆဋ္ဌမနေ့မြောက် ကဆုန်လပြည့်ကျော် (၆)ရက်နေ့မှ အာနာပါန တရားစတင်ပြီး ပွားများရပါတော့သည်။ ဟိုနေရာ ဒီနေရာ အာနာပါနလုပ်နေကြ၍ ဒါလေးများ လွယ်လွယ်လေး ဆိုပြီး စိတ်ထဲမှာ ပေါ့ချင်သလိုလို။



ဒါပေမဲ့ ဆရာခိုင်းတဲ့အတိုင်း တသွေမတိမ်း လုပ်မယ်-ဆိုတဲ့ အဓိဋ္ဌာန်နှင့် လာခဲ့သူမို့ သေချာကျနလိုက်ပြီးမှတ်ခဲ့သည်။ ဆရာတော်ဦးကေလာသက အာနာပါနကို ဝါရနဲ့ မှတ်ခိုင်း၏။ (ရေတွက်ခြင်း)ဂဏနာနည်း (ထိတာသိနေခြင်း) ဖုသနာနည်းတို့ဖြင့် စိတ်အပြင် မထွက်စေရန်၊ ထောင့်ပေါင်းစုံမှနေ၍ **"မိမိဖမ်းလိုသော အာရုံကို လွတ်ထွက်မသွားစေရန်"** သေချာကျနဆောင်ရွက်နည်းကို အစကမသိ ယခုမှသိရပေ၏။

ဩော် . . တော်ပါသေး၏၊ နောင်တ နောင်မှတရတော့မလို့၊ လိုက်နာခြင်း အကျိုးဟုဆိုရတော့မည်။ လွယ်တယ်လို့ထင်ခဲ့သော်လည်း သေချာမှုမရှိ ၊ စွဲစွဲမြဲမြဲ မလုပ်ခဲ့၊ ယခုသေသေချာချာ စည်းစနစ်ကျကျ ပြုလုပ်လာသောအခါ နွားဝယ်ရာ မိမိက ပြန်အမ်းရသော နွားပိုင်ရှင်လို အရှုံးပေါ်ချင်လာ၏။ ခက်ခဲလာ၏။

သေချာစွာ ကြိုးစားရင်း မသန့်တာပယ်၍၊ သန့်သန့်လေးရလာတော့ ကျေနပ်ဝမ်းသာကာ ရှုမှတ်ရင်း သုံးလေးရက်အတွင်းမှာ နိမိတ်အရောင် ပြိုးပြိုးပြက်ပြက် ထွက်လာ၏။ ဆက်ကာဆက်ကာ ပွါးများလာတော့ မုဆိုးစိုင်သင်ဆိုသလို ဝါရတွေတက်လာ အမှတ်တွေကောင်းလာ၊ နိမိတ်တွေ လှိုင်လှိုင်ပေါ်လာ၏။ သည်နိမိတ်လေးရဖို့ ဆိုတာကလည်း မလွယ်ကျော၊ မောရတာလည်း အကြိမ်ကြိမ်ပင်ဖြစ်၏။ ဝါရတွေ မှတ်ပြီဆိုတော့ ဒီတိုင်းဖာသာနေ မသိသာသော်လည်း ထိုင်နေသော

www.burmeseclassic.com



အချိန်ကျမှ ခန္ဓာကိုယ်က ဆန္ဒပြကာ ဟိုကယားသလို၊ ဒီကယားသလို၊ နာသလို၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး ဖြစ်ပြီးတာရော၊ မဖြစ်သေးတာရော၊ ဖြစ်နေတာရော အတွေးမျိုးစုံ အလုပ်မျိုးစုံတွေက သူ့အရင်၊ ငါ့အရင်ဖြင့် ပေါ်လာပါလေရော။

ပုထုဇဉ်လူတွေရဲ့ ဘဝအလုပ်ကိစ္စတွေ၊ အဲဒီကျမှ အမလေး တ, ၍ မိမိကိုယ်ကို ကြောက်လန့်ရတော့တာကြောင့် ဘုရားဟောကြားတော်မူခဲ့တဲ့ တရားဓမ္မအတိုင်း "ပုထုဇဉ်တို့ရဲ့ အမြဲနေအိမ်ဖြစ်တဲ့ အပါယ်လေးပါးဘုံ ဆင်းရဲမြို့ကို ရောက်ရမှာကိုတွေးမိ, လန့်မိ, ကြောက်မိခဲ့သည်။

အို . . . မိတ်ဆွေ သင်ကော ဗဟုကိစ္စမှ လွတ်ပါရဲ့လား၊ အပ္ပကိစ္စ ဖြစ်ပါရဲ့လား။ ဒီလိုနဲ့ ဝါရတွေ မှတ်လာလို့ နိမိတ်တွေလှိုင်တော့ ဆရာတော် ဦးကေလာသက အာနာပါန(၁၀) ရက်ပြီး၍ နယုန်လဆန်း (၁)ရက် (7. 6. 2005) အင်္ဂါနေ့မှာ **"ဒုမ္မာရှည်တိုသိ"** သဒ်နီးစာ အသစ်တက်ပေး၍ နိမိတ်ပို့ယူခိုင်းပါသည်။ အလင်းနိမိတ်ကို မိတ်ဆွေအဖြစ် ပြောင်းလဲကာ အကျိုးပြုလာစေပြီကော။

ပထမပိုင်းမှာ တစ်တောင်, နှစ်တောင် ပို့ခိုင်းရာကနေ နယုန်လဆန်း (၅)ရက် စနေနေ့ (11. 6. 2005)မှာ ဓမ္မာရုံထဲကဘုရား၊ ဆရာတော်ကျောင်းကဘုရား၊ ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်ကျောင်းက ဘုရားတွေကို စတင်ပြီးတော့ ဖူးခိုင်းသည်။ ဖူးရသည်။ အလင်းရောင်လေး အကျိုးပြုလေပြီကော။



မသွားမလာ မမေး မမြန်းရဘဲနှင့် အလင်းနိမိတ် (သို့မဟုတ်) တတိယမျက်လုံး ကြည့်ချင်ရာ ကြည့်မြင်ရပြီ။ **သန္ဒိဋ္ဌိကော-** ကိုယ်တိုင်အားထုတ်တော့ ကိုယ်တွေ့သိရပြီ၊ သူများပြောမဟုတ်၊ **အကာလိကော-** ဒိဋ္ဌလက်ငင်း အကျိုးပေးတယ်ဆိုတာ လက်တွေ့သိရပြီ။ ဓမ္မစကြာ၊ တရားမျက်လုံး ပိုင်လေပြီ။ ဒီလိုနှင့် ဆက်ပြီး နယုန်လဆန်း(၆)ရက်မှ နယုန်လဆန်း(၁၂) နေ့အထိ မြန်မာပြည်တွင်းမှ တန်ခိုးကြီးဘုရားများကို အဖူးခိုင်းပါသည်။

## မျှော်လင့်ခဲ့တာကြာပါပြီ

၁၃၆၇-ခု နယုန်လဆန်း (၁၃)ရက် တနင်္ဂနွေနေ့ (19. 6. 2005)တွင် အိန္ဒိယနိုင်ငံ ဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီအင်ကြင်းတော၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တော၊ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်၊ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ အင်းကြင်းရဂုံ၊ သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ)ရှိ စွယ်တော်တိုက်၊ ဘုရားရှင်၏ ခြေတော်မွေတော်ကိန်းဝပ်တော်မူရာ မဟာစေတီ၊ ထူပါရုံစေတီ၊ ဒက္ခိဏသာခါ ဗောဓိညောင်ပင်တို့ကိုလည်း ဖူးမျှော်ရပါသည်။

ဗုဒ္ဓ၏သားတော်ပီပီ ဗုဒ္ဓပွင့်တော်မူရာ၊ ဖွားတော်မူရာတွေကို ကိုယ်တိုင်သွားရောက် တစ်ခါတစ်ခေါက်လောက်ဖြင့် ပူဇော်ချင်မိ၏။ ဆန္ဒမပြည့်။ စိတ်သာရှိ၍ တကယ်ဖြစ်မလာခဲ့ရသော ရင်တွင်းဆန္ဒ ယနေ့တော့ ပြည့်ဝခဲ့ရပေပြီ။

ဒီအပြင် ဆရာတော်က ၁၃၆၇-ခု နယုန်လဆန်း (၁၄)

www.burmeseclassic.com



ရက် တနင်္လာနေ့တွင် တာဝတိံသာရှိ ဆံတော်တို့ ဌာပနာ၍ တည်ထားတော်မူသော စူဠာမဏိစေတီ၊ နန်းဦးပြသဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၊ နယုန်လပြည့်ကျော်(၃)ရက်နေ့တွင် ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဝတ်လဲတော် ဌာပနာရာ ဒုဿစေတီတို့ကို ဖူးမျှော်စေခဲ့သည်။

နဂါးပြည် ဘောဂဝတီမှ ဘုရားစွယ်တော်ကို **"လုံးစုံလင်းရာ တ-ဦးသာ"** တတိယနည်းရောက်တော့ ဖူးမျှော်ရသည်။ အပိုဆုအဖြစ် ကြွင်းကျန်ရစ်သော ဘုရားရှင်၏ ဓာတ်တော်မွေတော် ဖူးမျှော်၍ ကုသိုလ်တော်ယူ၏၊ ဝမ်းမြောက်ခြင်း ပီတိနှင့်အတူ သမာဓိကို ထူထောင်ပေးတော်မူပုံဟာလည်း ပွဲကိုင်ကောင်းသော ပွဲထိမ်းပမာ ညွှန်ပြသူဆရာ၏ပညာပင် ဖြစ်ပေသည်။

## အတုမရှိသမားတော်

ပါးဖောက်၊ နားဖောက် ၊ လျှီးစားဖြတ်စား သင်္ခန်းစာတွင်လည်း မိမိတို့ခန္ဓာတွင်တည်ရှိနေသော ရောဂါတွေကိုပါ ပျောက်ကင်းသူတွေ သက်သာသွားသူတွေ တွေ့ရပြန်၏။ ဗောဇ္ဈင်ခုနှစ်ပါး တရားမြတ်ဟာ ရောဂါပျောက်ကင်းတယ်လို့ ဖတ်ခဲ့ရ၊ မှတ်ခဲ့ရ၊ နာခဲ့ရ ကြားခဲ့ရဖူးသည်။ တရားကျင့်ရင်း မကြုံဖူးခဲ့ရ၊ အခုတော့ကြုံရပြီ။

**"ဘုရားဆိုသော သမားတော်**
**သုံးလောကမှာ အလွန်ကျော်၊**



**သတ္တဝါများကို လွန်သနား**
**ကောင်းစွာကယ်၍သွား"**ဆိုသလို သက်တော်ထင်ရှားရှိစဉ်က မနေမနား ချွေချွတ်ဟောပြ၊ မျက်ကွယ်အနာဂတ်မှာလည်း ကိုယ်စားတော်ထားတော်မူခဲ့သည်၊ တရားတော်များက ကြည်ညိုမဆုံး၊ ဖူးမျှော်မဝ ကျေးဇူးတော် အနန္တနှိုင်းဆ၍ပင် မှီနိုင်မည်မထင်။

ဒီလိုဖြင့် ၁၃၆၇-ခု နယုန်လပြည့်ကျော် (၉)ရက် ကြာသပတေးနေ့ (30. 6. 2005)တွင် ဝိပဿနာကမ္မဋ္ဌာန်းကို စတင်ပွားရသည်။ အားထုတ်ရသည်။ ဒီတစ်ခါတော့ ပြောလို့ရပြီ။ (Very Easy) အသာလေးပဲ။ သက်သက်သာသာလေးဖြင့် သေချာကျနစွာ ပွားခဲ့ရသည်။

သမထပိုင်းမှာ ထူထောင်ခဲ့ရသည့် သမာဓိတွေကြောင့် ပေါ်လွယ်ထင်လွယ်လာသည်။ ဝိပဿနာ ( Vipassanā) ပိုင်းမှာ ပင်ပန်းမှုမရှိဘဲ ရှုမှတ်ပွားများရသည်။ ရိပ်သာ၏စည်းကမ်းထဲမှာ (Time table) အချိန်ဇယား သတ်မှတ်ပေးမထားဘဲ ယောဂီ၏ ကျန်းမာရေး၊ ထိုင်နိုင်မှုအပေါ် မူတည်၍ လွတ်လပ်စွာ ပွားများခွင့် ပေးထားပါသည်။

တရားအားထုတ်ရသော ယောဂီအတွက် **"တာဝန်သိသော ပုဂ္ဂိုလ်မှာ တာဝန်ဆိုတာ ရှိနေတယ်"** ဆိုသလို ဆွေမတော် သားမစပ် အနယ်နယ်အရပ်ရပ်က အလှူရှင်များသီးသီးရဲ့ ဆွမ်းအာဟာရကို ပေါ့ပျက်ပျက် ဝတ်ကျေတမ်းကျေ စားသောက်ကာ ရှုမှတ်လို့ မရတော့ဘဲ အလေးဂရုပြုပြီး မှတ်ခဲ့ရသည်။

www.burmeseclassic.com



လွတ်မြောက်မှုပန်းတိုင် လှမ်းမကိုင် နိုင်ပေမယ့် နေရတဲ့ ဘဝခဏမှာ အသေလှဘို့အတွက် တန်ဆာဆင်ခဲ့ရပြီ၊ အကျ မနာ ဘဝမှာ ခံသာလေပြီဟု စိတ်မှာရွှင်ပျ ဝမ်းမြောက်ရသည်။ သူတော်ကောင်းခေတ် တရားမြတ် လွှမ်းပတ်တည်ရှိနေပေ၍၊ ဘဝကောင်းရသောအခိုက်၊ ကြုံကြိုက်ရသော တရားဓမ္မနှင့် တွေ့လိုက်သည်မှာ အလွန်ပင်ကံကောင်းလှပေစွ။

**၁။ သာသနာနှင့်တွေ့ပြီး ၊ လူမဖြစ်တဲ့ပုဂ္ဂိုလ်၊**

**၂။ လူဖြစ်ပြီး သာသနာနှင့် မတွေ့တဲ့ပုဂ္ဂိုလ်၊**

**၃။ သာသနာနှင့်လည်းမတွေ့၊ လူလည်းမဖြစ်တဲ့ ပုဂ္ဂိုလ်၊**

**၄။ သာသနာနှင့်လည်းတွေ့ ၊ လူလည်းဖြစ်တဲ့ပုဂ္ဂိုလ်။**

ဟူ၍ ပုဂ္ဂိုလ်လေးယောက်အနက် ဘုရားရှင် ချီးကျူးတော်မူသည့် “ဖြစ်ပျက်မြင်ကာ တစ်ရက်တာမျှ သက်ရှင်ရမူ ကောင်းမြတ်လှ” ဆိုသည့် နံပါတ်လေးပုဂ္ဂိုလ် ဖြစ်နေပါပကောရယ်လို့ ဝမ်းမြောက်ရပေသည်။

ဘဝသံသရာမှာ သူချယ်တိုင်းသာ မဖြစ်ကြရှာလေရ အောင် အချိန်လည်းရှိခိုက်၊ လူ့အဖြစ်နှင့်လည်း ကြုံကြိုက်သည့်အချိန်ကာလကြီးမှာ နိဗ္ဗာန်လမ်းပွင့် အခွင့်သာလေပြီကော။ ဒီလိုနေရာ ဌာနမျိုးတွေ ပြည်ရွာအနှံ့ တည်ရှိပါမူ ဩော်. . . ကောင်းလေစွ။

**“ဘာသယေ ဇောတယေ ဓမ္မံ၊ ပဂ္ဂဏှေ ဣသိနံ ဓဇံ”**

ဘုရားရှင်၏ တရားတော်တွေကို ဟောပြ,ကျင့်ဆောင် အောင်



လည်း တိုက်တွန်းနေခြင်းသည် ဘုရားအရိယာတို့၏ တံခွန် အောင်လံကို လွှင့်ထူထောင်တဲ့ အလုပ်ပဲမို့ ကန္ဒီနည်း သမထ ဝိပဿနာကို ကိုယ်ကျိုးမဖက် မငဲ့ကွက်ဘဲ သဒ္ဓါအားမာန် စေတနာသန်စွာဖြင့် ဆောင်ရွက်ကြသူပုဂ္ဂိုလ်များစွာ ပေါ်ထွန်းပါစေလို့ စိတ်ဝယ်ဆန္ဒပြုမိပါသည်။

သို့မှသာ တရားစခန်းဝင်သူများ စိတ်ချမ်းသာကာ ဘေးမသီရန်မခ ငွေကုန်ကြေးကျ မရှိဘဲနှင့် စကြာဝဠာ အနန္တကို စက်ယန္တရား အကူအညီမပါဘဲ ရောက်နိုင်၍ ဓမ္မရေစင်ကိုလည်း သောက်သုံးနိုင်ကြပေမည်။ မိမိ၏ ခန္ဓာအတွင်း ဉာဏ်မျက်စိနှင့် ထိုးထွင်း, သိမြင်နိုင်ခဲ့မှုကိုတော့ သိပ္ပံပညာက ရအောင် ပြနိုင်မည်မထင်။ ယခုတော့ စကြာဝဠာပတ်၍ ဘုရားဖူး ရက်(၆၀)ကား ပြီးမြောက်ခဲ့ရလေပြီ။

*နောက်ထပ်နောက်လူ , များပြည့်သူလည်း*

*အောင်မြင်သူခရီးကြပါစေသော်. . .။*

**ဦးဓမ္မပိယ**

Nga Sink Monastery,

Taung Dwin Gyi

www.burmeseclassic.com



## ဘုရားဖူးရင်းတရားကပြသော
## ခန္ဓာကိုယ်ကိုကြည့်မိသူ



တရားကိုသာ လိုလိုလားလား အားထုတ်ချင်ကြသော ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်အပေါင်းတို့ . . . မြတ်ဗုဒ္ဓကား စိတ်, ပရမတ်ကို ငြိမ်သက်နေစေဖို့ အဇ္ဈာသယအလိုက် ကမ္မဋ္ဌာန်းတရားနည်းလမ်းများ ဟောကြားထားခဲ့ရာ ၎င်းတရားတွေကို ဆရာအမျိုးမျိုးက နည်းအမျိုးမျိုးဖြင့် ကျင့်ကြံ, ကြိုးကုတ်အားထုတ်ကာ မဂ်သီး, ဖိုလ်သီးများကို အသီးသီးဆွတ်ခူးစားသုံး သွားကြသည်ကိုအစွဲပြု၍ ဤတရားကား "ဘာနည်း" စသည်ဖြင့် ဗုဒ္ဓသာသနာမှာ ဆွတ်ခူးနည်းများ အမျိုးမျိုးရှိပါ၏။

ယခုကျွန်ုပ်သည်လည်း မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး ဦးစီးကာဖွင့်လှစ်ထားသော ရန်ကင်းတောင်ခြေရှိ ရန်ကင်းအေးငြိမ်းရိပ်သာမှာ လက်ထောက်ကမ္မဋ္ဌာနာစရိယ **အရှင်ကေလာသ** (သာသနဓဇဓမ္မာစရိယ) နည်းညွှန်ပြသပေးလျက်ရှိသည့် "ကန္နီဆရာတော်ဘုရားကြီး ကျင့်ခဲ့၍သိခဲ့သော ကန္နီနည်းသမထဝိပဿနာတရား"ကို ဥယျာဉ်စာသင်တိုက် ပဓာနနာယကဆရာတော် ဦးဇောတိက (ဓမ္မာ



**စရိယ. MA)**နှင့် ရဟန်းဒါယကာများဖြစ်ကြသော ဦးသိန်းအောင် +ဒေါ်ဆွေဆွေဝင်းတို့၏ တိုက်တွန်းမှုကြောင့် ရက်ပေါင်း(၆၀)တိတိ ကိုယ်တိုင် လက်တွေ့ကျင့်ကြံ အားထုတ်ခဲ့ရ၍ ခံစားသိရှိခဲ့ရသော ဓမ္မရသလေးကို ပေးဝေချင်လို့ပါ။

ကျွန်ုပ်သည် ပရိယတ္တိစာပေပညာကို ဆယ်နှစ်တိုင် လေ့ကျင့်ဆည်းပူးခဲ့မိသော်လည်း ပဋိပတ္တိကိုကား တစ်နာရီမျှ မလေ့ကျင့်ခဲ့ဘူးပေ။ စာကို တစ်နာရီ နှစ်နာရီ မနားတမ်း ကျက်အံနိုင်သော်လည်း တရားကိုဖြင့် မလှုပ်မယှက် နာရီဝက်မျှ မထိုင်နိုင်ပါ။

ကျွန်ုပ်အတွက် "**တရားထိုင်သွားရမည်**"လို့ ကြားရသည်နှင့် တစ်နာရီလည်း မဟုတ်၊ တစ်ရက်လည်း မဟုတ်၊ နှစ်လတိတိဆိုတော့ အတော်အခက်ကြုံရ၏။

တရားအလုပ်ဆိုတော့ "မလုပ်ချင်သေးပါဘူး" ပြောရအောင်ကလည်း ရဟန်းတစ်ပါးအနေနဲ့ အလွန်ရှက်ဖွယ်ကောင်းနေပြန်၏။ သို့သော် အလုပ်တစ်ခုကို ဘာ့ကြောင့်ပဲ လုပ်ရ, လုပ်ရ၊ ဘယ်လောက်ကြာကြာဘဲ လုပ်ရ,လုပ်ရ သည်းခံပြီး အကောင်းဆုံးဖြစ်အောင် လုပ်မည်ဟု သဒ္ဓါဆန္ဒဖြင့် ဆုံးဖြတ်လိုက်မိ၏။

ဘယ်အလုပ်မဆို အစမှာ အခက်အခဲဆိုတာ ရှိစမြဲဖြစ်သော်လည်း တရားထိုင်၍ မှတ်နေရသော အလုပ်ကား အစမှာ ပို၍ ခက်သည်ဟုပင် ဆိုချင်သည်။

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် အလွန်လျင်မြန် ပေါ့ပါး၍ ကာမဂုဏ်တွေနဲ့သာ ပျော်နေကာ အဝေးသို့သာ ပြေးလွှားနေတတ်သော စိတ်အစဉ်ကို ပိတ်ပင်တားဆီး၍ အာရုံတစ်ခုတည်း၌ ငြိမ်သက်နေစေဖို့ကား မလွယ်ကူလှ။ ကလေးငယ်တစ်ယောက်က အလွန်လျင်မြန် သန်မာရိုင်းပျသော နွားသိုးတစ်ကောင်ကို ငြိမ်အောင်ကြိုးစား၍ ထိန်းသိမ်းနေရသည်နှင့် တူလှ၏။

**"စိတ်မိုက်နွားသိုး, သတိကြိုးနှင့်၊**
**မတိုးရုန်းနိုင် အာရုံတိုင်၊ ခိုင်ခိုင်ချည်လေဘိ"** လို့

ကမ္မဋ္ဌာန်းဆရာဟောကြားသော်လည်း အာရုံတွေနောက်ကိုသာ တစ်ကောက်ကောက်လိုက်နေသော ကျွန်ုပ်၏ စိတ်မိုက်နွားသိုးကြီးကို တကယ်ချည်ကြည့်တော့ သတိကြိုး သေးနေသဖြင့်လည်းကောင်း၊ လျော့ရဲရဲချည်နေသဖြင့်သော်လည်းကောင်း လွတ်မှန်းမသိ လွတ်နေ၏။

အနည်းဆုံး သမာဓိလေးမှ ရတန်ကောင်းရဲ့ဟု အားတင်းထားသော ကျွန်ုပ်၏ စိတ်သည်လည်း အစဆိုတော့ **"တီကောင် ဆားနဲ့တို့ခံလိုက်ရသလို၊ ရေထဲကငါး အမှတ်တမဲ့ ကုန်းပေါ်ပက်တင် ခံလိုက်ရသလို"** တဖျက်ဖျက် တုန်လှုပ်ရင်း ပျင်းရိခြင်းတွေနှင့်အတူ အတင်းရုန်းနေသေး၏။

**" နက်ဖြန်သေမှု ရှင်မှုနှစ်ဖြာ၊**
**ဘယ်သူမသိ သတိရှိပါ၊**
**ယနေ့တရား ကြိုးအားထုတ်ပါ၊**



**သေမည့်ရက်ချိန်းချက်မရှိပါ"**

အစဖြာသော ကမ္မဋ္ဌာန်းဆရာ၏ သတိပေးသံကို ကြားလိုက်ရမှ သတိလက်လွတ် အိပ်ပျော်နေသူကို ကျင်စက်နှင့်တို့ကာ အနှိုးခံလိုက်ရသလို သတိဝင်လာကာ ၎င်းကမ္မဋ္ဌာန်းဆရာပေးသော ဗုဒ္ဓါနုဿတိ-ကမ္မဋ္ဌာန်းဟူသောကြိုးဖြင့် သုံးရက်၊ မေတ္တာဘာဝနာ-ဟူသောကြိုးဖြင့်တစ်ရက်၊ မရဏာသတိဟူသောကြိုးဖြင့် တစ်ရက်၊ ဤသို့အထပ်ထပ် ငါးရက်လောက် ပွားနေခြင်းအားဖြင့် ချည်လိုက်မိမှ တဖြေးဖြေးငြိမ်သက်လာ၏။

ဆက်လက်၍ အာနာပါနဿတိဟူသော ကြိုးဖြင့် **ဂဏနနည်း**ကိုသုံးကာ ဆယ်ရက်, ဆယ်ငါးရက်လောက် ကြာကြာထပ်ချည်ခိုင်းသဖြင့် ချည်လိုက်မိရာ ကျွန်ုပ်၏ စိတ်သည် ငြိမ်နေရုံမျှမကတော့ဘဲ ယဉ်ပါးလာသကဲ့သို့ နိမိတ်ကလေးများကိုပင် မြင်တွေ့လာရသည်။ စိတ်ငြိမ်ရုံသာမှန်းထားသော ကျွန်ုပ်သည် တိုက်တွန်းလိုက်ကြသော ဆရာသမား၊ ရဟန်းဒါယကာနှင့် ကမ္မဋ္ဌာန်းဆရာ၏အပေါ်၌ ကျေးဇူးမတင်ပဲ မနေနိုင်တော့။ အလိုလို ကျေးဇူးတင်မိလျက် . . .။

တရားဆိုတာ တကယ်အားထုတ်မိလျှင် ရနိုင်ပါလား လို့လည်း တရားတော်၏ **ဧဟိပဿိကဂုဏ်၊ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်**တော်တို့ကို ကြည်ညိုမိကာ အားတက်လာရ၏။ နိမိတ်အလင်းလေးကို အဝေး,အနီးပို့ကာ စေလိုရာစေလို့ ရလာပြန်တော့ တရားအားမထုတ်ခင်မှာ အာရုံတွေကသာ ပိုင်

www.burmeseclassic.com



နေခဲ့သော မိမိ၏ စိတ်သည် မိမိကိုယ်ပိုင် ဖြစ်လာသဖြင့်လည်း ကျေနပ်ပီတိ ဖြစ်ရပြန်၏။

ဧင်းနိတ်မိတ် အလင်းဖြင့်ပင် မြန်မာနိုင်ငံအနှံ့ရှိ သမိုင်းဝင် ဘုရားစေတီပုထိုးများ၊ အိန္ဒိယနိုင်ငံရှိ သံဝေဇနိယလေးဌာန၊ သီရိလင်္ကာနိုင်ငံ၊ စွယ်တော်တိုက်ရှိစွယ်တော်၊ ထင်ရှားသော စေတီကြီးများနှင့် အထက်တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီ၊ အကနိဋ္ဌဗြဟ္မာပြည်ရှိ ဒုဿစေတီတို့ကို စေစား၍ ဖူးမြင်ကြည်ညိုရရုံမက ဗြဟ္မာပြည်ရှိ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ မှန်သုံးချပ်ကိုလည်း အားထုတ်ဖူးသူများပြောသံကို ကြားဖူးရုံတင်မဟုတ် ကိုယ်တိုင်အဟုတ် တွေ့မြင်ရတော့ အထူးပဲ ဝမ်းသာမိကာ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်ရတော့၏။

ငရဲပြည်၌ ငရဲသားများခံနေရပုံကို မြင်နေရပြန်တော့လည်း ကြက်သီးတဖြန်းဖြန်းထကာ မိမိသည်လည်း ကံ, ကံ၏အကျိုးကို ခံစားရမည်ဆိုတာ ပို၍ပို၍ယုံကြည်လာရင်း အကြောက်တရားတွေနဲ့အတူ တရားကိုပဲ အားထုတ်နေချင်စိတ်တွေ ဖြစ်ရပြန်၏။

ကံကောင်းလို့ လူဖြစ်လာရခိုက် တရားကောင်းတွေကို ဆရာကောင်းနှင့်လည်း ကြုံခိုက်၊ ကိုယ်ရော, စိတ်ပါ ကျန်းမာနေခိုက် တစ်စိုက်မတ်မတ်အားထုတ်လိုက်မယ်ဆိုတဲ့ တက်ကြွစိတ်တွေ အလိုလိုဖြစ်လာကာ ဆက်လက်အားထုတ်မိရာ သမထပိုင်း၏ နောက်ဆုံးစတုတ္ထနည်း **"ငြိမ်းစေမည်"** ဟု ရှုနေရာမှ ငြိမ်းခြင်းကြောင့် ဖြစ်လာသော ချမ်းသာမှုကား တစ်ထိုင်မျှဖြစ်



ပေ‌ဘာ်လည်း မည်သည့်ချမ်းသာနှင့်မျှ မလဲနိုင်လောက်အောင် ပေကာင်းမှန်းသိလိုက်ရ၏။ ခံစားလိုက်ရ၏။

ရက်(၆၀)ပြည့်ဖို့ (၂၀)ရက်လောက် အလိုမှာတော့ ကမ္မဋ္ဌာန်းဆရာက ရက်(၄၀)မျှကြာအောင် ထူထောင်လာခဲ့သော သမာဓိအစွမ်းဖြင့် မိမိရဲ့စိတ်ကို ဟဒယနှလုံးဟူသော ရင်ချိုင့်မှာ ကပ်ထားစေကာ ခန္ဓာမှာပေါ်လာတိုင်းသော ဝေဒနာတွေကို ရှုနည်းအမျိုးမျိုးပေးကာ ဝိပဿနာ ဉာဏ်စဉ်အဆက်ဆက် ရှုခိုင်းပြန်၍ ရှုကြည့်မိရာ **"ဤအရာကား ရုပ်၊ ဤအရာကား နာမ်"** ဟူ၍ ကွဲပြားစွာသိရသလို၊ **"ပစ္စယပရိဂ္ဂဟ"** အတိတ်အကြောင်းတရားတွေကို ပေါင်းစည်းကာ ရှုနေခိုက် အတိတ်ဘဝ ဖြစ်စဉ်တွေ ပေါ်လာသည်ကိုလည်း တွေ့မြင်ရ၏။

မိမိသည် တိရစ္ဆာန်ဘဝတွေမှာသာ အဖြစ်များ၍ လူ့ဘဝမှာ အလွန်နည်းခဲ့သည်ကို တွေ့ရတော့ **"မနုဿတ္တ ဘာဝေါ ဒုလ္လဘော"**ဟူသော ဗုဒ္ဓ၏ စကားတစ်ခွန်းကို အကြွင်းမဲ့ ယုံကြည်မိပြီး ခန္ဓာမှာပဲ စိတ်ထားကာ ရှုကြည့်နေမိရာ ကျွန်ုပ်၏ တရားအားမထုတ်ခင်က စိတ်တွေ ပြောင်းပြန်ဖြစ်ကုန်ရတော့၏။

အဘယ့်ကြောင့်ဆိုသော် အသက်အရွယ်အားဖြင့် (၂၂)နှစ်သာ ရှိသေးသော ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို ပျိုမျစ်နုငယ်သန်မာနေသည်ဟု မှတ်ထင်ထားခဲ့၏။ စင်စစ်မှာကား အိုလာသည်၊ နာလာသည်ကိုတွေ့ရ၏။

www.burmeseclassic.com



ရုပ်တရားတွေ ဖြစ်,ပျက်နေသည်ကို သိရရုံသာမက ခန္ဓာကိုယ်ကြီး ဖုယောင်လာသည်ကိုလည်းကောင်း၊ ပိုးရွတွေ စားနေသည့်ကိုလည်းကောင်း၊ တစ်စစီ ရိရွဲပျက်ကြကုန်ကာ၊ အရိုးစုကြီးပဲကျန်၍ တစ်ဖြည်းဖြည်း ပျောက်ပျက်ကုန်သည်ကို လည်းကောင်း အားထုတ်ခဲ့သော သမထ၏အစွမ်းဖြင့် ရှင်းလင်း စွာတွေ့မြင်ရ၏။ တပ်မက်ဖွယ်မရှိ၊ ထောင်လွှားဖွယ်မရှိသည် ကိုတွေ့ရ၏။

**“သတိမမူ ဂူမမြင်၊ သတိမူက မြူကိုမြင်ရ၏”**ဆို သလို သတိထား ရှုကြည့်လိုက်တော့ နာကျဉ်မှုဝေဒနာတွေနဲ့ အတူ ခန္ဓာကြီးတစ်ခုလုံး အပူအခိုး, အငွေ့တွေ တစ်ဝုန်းဝုန်း နဲ့ လောင်နေသည်ကိုတွေ့ရ၏။

အလွန်ထိတ်လန့်ဖွယ်ကောင်းလှသလို စက်ဆုပ်ဖွယ် လည်းကောင်းလှ၏။ ခန္ဓာကိုယ်ကို အကြောင်းပြု၍ ဖြစ်နေခဲ့ သော ကျွန်ုပ်၏တပ်မက်မှု ၊ ထောင်လွှားမှု မာန်, မာနတရား တို့သည်လည်း ရှုနေရင်းပင်ရှက်လွန်း၍ ခေါင်းငိုက်စိုက်ကြ ကုန်၏။

အမှန်ကို မမြင်ရပဲ ကုန်လွန်ခဲ့သောအချိန်တို့ကို နှမြော စိတ်ဖြစ်ရ၏။ ကြည့်လိုက်တိုင်း ရှုလိုက်တိုင်း ရုပ်နာမ်တရားများ ဖြစ်တည်ပြီးရင် ပျက်ကုန်ရသည်ကို စာတွေ့မဟုတ်ဘဲ ကိုယ် တွေ့မြင်,သိနေရတော့ မြဲတယ်လို့ ထင်ထားသော အတွေးတွေ တက်တက်စင် လွဲနေသည်ဟုသိလိုက်ရ၏။



ဟိုနားက နာ၊ ဒီနားကနာနှင့် နာကျဉ်မှု ဝေဒနာတွေကို ပြန်ကြည့်ပြန်တော့လည်း ဆင်းရဲမှုအရှိန်အဟုန်ကား ပြင်းထန် လာ၏။ **“တော်ပါတော့”** လို့လည်း ပြော၍မရ၊ နာခြင်း သ ဘောကား နာနေလျက်ပင် ပျက်ချိန်တန်မှပျက်၍ သွားသည်ကို သည်းခံ၍ ရှုနေရ၏။ **“ဆင်းရဲပါလား၊ ငါ့ခန္ဓာကိုယ်ကို တောင် အစိုးမရပါလား”** ဆိုသော အသိတွေ ဖြစ်လာရသလို သူတစ်ပါးကို အစိုးရချင်နေမိသော မိမိရဲ့ စိတ်တွေလည်း အလို လို နောက်ဆုတ်ကုန်၏။

ကျွန်ုပ်သည် ကမ္မဋ္ဌာန်းဆရာအသီးသီး ရေးသားသော စာများကို ဖတ်ဖူးသလို ဟောကြားသော တရားများတော်ကို လည်း အခါအားလျော်စွာ နာဖူးပါ၏။ သို့သော် ဤကဲ့သို့ အသိ ဉာဏ် တစ်ခါမျှ မဖြစ်ဖူးပါ။ ခန္ဓာက ပြသောတရားကို ကိုယ်တိုင် လက်တွေ့နာကြည့်, ရှုကြည့်မိတော့မှ ယခင် သိထားသော သ ဘောတရားနှင့် ခန္ဓာက ပြသောတရားကား တခြားစီ ဖြစ်နေ သည်ကို သိလိုက်ရ၏။

သစ်ရွက်တစ်ရွက်၏ တန်ဖိုးကို တိုင်းရင်းဆေးဆရာ ကြီးများသိကြသလို တရားအားထုတ်မိရာမှရသော အသိဉာဏ် တစ်ခုရဲ့ တန်ဖိုးကို တရားအားထုတ်ဖူးသူများ သိရှိနိုင်ပါသည်။

ထိုအသိဉာဏ်လေး၏ တိုက်တွန်းမှုကြောင့်ပင် အစက နာရီဝက်မျှ ကြာလျှင်ထချင်နေမိသော ကျွန်ုပ်သည် အလွန်မုန်း ခဲ့သော ဝေဒနာတွေကို ပျက်သွားသည့်တိုင် သည်းခံကာ ရှုနေ ရင်း ငြိမ်းအေးမှုကို ခံစားလာရကာ တစ်နာရီ၊ နှစ်နာရီမျှ ထိုင်

www.burmeseclassic.com



နိုင်လာရုံသာမက ဝိပဿနာအသိဉာဏ်များ ဒီထက်မက ရင့်ကျက်လာလျှင်ကား ခန္ဓာကပြသော တရားကို များများနာနေလျက်ပင် နိဗ္ဗာန်ဟူသော ဟိုဘက်ကမ်းဆိုတာ ရောက်နိုင်ပါလားဆိုသော အသိအမြင်လေးများ အလိုလို ဖြစ်ပေါ်လာရ၏။

နေပူမှလာ၍ ရေဆာနေသော ခရီးသည်သည် ရေကို မသောက်ရသေးသော်လည်း ရှေ့မှာရေရှိသည်ကို သိရုံ, မြင်ရုံနှင့်ပင် ဝမ်းသာပီတိဖြစ်ရသလို ကိလေသာ အပူလမ်းမှာ လျှောက်လှမ်းနေရသော ကျွန်ုပ်သည်လည်း **"ကန္ဒီနည်းသမထ, ဝိပဿနာတရား"**ကို အားထုတ်မိရာမှ ခန္ဓာကပြသော တရားကို ရှင်းလင်းစွာ နာကြည့်ရှုကြည့်မိရာ နိဗ္ဗာန်ဟူသော ရေအေးအေးလေးကို မသောက်သုံးရသေးသော်လည်း ရှေ့နားမှာ ရှိသည်ဟု သိခဲ့ရ၍ အလွန်ပင် ဓမ္မပီတိဖြစ်ခဲ့ရပါ၏။

ဤ **"ကန္ဒီနည်းသမထဝိပဿနာတရား"** ကို မိမိသိရုံသာမက အခြားသူများလည်း သိပါစိမ့်သောငှာ ဟောပြော,ပြသပေးနေသော မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးနှင့် လက်ထောက်ကမ္မဋ္ဌာနာစရိယ **အရှင်ကေလာသ** (သာသနဓဇ ဓမ္မာစရိယ)အားလည်းကောင်း၊ အားထုတ်နေစဉ် ချမ်းချမ်းသာသာ အားထုတ်နိုင်ရန် ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး လိုရာလှူဒါန်းကြကုန်သော စေတနာရှင်များအားလည်းကောင်း၊ ဝေယျာဝစ္စပြုသူအပေါင်းတို့အားလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ,ချမ်းသာကြပါစေလို့ မေတ္တာများပို့သကာ -



ဤစာကို ဖတ်ရသူအားလုံး နေမဝင်ခင် ညောင်ညိုရိပ်မှာ ချွေးသိပ်ကြရင်း ခန္ဓာကပြသော တရားကို နာကြည့်, ရှုကြည့်နိုင်ကြကာ နိဗ္ဗာန်ဟူသော စမ်းရေ အေးအေးလေးကို သိရရုံတင်မကပဲ သောက်သုံးနိုင်ကြပါစေလို့ . . .

မေတ္တာများပွါးလျက် . . . . .

**အရှင်စန္ဒရ (မြိုင်)**
ဥယျာဉ်ပရိယတ္တိစာသင်တိုက်
ရန်ကင်းတောင်ခြေ
ပုသိမ်ကြီးမြို့နယ် ၊ မန္တလေး။
(ဓမ္မာစရိယတန်း)

www.burmeseclassic.com



# အေးစေငြိမ်းစေဘဝတွေ



ကျွန်တော်သည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ အရှေ့မြောက်ထောင့်ရှိ ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၆၈/၂ တရားပတ်တွင် တရားစခန်း ဝင်ခဲ့ပါသည်။ ကာလကတော့ ရက်(၆၀)ပေါ့။

ပထမငါးရက်တွင် အာ-ခြံခံကိုယ်စောင့် ကမ္မဋ္ဌာန်းဖြစ်သော ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘနှင့် မရဏာဿတိ ကမ္မဋ္ဌာန်းများ ပွားများရသည်၊ အခြေခံကောင်းရပြီးမှ အာနာပါနကမ္မဋ္ဌာန်း၌ ဂဏနာနည်းနှင့်, ဖုသနာနည်းနှစ်ခုကို ပေါင်းထားသော ဝါရေဝါရမှတ်သောနည်းနှင့် လေ့ကျင့်ရသည်၊ နည်းကောင်း၍ သမာဓိရလွယ်သည်။

ရက်အနည်းငယ်အတွင်းမှာပင် သမထအလင်းနိမိတ်ရရှိပြီး ကျောင်းတွင်းရှိ ဘုရားတန်ဆောင်းများ၊ မန္တလေးတောင်ဝန်းကျင်ရှိ ဘုရားများ-စသည် ဖူးမြော်ရပြီး သမာဓိပို၍ အားကောင်းလာသောအခါ အဝေးရှိဘုရားများကို ဖူးမြော်ရသည်။ မြန်မာပြည်အနှံ့ရှိ တန်ခိုးကြီးဘုရားများ၊ အိန္ဒိယ, သီဟိုဠ် (သီရိလင်္ကာ)စသော မြေပေါ်တွင် မျက်မြင်ထင်ရှားရှိသည့် ဘုရားများကို သမာဓိအလင်းနိမိတ်ဖြင့် ဖူးရသည်။



ထို့နောက် မျက်စိဖြင့် မမြင်တွေ့ရသော နဂါးပြည်မှစွယ်တော်ဌာပနာထားသောဘုရား၊ ငရဲပြည်တွင် ယမမင်း ငရဲသားများ စစ်ဆေးနေပုံနှင့် တာဝတိံသာ, ဗြဟ္မာ့ပြည်တို့မှ စေတီများကို ဖူးမြော်ရသည်။ မြောက်ကျွန်းသို့ပင် အလည်အပတ် ရောက်ရှိခဲ့သည်။

ဗြဟ္မာ့ပြည်၏ ဒုဿစေတီမှန်ထဲတွင် အတိတ်ဘဝ, အနာဂတ်ဘဝ, ပစ္စုပ္ပန်ဘဝတွေကို မြင်နိုင်သော မှန်သုံးချပ်ရှိသည်၊ မိမိအတွက်လည်း ကြည့်၍ရသည်၊ အခြားသူတွေအတွက်လည်း ကြည့်ပေး၍ရသည်။

သဏ္ဍာန်တူစွာ ဖူးမြော်ရသော မုနိငါးဆူကို တင်ပြချင်ပါသည်။ မန္တလေးမြို့မှ မဟာမြတ်မုနိ၊ နဂါးပြည်မှာ ဖူးရသော ရုပ်ပွားတော်၊ တာဝတိံသာ စူဠာမဏိစေတီထဲတွင်ရှိသော ရုပ်ပွားတော်၊ သိကြားမင်းဗိမာန်တွင် ကိုးကွယ်ထားသော ရုပ်ပွားတော်၊ ဗြဟ္မာပြည် ဒုဿစေတီတွင်းရှိသော ရုပ်ပွားတော်တို့မှာ မဟာမြတ်မုနိနှင့် သဏ္ဍာန်တူများဖြစ်သည်။ အရွယ်တော်နှင့် အရောင်တော်ပဲကွာသည်။

အာနာပါနသမာဓိကို ဘုရားများဖူးရင်း ရင့်သည်ထက်ရင့်အောင် လေ့ကျင့်ရသည်။ နိမိတ်ရင့်၍ သမာဓိကောင်းလာမှ ဝိပဿနာသို့ ကူးသည်။ သမထအားကောင်းသောကြောင့် ဝိပဿနာတွင် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မမြင်ချင်မှအဆုံး ဖြစ်သည်။ မိမိခန္ဓာကို ကြည့်တိုင်းမြင်၍, မြင်တိုင်းပျက်နေသည်။

www.burmeseclassic.com



ဝိပဿနာဉာဏ်စဉ် ကိုးခုပြီးမြောက်အောင် လေ့ကျင့်ပေးသည်။ ရက်ခြောက်ဆယ် အတွင်းမှာပင် ရှေ့ဆက်ရမည့် သံသရာခရီးအတွက် စိတ်၏အေးငြိမ်းမှုကို ရရှိခဲ့သည်။ လက်ရှိဘဝ၏ ကျန်သောအချိန်နှင့် နောင်အနာဂတ် ဘဝတွေအတွက် အေး၍ငြိမ်းစေသော ရန်ကင်းအေးငြိမ်းရိပ်သာကို ပီတိမျက်ရည်များနှင့် နှုတ်ခွန်းဆက်အပ်ပါသည်။

မှတ်ချက်။ ။ တရားနည်းပြဆရာတော် ဦးကေလာသ, ရိပ်သာ ကြီးကြပ်ရေးအဖွဲ့ ဦးသိန်းအောင်, ဆရာဦးမြင့်နိုင်, ဆရာဦးပြုံး-ဓမ္မလုပ်သားများနှင့် စားဖိုမှူးတို့ကို အထူးပင်ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးချိန်ဝမ်း**

တဆင့်/ ဒေါ်ဝမ်းပပဝင်း (ဇီဝဗေဒ)

အမှတ် (၄၇၉) ၇၃-လမ်း × ၃၈-လမ်းနှင့် ပေါင်းလဲတိုက်ကြား

မန္တလေးမြို့။



## မူရင်းကောင်း၍မိတ္တူကောင်းခြင်း



**ဒါနနည်းတော့ မွဲတတ်သည်။**
**သီလနည်းတော့ အသက်တိုမည်။**
**ဘာဝနာနည်းတော့ စိတ်ဆင်းရဲမည်။**
**ဝိပဿနာနည်းတော့ နိဗ္ဗာန်နှင့်ဝေးမည်-**

ဆိုသည်ကို ကျွန်တော် အသက် ၁၄-၁၅နှစ်သားကပင် သိရှိခဲ့၍ မိရိုးဖလာ အသိစိတ်ဓာတ်ဖြင့် လိုက်နာကျင့်သုံးခဲ့ပါသည်။

အသက်ကလေး တော်တော်ရလာတော့ လေးနက်သော အသိစိတ်ဓာတ်ဖြင့် ဒါနကို နိဗ္ဗာန်ရည်မှန်း လှူဒါန်းရမည်ကို လည်းကောင်း၊ သီလဆောက်တည်မှုကိုလည်း ကာယကံထိန်းသိမ်းရမှု၊ ဝစီကံထိန်းသိမ်းရမှု အလုပ်ပါလား-ဆိုသည်ကို သိရှိလိုက်နာ ကျင့်သုံးလာခဲ့မိပါသည်။

ကျွန်တော် ယခုအသက် (၆၈)နှစ် ရှိခဲ့ပါပြီ၊ အသက်မွေးဝမ်းကြောင်းမှုတွင် သက်တောင့်သက်သာ စားသောက်နေထိုင်နိုင်ပါသည်။ အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဒါနကံနှင့် သီလကံတို့ အကျိုးပေးကြောင့်-ဟု ယုံကြည်ပါသည်။

ဘာဝနာနည်းတော့ စိတ်ဆင်းမည်-ဆိုသည်ကို သမထ-ဟု ကျွန်တော် သဘောပေါက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဘုရားမှန်မှန်ရှိခိုးခြင်း၊ နေ့စဉ်ပရိတ်ကြီး (၁၁)သုတ် ရွတ်

www.burmeseclassic.com



ဖတ်ခြင်း၊ ဝါတွင်းတိုင်း ယနေ့တိုင် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်, ပဋ္ဌာန်းဒေသနာအကျဉ်း, အကျယ်တို့ကို ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့, အမျှဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။ သို့ပါ၍ အသင့်အတင့်တော့ စိတ်ချမ်းသာခဲ့ရပါသည်။

အခြားသော သမထ ကျင့်စဉ်တွေကတော့ ဒို့နှင့်မဆိုင် ဘိုးတော်, မယ်တော်တွေအလုပ်, ဂိုဏ်းသမားတွေရဲ့အလုပ်၊ စူဠဂန္ဓာရီ, မဟာဂန္ဓာရီလိုင်း လိုက်သူတွေရဲ့အလုပ်၊ အကြားအမြင်နဲ့ အသက်မွေးတဲ့ ဗေဒင်ယတြာ ဆရာသမားတွေရဲ့ အလုပ်၊ ဝိပဿနာနဲ့ မပတ်သက်ဆိုပြီး မလေ့လာဘဲ နေမိခဲ့၍ သမထဘာဝနာ အလုပ်နှင့် ကင်းဝေးခဲ့ရပါသည်။

ကျွန်တော်သည် ဝိပဿနာအလုပ်ကို နှစ်ပေါင်း (၃၀) ကျော် ကျင့်ကြံပွားများခဲ့ပါသည်။ (၁၀)ရက်စခန်းများသာ အဝင်များခဲ့ပါသည်။ ကျွန်တော်သည် အသက် (၆၀)နှစ် ပြည့်၍ (2000)ပြည့်နှစ်ကပင် ပင်စင်ယူခဲ့ပါသည်။ (2000)ပြည့်နှစ်ကစ၍ ယနေ့တိုင် ရိပ်သာကြီးငယ်တို့တွင် ဝင်ရောက်ပြီး လနှင့်ချီ၍ တရားအားထုတ်ခဲ့ပါသည်။

မိမိတရားအသိကို ပြန်လည် သုံးသပ်ကြည့်သောအခါ သုတမယပညာ, စိန္တာမယပညာကပင် မတက်သေးကြောင်း တနေ့တခြား သိရှိလာပါသည်။ ယခု အသက် (၆၈)နှစ် ရောက်လို့မှ အပါယ်လွတ်တရားကို မသိရသေးရင်တော့ ဒုက္ခဘဲ၊ သာသနာတွင်း လူဖြစ်ရကျိုး နပ်တော့မှာ မဟုတ်ဘူး၊ ဒုက္ခပါပဲ-ဆိုပြီး ကူမယ့်ဆယ်မယ့်သူကိုသာ အာသာငင်ငင်ဖြင့် မျှော်လင့်နေမိပါတော့သည်။



ထိုသို့ အားငယ်နေစဉ် (၂၀၀၆)ခုနှစ်၊ ဧပြီလက ကိစ္စတစ်ခုနှင့် ရန်ကုန်ရောက်စဉ် အပေါင်းအသင်းများနှင့် ဝိပဿနာရေး ဆွေးနွေးကြရင်း မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဒဿနပါရဂူကျမ်းအကြောင်း ဆွေးနွေးခဲ့ရပါသည်။ အဲဒီကျမ်းစာအုပ် အမှာစာတွင် ဓမ္မာစရိယဦးဌေးလှိုင်က အောက်ပါအတိုင်း အမှာစာ ရေးထားသည်ကို တွေ့ရှိရပါသည်။

ဓမ္မာစရိယဦးဌေးလှိုင်က မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ကန္တိနည်းဥပနိဿယ အာနာပါနသမထ,ဝိပဿနာ ရက်(၆၀)တရားစခန်းသည် လွန်စွာမှ ထိရောက်မှုမြန်ဆန်သည့်တရားစခန်းဖြစ်ကြောင်း အသက်ကြီးသူများနှင့်အလွန်ပင်သင့်ကြောင်း၊ ပြသမှုမှာလည်း လွယ်ကူထိရောက်ကြောင်း၊ ဝိပဿနာသက်သက် ကျင့်သောသူသည် ပင်လယ်ခရီးကို လက်ပစ်ကူးသွားသောသူပမာ ပင်ပန်းဆင်းရဲကြောင်း၊ သမထကျင့်ပြီးမှ ဝိပဿနာကျင့်သောသူသည် ပင်လယ်ခရီးကို လှေ သင်္ဘောတို့ဖြင့် သွားသောသူပမာ လွယ်ကူကြောင်း ရေးထားသည်ကို တွေ့ရသဖြင့် အားတက်ပြီး စုံစမ်းမေးမြန်း၍ ဤရန်ကင်းအေးငြိမ်းရိပ်သာ-သို့ ရောက်ရှိခဲ့ပါသည်။

ကျွန်တော်သည် ဤရိပ်သာ၌ ၁၃၆၈-ခုနှစ်၊ ဝါဆိုလပြည့်နေ့မှ တော်သလင်းလပြည့်နေ့အထိ ရက်(၆၀)တရားစခန်းကြီးကို ဝင်ရောက်အားထုတ်ခဲ့ပါသည်။ ရိပ်သာ၏ ကမ္မဋ္ဌာနာစရိယဆရာတော်ဦးကေလာသ ပြသသည့်အတိုင်း လိုက်နာကျင့်ကြံ

www.burmeseclassic.com



ပွားများခဲ့သဖြင့် သမထဘာဝနာ နိမိတ်ဖြင့် -

* ဘုရားစုံ ဖူးခွင့်ရခြင်း။
* ရှေ့ဘဝ, နောက်ဘဝတွေကို သိရခြင်း။
* ခံစားနေရသော ရောဂါကြီးငယ်များ ပျောက်ကင်းသက်သာခြင်း။
* ဝိပဿနာပိုင်းတွင်လည်း ရုပ်အကြောင်း,နာမ်အကြောင်း ဖြစ်ပျက်အကြောင်း-စတဲ့ ဉာဏ်စဉ်တွေကိုလည်း ယခင်လို သုတမယပညာ, စိန္တာမယပညာတို့ဖြင့် သိသည်မဟုတ်ပါဘဲ ကိုယ်တွေ့ဉာဏ်မြင်ဖြင့် သိခွင့်ရသဖြင့် အကျေနပ်ကြီးကြေနပ်ကာ ငါတော့ အပါယ်လွတ်ပေါ့-ဟု ဆုံးဖြတ်နိုင်ခဲ့ပါသည်။

ကျွန်တော် ဤသို့အကျေနပ်ကြီး ကျေနပ်ခဲ့ရခြင်းမှာ ဗုဒ္ဓမြတ်စွာ၏ တရားစစ်တရားမှန်ဖြစ်ခြင်း၊ ပြသပေးသည့် ဆရာတော်မှာလည်း ကိုယ်တိုင်ကျင့်, ကိုယ်တိုင်ပွားပြီးမှ နိုင်နင်းစွာ ပြသနိုင်သဖြင့် ကျွန်တော် တရားရခဲ့ခြင်းဟု ယုံကြည်မိပါသည်။ တနည်း မူရင်းကောင်း၍ မိတ္တူကောင်းခြင်းပင်။

ကျွန်တော်ကဲ့သို့ နှစ်ပေါင်းများစွာ ကျင့်ကြံပါလျက် ဝိပဿနာပညာ မရရှိကြဘဲ သုတမယပညာ, စိန္တာမယပညာလောက်ဖြင့် သံသရာကျင်လည်နေကြသော ဓမ္မမိတ်ဆွေအပေါင်းသူတော်ကောင်းတို့ ရက် (၆၀) တရားစခန်း ဝင်ရောက်အားထုတ်ခြင်းဖြင့် သမထ,ဝိပဿနာ တရားထူးတွေကို ပေါက်မြောက်အောင်မြင်အောင် ပြသပေးနေသော ပုသိမ်ကြီးမြို့နယ်၊



ရန်ကင်းတောင်ခြေ-မှ ရန်ကင်းအေးငြိမ်းရိပ်သာသို့ အမြန်သာလျှင် သွားကြပါတော့ . . . သွားကြပါတော့ . . . အင်မတန်မှ ထူးခြားလွန်း၍ တိုက်တွန်းနေခြင်းပါ။

ဦးတင်ရည်
လယ်ဝေးမြို့
ဖုံး ၀၆၇-၃၀၂၅၂

www.burmeseclassic.com



## သံသရာခရီးကိုတိုစေသော
## အေးငြိမ်းရိပ်သာမှဓမ္မရသထူး



ယခုအပတ် တရားစခန်း ဝင်ဖြစ်ခဲ့ပုံမှာ ထူးခြားသော နိမိတ်ထူးဖြင့် စခဲ့သဖြင့် အတွေ့အကြုံများ တင်ပြရာတွင် မှတ်တမ်းတင် ဖြစ်စေရန် ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ပြုစေချင်ပါသည်။

### အဓိဋ္ဌာန်အောင်မြင်ခြင်း

၂၀၀၆-ခုနှစ်၊ ဇန္နဝါရီလထဲတွင် အဓိဋ္ဌာန်တစ်ခု တင်ခဲ့ပါသည်။ ဝါဆိုလပြည့်နေ့အတွင်း အဓိဋ္ဌာန်အောင်မြင်ရပါလို၏။ နေ့စဉ်မည်သည့် သီလများ ဆောက်တည်ပါမည်။ မြေဇင်းတောရဆရာတော်ကြီး၏ သာဝကမှန်ပါလျှင် တရားအားထုတ်ချိန် ရောက်ပြီဖြစ်ပါက အဓိဋ္ဌာန်အောင်ပြီး တရားစခန်း ဝင်ရောက်နိုင်ရပါလို၏-ဟုဆိုကာ ပြုခဲ့သော ကောင်းမှုများအား တိုင်တည်၍ သစ္စာဆိုလိုက်ရာ နေပူပူအချိန် မိုးတွင်းမဟုတ်ဘဲ မိုးကြိုးတချက် ပြင်းထန်စွာပစ်ပြီး မိုးရွာချခဲ့ပါသည်။

အဓိဋ္ဌာန်သီလများ (၆)လလုံး ဆောက်တည်ခဲ့ရာ ဇွန်လ (၁၆)ရက်နေ့တွင် ၉၀%မဖြစ်နိုင်သော အဓိဋ္ဌာန်ကိစ္စအောင်မြင်ပြီး မိမိခေါင်းပေါ်ရှိသော ဝန်ထုတ်ဝန်ပိုးတစ်ခု ပေါ့သွားကာ



ယခုကဲ့သို့ တရားစခန်းအား ကြောင့်ကြကင်းစွာ ဝင်ရောက်အားထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

### သီကြားပေးသောဆေး၊ သမားပေးသောဆေး၊ တရားပေးသောဆေး

(၆)လတိုင် ကြိုတင်သီလ ဆောက်တည်ခဲ့၍လားမသိပါ။ စခန်းဝင်၍ ဂုဏ်တော်ပွားသည်နှင့် နိမိတ်များ ရခဲ့ပါသည်။

စခန်းစသည်မှ (၄)ရက်အတွင်း ပရုတ်ဆီ(၁)ဗူး ကုန်အောင် ညောင်းခဲ့သော အညောင်းရောဂါမှာ (13-7-2006)နေ့ခင်း (၂)နာရီတွင် မခံမရပ်နိုင်ဖြစ်လာ၍ သာသနာစောင့်နတ်မင်းများအား တိုင်တည်အကူအညီတောင်းရာ ချက်ချင်းယူပစ်သလို ပျောက်သွားခဲ့ပါတော့သည်။ သိကြားပေးသော အစွမ်းဟု မှတ်တမ်းတင်မိပါ၏။

ပဲဟင်းဖောက်, နားဖောက်နှင့် လိုင်းစားဖြတ်စား သခ်ႋးစာတွင် နိမိတ်ဖြင့် ကုသလိုက်ရာ ယခုအချိန်ထိ ဆေးမသုံးရတော့ပဲ အမြစ်ပြတ် ပျောက်သွားပါသည်။ တရားပေးသော ဆေးအစွမ်းပါတကား။

### နိမိတ်ဖြင့် ဘုရားစုံ ဖူးမယ်

နိမိတ်ကို အနီး,အဝေး၊ အကြီး, အသေး စေလိုရာစေလွှတ်နိုင်သောအခါ မြန်မာပြည်ဘုရားစုံ၊ ဗုဒ္ဓဂယာဘုရားများ၊ နတ်ပြည်စူဠာမဏိဘုရား၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာဗိမာန်၊ က

www.burmeseclassic.com



သစ်ပင်၊ ဖြဟ္မာ့ပြည်ဒုဿစေတီ၊ နဂါးပြည်၊ ငရဲပြည်၊ မြောက်ကျွန်း(ပဒေသာပင်)စသည်တို့အား ဖူးစေပါသည်။

ဒေသနာတော်တွင် နေမိမင်းကဲ့သို့ ဘုန်းရှင်ကံရှင်ပုဂ္ဂိုလ်များသာ ရောက်နိုင်တွေ့နိုင်ခဲ့သော နေရာများသို့ ရိပ်သာဝင်ယောဂီ ၈၀%မှာ ဗီဇာမလိုပဲ ဖူးခွင့်ကြုံခဲ့ကြသည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။

မြတ်စွာဘုရား၏စွယ်တော်၊ ဆံတော်၊ မွေးရှင်တော်နှင့် မင်းမြောက်တန်ဆာ ငါးပါးတို့အား အနီးကပ်ဖူးနိုင်ဖို့ စိတ်ကူးတောင် မကူးမိပါ။ ယခုတရားအစွမ်းဖြင့် ဖူးနိုင်ခဲ့ပါပြီ။ လူဖြစ်ကျိုးနပ်ခဲ့ပါပြီ။ ဆရာတော်ကြီးများ ကျေးဇူးပါတကား။

မြောက်ကျွန်းပဒေသာပင်မှာ ကြီးမားသော အရိပ်ကောင်းသည့် သစ်ပင်ကြီးဖြစ်ပါသည်။ ဘာပစ္စည်းမှ ချိတ်မထားပါ။ စိတ်ညွှတ်၍ အလိုရှိရာတောင့်တကြည့်လိုက်ရာ ကိုင်းများညွှတ်ပြီး လက်ဝယ်အရောက်ပေးခဲ့သည်ကို တွေ့ခဲ့ရပါသည်။

ငရဲပြည်တွင် အဇာတသတ် ငရဲခံရပုံနှင့် အခြားငရဲခန်း(၃)မျိုးခန့် လေ့လာခဲ့ပါသည်။

## ဘယ်ကလာသလဲ၊ ဘယ်တော့သေမလဲ၊ ဘယ်ကိုသွားမလဲ

ဗြဟ္မာ့ပြည် ဒုဿစေတီတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကြေးမုံ (၃)ချပ်ကို ကြည့်ခဲ့ရာ-အတိတ် (၆)ဘဝ၊ ယခုဘဝနှင့် အနာဂတ် (၃)ဘဝကို မြင်ခဲ့ရပါသည်။ ပစ္စယပရိဂ္ဂဟဉာဏ်တွင် အတိတ် (၁၄)ဘဝအထိ ကြည့်ဖြစ်ခဲ့ပါသည်။ သံဝေဂရပြီဖြစ်၍ ဆက်မကြည့်တော့ပါ။ ထူးခြားသည်မှာ နှစ်ကြိမ်တွေ့ရမှုသည် တစ်ထပ်တည်း ဖြစ်နေခြင်းပင်။

ဂေါတမဘုရားပွင့်စဉ် ဆွမ်းလှူနေသော ကုလားသူဌေးကြီး ဘဝမှစ၍ နောက်ဆုံးတောမှီရဟန်းအထိ ဖြစ်ရသောဘဝများအား ရုပ်ရော အဖြစ်အပျက်များပါ TV ကြည့်ရသလို ထင်ထင်ရှားရှား မြင်ရပါသည်။ ထူးခြားသည်မှာ ယခုဘဝ အသက်ကို အခေါင်းဖြင့် ပြခဲ့ပါသည်။ ဦးသိန်းလွင် အသက်(၉၃)နှစ်ဖြစ်ပါသည်။

မှတ်တမ်းအဖြစ် ကျန်ဘဝများမှာ - နတ်သား(၂)ဘဝ၊ ရုက္ခစိုး (၁)ဘဝ၊ ရှင်ဘုရင် (၃)ဘဝ၊ မြို့စား (၁)ဘဝ၊ စစ်သူကြီး(၁)ဘဝ၊ မင်းသမီး (၁)ဘဝ၊ နဂါး (၁)ဘဝ၊ သိုက်(၁)ဘဝ၊ ကြောင် (၁)ဘဝ-စသည်ဖြင့် (၁၄)ဘဝ ဖြစ်ပါသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရတို့၏ စီမံမှုကြောင့် ကျင်လည်ရသော ဘဝများကို ကြည့်၍ သံဝေဂ ရမိပါသည်။

အနာဂတ်ကြေးမုံပြင် မြင်ရသည်မှာ နတ်သားဘဝပြီး ဗြဟ္မာဘဝနှင့် ဘုရားရှင်ရှေ့တွင် ရုပ်နာမ်မရှိသော အနေအထားဖြင့် မိမိရောက်ရှိနေသည်တို့ကို မြင်တွေ့မိပါသည်။

## စိတ်ပေါ်ဝေဒနာပျောက်ကင်း

ရုပ်နာမ်တို့၏ မမြဲသောဖြစ်ပျက်ကို ဦးခေါင်း၊ ဆံပင်၊ ဦးကျောက်မှစ၍ မျက်စိ၊ နှာခေါင်း၊ နားရွက်၊ သွေးကြောများ၊

www.burmeseclassic.com



အဆီပြင်၊ အကြောဆိုင်၊ နှလုံး၊ အဆုတ်၊ အူနှင့်ကလီစာအစာစုံတို့ကိုလည်းကောင်း၊ အရိုးစုကြီးကိုလည်းကောင်း၊ တခုစီတို့၏ ဖြစ်ပြီးပျက်နေမှုကို ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရသဖြင့် သူ့သဘောနှင့်သူ ဖြစ်ပျက်နေကြသော ရုပ်နာမ်ဓမ္မများသာပါတကား၊ ငါမဟုတ်ပါတကားဟု သိခွင့်ရခဲ့ပါသည်။

နောက်ပိုင်းဉာဏ်စဉ်များတွင်လည်း အပျက်ကိုအမှုံများ၊ အလင်းမှုံများ-အားဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်၏ ဝေဒနာဖြစ်ပျက်များကိုလည်းကောင်း ဉာဏ်စဉ်အလိုက် တွေ့မြင်ခဲ့ရပါသည်။ မိမိ၏ ခန္ဓာအာ းရှေ့တည့်တည့် ခွဲပြ၍တရားများပြသည်ကို တွေ့မြင်နိုင်ခဲ့ပါသည်။ တခါမျှ မတွေ့ဘူးသော နိမိတ်ထူး တရားထူး များ ဖြစ်ပါတော့သည်။

**တိုက်ဆိုင်သောထူးခြားမှုများ**

လွန်ခဲ့သောနှစ်ပေါင်းများစွာက သက်ဆိုင်ရာပုဂ္ဂိုလ်စောင့်များ နိမိတ်ဖတ်ပြောကြားခဲ့သည်များ၊ အဓိဋ္ဌာန်(၆)လအတွင်း ဖတ်ခဲ့သော အိပ်မက်များသည် အံ့ဩစရာကောင်းလောက်အောင် နိမိတ်အလင်းမှ တွေ့ရသည်များနှင့် တထပ်တည်း ကျနေပါတော့သည်။

မည်သို့ပင်ဆိုစေ၊ ယခု(၂)လသည် ကျွန်ုပ်၏ တစ်ဘဝတာလုံး၊ တစ်သံသရာလုံးတွင် လူဖြစ်ရကျိုး အနပ်ဆုံးကာလ-ဟုဆို ရပေတော့မည်။

ဤကျေးဇူးများကား - ကန္တီဆရာတော်ဘုရားကြီး၊ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၊ ဆရာတော်



ဦးကေလာသ, ဦးသုမင်္ဂလနှင့် ဆရာကြီးဦးဌေးလှိုင် အမှူးပြုသော ရန်ကင်းအေးငြိမ်းရိပ်သာ ထူထောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသော ဦးသိန်းအောင်, ဦးမြင့်နိုင်အမှူးပြုသော ဂေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ အလှူရှင်, အလှူအမများ၊ စာအုပ်လက်ဆောင်ပေးသော ညီငယ်ကိုလိမ္မော်နှင့် တရားထိုင်စဉ် အိမ်ကိစ္စတာဝန်ယူပေးသော ဇနီးသည်တို့၏ ကျေးဇူးပင် ဖြစ်ပါတော့သည်၊ ရိပ်သာတွင် နေထိုင်မှု၊ စားသောက်မှုမှအစ ဘာမှလိုလေသေး မရှိအောင် ပြည့်စုံပါသည်။

*ကျေးဇူးဂုဏ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ,*

*ကျမ်းမာ, ချမ်းသာကြပါစေ...။*

[1-9-06]-နေ့တွင် မြေဇင်းတောရဆရာတော်ကြီး ခန္ဓာဝန်ချသွားပါပြီ၊ သီလယူရာတွင် မျက်ရည်လည်မိပါ၏၊ ဆရာတော်ဦးကေလာသ-ဦးဆောင်သော "ရန်ကင်းအေးငြိမ်းရိပ်သာ" ကျန်ရှိနေခဲ့သည်မှာ နှောင်းလူတို့အတွက် ကံကောင်းလေစွ၊ ဝိုင်းဝန်းသာသနာ ပြုကြပါစို့။]

**ဦးသိန်းလွင်**
MYA.142535
၂၈-ကြခ်ငးလမ်း၊ (၆)လွှာ/ရင်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
c/o Ph:720748

www.burmeseclassic.com



# ဖြန်းဖြန်းကွဲ နဖူးတွေ့၊ ဒူးတွေ့



ဆရာတော်ဦးကေလာသသည် ယခင်တချိန်က ရောဝတီတိုင်း၊ ဝါးခယ်မမြို့၊ ဘုရားကြီးကျောင်းတိုက်ဝင်း အတွင်းရှိ အောင်မြင်ဗောဓိ (အရှေ့)ကျောင်းတွင် သီတင်းသုံးတော်မူသော ချွန်းစုဆရာတော် (ဘဲကျောင်းဆရာတော်)၏ မြေးတော်သူဖြစ်ပြီး ဆရာတော်ကြီးကိုအကြောင်းပြု၍ ဆရာတော် ဦးကေလာသကို သိကျွမ်းဖူးတွေ့ခွင့် ရခဲ့ပါသည်။ ဆရာတော် ဦးကေလာသကို အကြောင်းပြု အားကိုး၍လည်း ရန်ကင်းအေး ငြိမ်းရိပ်သာတွင် တရားရိပ်ခိုလှုံခွင့် ရခဲ့ပါသည်။

ကျေးဇူးရှင် ဆရာသခင်ဖြစ်တော်မူသော ဆရာတော် ဦးကေလာသ၏ သွန်သင်ညွှန်ပြ ဆုံးမပဲ့ပြင်မှုအောက်တွင် ကန္နီနည်း၊ မောင်းထောင်မြေဇင်းတောရဆရတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း သမထ-ဝိပဿနာတရားများကို မျက်ဝါးထင်ထင် နဖူးတွေ့၊ ဒူးတွေ့ ဖြန်းဖြန်းကွဲ ကျင့်ကြံ ရှုမြင်ခွင့်ရခဲ့ပါသည်။

ဝင်ငွေအတော်အတန်ကောင်းသော ကိုယ်ပိုင်ဆေးခန်း၊ အောင်မြင်မှုရရှိနေ၊ အသားကျနေပြီဖြစ်သော မိမိ၏စီးပွားရေးကို ကျောခိုင်း၊ မိမိကိုအားကိုးတကြီးနဲ့ စောင့်ဆိုင်းနေရှာကြ



သော လူနာတွေ၊ မိမိအလွန်ချစ်သော သမီးကလေးကို ခေတ္တမေ့ထားခဲ့ပြီး ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းကို ဇွတ်မှိတ်ဝင်ရောက်ခဲ့ပါသည်။ ယခင်က(၇)ရက်၊ (၁၀)ရက်၊ ရက်(၂၀)တန်သည် လူဝတ်, ရဟန်းဝတ်ဖြင့် စခန်းဝင်တရားအားထုတ်ဖူးသော်လည်း ရက်(၆၀) (၂)လကြာအောင် တခါမျှ အားမထုတ်ဖူးခဲ့ပါ။

မိမိစွန့်လွှတ်ခဲ့သမျှတွေကို ကာမိအောင် ရိပ်သာတွင် အချိန်ကုန်မခံဘဲ တရားကိုသာ တစိုက်မတ်မတ် အားထုတ်မည်ဟု စိတ်ဆုံးဖြတ်၍ ဗုဒ္ဓါနုဿတိမှအစ, သမထ အလယ်, ဝိပဿနာအဆုံး အချိန်ရတိုင်း ကိုယ့်အခန်းတွင်ကိုယ် အားထုတ်ခဲ့ပါသည်။

လူ့ဘဝတွင် အလွန်ရခဲလှသော သမထ-ဝိပဿနာတရားများကို ယခင်မမြင်မတွေ့ဘူးခဲ့သော တရားအသိ, ဉာဏ်အသိများ တန်ဖိုးမဖြတ်နိုင်သော အနဂ္ဃပတ္တမြားကြီးကို ပိုင်ဆိုင်သည်ထက်ပင် မြင့်မြတ်, တန်ဖိုးရှိသော အတွေ့ထူး၊ အသိထူးများကို ရယူပိုင်ဆိုင်ခဲ့ပါပြီ။ မိမိကိုယ်မိမိလည်း အလွန်ကျေနပ်အားရမိပါသည်။ ယခင်တရားအားထုတ်ခဲ့စဉ်က မရရှိ၊ မတွေ့သိခဲ့ရသော အတွေ့အကြုံများကိုလည်း ပြောမပြတတ်အောင် တွေ့ကြုံခံစားခဲ့ရပါသည်။

(၁) စိတ်ရောက်လျှင် နိမိတ်ရောက်သည်။
(၂) စိတ်ကြည်ရင် နိမိတ်ကြည်သည်။
(၃) စိတ်ကြည်ရင် မြင်ကွင်းကြည်သည်။

www.burmeseclassic.com

www.bu...seclassic.com



## (၄) မူရင်းကောင်းမှ မိတ္တူကောင်းမည်။

စသည်ဖြင့် ဆရာတော် အရှင်ကေလာသ၏ ဆုံးမသွန်သင်မှုဖြင့် မိမိနိမိတ်ကို ပို့လွှတ်ပြီး . . .

(၁) ရန်ကင်းတောင်၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်ပေါ်ရှိ ဘုရားစေတီများ။

(၂) မန္တလေးမြို့နယ်တဝိုက်၊ အမရပူရမြို့နယ်တဝိုက်၊ စစ်ကိုင်းမြို့နယ်တဝိုက်၊ မုံရွာမြို့နယ်တဝိုက်။

(၃) အလောင်းတော်ကဿပ၊ ပုဂံညောင်ဦးနယ်မြေတဝိုက်၊ အင်းလေးဖောင်တော်ဦး၊ ရန်ကုန်မြို့တဝိုက်ရှိ ဘုရားစေတီများနှင့် ကျိုက်ထီးရိုးစေတီတော် - စသည့် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ရပါသည်။

ထို့ပြင် . . .

(၁) အိန္ဒိယနှင့် သီဟိုဠ်ပြည်၌ရှိသော မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်၊ ဥာပနာတော်များ တည်ရှိရာ ဘုရား၊ ပုထိုးများ။

(၂) တာဝတိံသာ၌ရှိသော စူဠာမဏိစေတီ (စွယ်တော်) ပယ်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၊ သုဓမ္မာဇရပ်နှင့် ဝေဇယန္တာဗိမာန်။

(၃) အဟာနိဋ္ဌ ဗြဟ္မာ့ပြည်၌ရှိသော ဒုဿစေတီ (ဝတ်လဲတော်)စေတီ။

(၄) ဘောဂဝတီ နဂါးပြည်ရှိ စွယ်တော်၊ ဓာတ်တော် ဥာပနာတော်များ။



(၅) မြောက်ကျွန်းရှိ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားအပေါင်းတို့၏ လူနေမှု-စသည်ဖြင့် ဘုရား၊ စေတီ၊ အဆောက်အဦးများနှင့်တကွ အတွင်းရှိ ဓာတ်တော်၊ မွေတော် ဥာပနာတော်များ အစောင့်အရှောက်များကိုပါ တစ်ထိုင်တည်း နေမပူမိုးမထိဘဲ ဖူးတွေ့မြင်ခဲ့ရပါသည်။

မိမိ အလွန်အားရကျေနပ်မိသော အပိုင်းမှာ ဝိပဿနာအတွေ့အကြုံ ဖြစ်ပါသည်။ လာတုန်းကလည်း ဝိပဿနာပိုင်းကို ပို၍အလေးပေး ကျင့်ကြံမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဝိပဿနာ မရောက်ခင် ကျန်းမာရေးအတွက် အရေးပါသော . . .

(၁) တတိယနည်း၊ (၅-တောင်အောက်စသည်)

(၂) ပါးထွက်၊ နားထွက်

(၃) လိုးစား-ဖြတ်စား လေ့ကျင့်ခန်းများ အရေးပါပုံကိုလည်း သိခဲ့ရပါသည်။

<u>"ပေါ်ရာ၊ ပေါ်ရာ ရှုမှတ်တာ (ကြည့်တာ)ကို ဝိပဿနာ"</u> လို့ ဆရာတော်ဦးကေလာသက သွန်သင်ဆုံးမတဲ့အပြင်၊ မိမိ၏ စိတ်ကလေးကို နှာသီးဝမှနေ ရင်ဝ (ရင်ညွန့်)သို့ ပြောင်းရှုရပါသည်။ မိမိ၏စိတ်ကို ရင်ဝ (ရင်ညွန့်)၌ထားလျက် "ရုပ်၊ ရုပ်၊ ရုပ်" တဖန် "သိသည်၊ သိသည်" ထို့နောက် "အနိစ္စ၊ အနိစ္စ၊ အနိစ္စ" စသည်ဖြင့် ပွားများရပါသည်။

ရင်ဝသို့ စိတ်ကို ပြောင်းရှုသည်နှင့် တပြိုင်နက် မိမိ၏ ရင်ဝ၌ (STHETHOS COPE) နားကြပ်နှင့်ထောက်ပြီး နားထောင်သကဲ့သို့ "ဒုတ်၊ ဒုတ်၊ ဒုတ်" ဟု ခံစား ကြားသိရပါသည်။

www.burmeseclassic.com



ထို့နောက် "ဒုတ်, ဒုတ်" ဟု တစ်ချက်ခြင်း ခုန်နေရာက နှစ်သံ (နှစ်ချက်)စီ၊ "ဒုတ်, ဒုတ်" "ဒုတ်, ဒုတ်" ဟု ပီသစွာ ကွဲပြားလာပါသည်။ နှစ်သံကွဲရာတွင် ပထမ "ဒုတ်" သံက ပိုကျယ်ပြီးတော့ ဒုတိယ "ဒုတ်" သံက နည်းနည်းတိုးပါသည်။ ရင်ဝကြီးကို ခါးနှင့်ခွဲပြီး နှစ်ခြမ်းဖြဲသလို မိမိ၏ နှလုံးသားကြွက်သားများ (CARDIAC MUSCLES), နှလုံးအတွင်းရှိ အခန်းများ (CARDIAC VALVES), လှုပ်ရှားဖွင့်ပိတ်နေပုံကို တအံ့တသြ မြင်တွေ့ရပါသည်။

ဦးခေါင်းဘက်ကို သွေးစီးသွားပုံ လက်မောင်းကို သွေးစီးသွားပုံ၊ ခန္ဓာကိုယ် အလယ်ပိုင်းနှင့် အောက်ပိုင်းသို့ သွေးစီးဝင်လည်ပတ်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်။ မိမိရင်ခေါင်းတွင်းရှိ အဆုတ်များ (LUNGS), ဝမ်းခေါင်းအတွင်းရှိ အစာအိမ် (STOMACH), အူမကြီး (LARGE INTESTINE), အူသိမ် (SMALL INTESTINE)စသည်တို့ကို လက်ရှိမူလအနေအထားအတိုင်း (IN VIVO)သွေးသံရဲရဲ၊ အရိအရွဲ တစိုစို (SECRETIONS) သွေးကြောတခုန်ခုန် (PULSATIONS)ဖြင့် အံ့သြဘနန်း မြင်တွေ့ရပါသည်။

"<u>ကြည့်တိုင်းမြင် ရှုတိုင်းပျက်</u>" တကိုယ်လုံးတုန် ထက်အောက်စုန်၊ အကုန်ပြန်ကြည့်ပါ" လို့ ဆရာတော်ဦးကေလာသမိန့်မှာသည့်အတိုင်း တကိုယ်လုံးကို ဉာဏ်ဖြင့် ဖြန့်ကြည့်ရာမှာ မိမိ၏ ခန္ဓာကိုယ် (ကိုယ်ပွား)ကို မိမိရှေ့မှာ တွေ့ရပြီး အရေခွံတွေ အရည်ပျော်ကျ၊ အကြောတွေ အသားတွေကို သွေးရဲရဲ



နဲ့ တဖြည်းဖြည်း ပြတ်ကျ၊ ပျက်ကျသွားတာတွေ အရိုးစုသာကျန်ပြီး အဲဒီအရိုးစုကလည်း ဝုန်းကနဲပြိုကျ, ပျက်စီးသွားတာတွေကို ခန္ဓာဗေဒ (ANATOMY) သင်တန်းပြတာထက်ပင် ရှင်းလင်းပြတ်သားတာတွေကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့သိခဲ့ရပါသည်။

"မိမိဆေးပညာသင်တန်းတုန်းက စာတွေ့အသိနဲ့ အခုတရားရှုရင်း လက်တွေ့အသိနဲ့ ကွဲပြားခြားနားတာတွေကိုလည်း တွေ့သိခဲ့ရပါသည်။

(၁) ဆေးကျောင်းမှာ သင်ခဲ့တုန်းက "ဦးနှောက်က သိတာ၊ ဦးနှောက်က လူ့ခန္ဓာကိုယ်ရဲ့ ထိန်းချုပ်ရာပင်မ (ဗဟို) ဌာနချုပ်" လို့ သိခဲ့ရတာ အခု တရားရှုမှတ်တော့ "မိမိ၏စိတ်အသိစိတ်က ရင်ဝ(ရင်ညွန့်)ကသိတာ "ရင်ဝရှိ အသိစိတ်ကသာ ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ထိန်းချုပ်ရာ ဗဟိုဌာနချုပ်" ဆိုတာ သိခဲ့ရပါသည်။

(၂) နှလုံးမှာ အခန်းလေးနှစ်ခန်း အောက်ထပ်အခန်းကြီးနှစ်ခန်း (TWO ATRIAL CHAMBERS, TWO VENTRICULAR CHAMBERS) လို့သင်ခဲ့ရသော်လည်း လက်တွေ့တရားရှုမှတ်ရာမှာတော့ အဲဒီလေးခန်းအောက်မှာ နောက်ထပ်သွေးတစ်စက် ကျရာနေရာကို အောက်ကခွက်ကဲ့သို့ ခံထားတဲ့ နေရာလေးတစ်နေရာ ထပ်တွေ့ရပါသည်။ သင်ခဲ့ရသောစာထဲတွင် မပါပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှု, ပျက်မှု မမြဲတဲ့ အနိစ္စ, ဆင်းရဲတဲ့ဒုက္ခ, အစိုးမရ တဲ့ အနတ္တတရားတွေကို စာသိမဟုတ်ဘဲ တကယ် မိမိရဲ့ ခန္ဓာ ထဲမှာ အဟုတ်အမှန် ဉာဏ်နှင့်တကွ သိရတဲ့ ဖြန်းဖြန်းကွဲ ဝိပဿ နာပါ။ နှုတ်ဖြင့် ရှင်းပြတာထက် လက်တွေ့မိမိကိုယ်တိုင် တရား မှတ်မှသာ နားလည် သဘောပေါက်နိုင်တယ်ဆိုတာ ပြောဖို့ အထူးမလိုအပ်ပါ။ **“ဧဟိပဿိကော”** တကယ်လာရောက် တရားထိုင် ရှုမှတ်ကြည့်ပါလို့ ကိုယ်ချင်းစာတရားဖြင့် ဖိတ်ခေါ် အပ်ပါသည်။

*သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။*

*သူတော်ကောင်းဓာတ် တရားမှတ် လွှမ်းပတ်ကမ္ဘာ တည်ပါစေ။*

## ကျေးဇူးရှင်များအား ကန်တော့ပန်းဆင်ခြင်း

ကျေးဇူးတော်ရှင် ကန္နီဆရာတော်ဘုရားကြီး။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး။

ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး။

ဆရာသခင် ကျေးဇူးရှင်ဆရာတော် ဦးကေလာသ (သာသနဓဇ ဓမ္မာစရိယ) ကမ္မဋ္ဌာနာစရိယ၊ ရန်ကင်းအေးငြိမ်း ရိပ်သာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။

ဆရာသခင်ကျေးဇူးရှင် ဦးသုမင်္ဂလ (B.Com, M.S., Dip in English, Dip in Buddhism)



ကျေးဇူးတော်ရှင် ဘာဘမ္မာစရိယဦးဌေးလှိုင်

## ရန်ကင်းအေးငြိမ်းရိပ်သာကျေးဇူးရှင်များ

* ဦးသိန်းအောင် + ဒေါ်ဆွေဆွေဝင်း (ကျောင်းဒါယကာ, ဒါယိကာမ)
* ဦးမြင့်နိုင် (အတွင်းရေးမှူး)
* ဒေါ်မြဟန် (အဖွဲ့ဝင်)
* ဒေါ်မြစန်း (စာရင်းစစ်)
* ဦးအေးကို (အဖွဲ့ဝင်)
* ဦးပြုံး (ရိပ်သာတာဝန်ခံ)
* ဦးမင်းလွင် (စာရေးကြီး)
* ရိပ်သာ ဝေယျာဝစ္စအဖွဲ့
* ရိပ်သာစားဖိုချောင် ဝေယျာဝစ္စအဖွဲ့

**ဒေါက်တာဦးအောင်သူ**
ကျုံမငေးမြို့ ဝါးခယ်မမြို့နယ်
ဧရာဝတီတိုင်း

www.burmeseclassic.com



# လက်တွေ့ဓမ္မရသကိုခံစားခြင်း



၁၃၆၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ စတင်၍ တရားစခန်း ဝင်ရောက်ခဲ့သည်။ ရှိခိုးနည်းမှစ၍ အခြေခံကျကျ သင်ကြားပေးပါသည်။ တရားထိုင်သည့်အခါတိုင်း မျက်နှာကို ပုဝါစီးရမည်ဟု ဆရာတော်မှ မိန့်ပါသည်။

မိမိ၏စိတ်ထဲတွင် ပုဝါစီးရမည်-ဆိုပါလား၊ ဘယ်လိုပါလိမ့်ဟု စိတ်ကူး၍မျှမဆုံးမီ ဆရာတော်က "ဦးဇင်းတို့ တုန်းကလည်း ဒီလိုပါပဲ၊ ပုဝါစီးရမည်ဆိုတော့ ဘယ်လိုပါလိမ့်-လို့ ထင်မိပါတယ်" ပုဝါစီးဆိုလျှင် စီးသာစီးလိုက်ပါဟု မိန့်ပါသည်။

မျက်စိဖွင့်ကြည့်မှာ စိုးရိမ်လို့ ဖြစ်မှာပါဟု စိတ်တွင်မှတ်သားထားပါသည်။ အာနာပါနအခန်း (၅)ရက်လောက်ရောက်လို့ ဟိုကဖြိုးဖြိုးဖြောက်ဖြောက်, ဒီကဖြိုးဖြိုးဖြောက်ဖြောက် အလင်းနိမိတ်လေးတွေ ရလာမှ အပြင်အလင်းရောင်နဲ့ နိမိတ်အလင်းရောင် ကွဲပြားအောင်ပါလားလို့ ထပ်မံမှတ်သားထားမိပါသည်။

နောက်ထပ်တစ်ပတ်လောက်အကြာ နိမိတ်ကလည်း ကြည်လင်တောက်ပပြီး အတန်ရင့်မာလာတဲ့အချိန် မယ်ဇလီတောထဲမှာ စင်္ကြံလျှောက်ရင်း အနားကယောဂီတစ်ဦးကို "နိမိတ်များ လင်းလင်းလက်လက် မြင်ရပါပြီလား"လို့ မေးကြည့်တော့ မြင်ရပါတယ်ဗျာ ဝင်းလက်နေအောင် မြင်ရပါတယ်-လို့ သူက ပြန်ဖြေပါတယ်။



ဘယ်ကမြင်ရတာတုံးမေးတော့ မျက်စိက မြင်ရတာပါဗျာ-လို့ ပြောပါတယ်။ သေသေချာချာ စဉ်းစားပြောတာပါယောဂီကြီးရာ ခင်များမှာ မျက်စိမှိတ်ထားတဲ့အပြင် ပုဝါကစီးထားသေးမဟုတ်လား-လို့ မေးမေးပြောပြော ပြောလိုက်တော့မှ ဟုတ်ပါရဲ့ဗျာလို့ သူကဝန်ခံပါတယ်။ ပုဝါစီးခိုင်းတာဟာ မနောအာရုံက မြင်နေရတာပါလားလို့ သိအောင်စီးခိုင်းတာ ဖြစ်မှာပါ-ဟု ကိုယ့်ဟာကိုယ် ကောက်ချက်ချမိပါတယ်။

နိမိတ်ကို မိမိရှေ့က နံရံဆီသို့ပို့တဲ့ သင်္ခန်းစာမှာ မပို့တတ်ခင်ကတော့ လူပါရှေ့ကို ကိုင်းကိုင်းပြီး ပါသွားတာပေါ့။ နောက်တော့လည်း စိတ်ရောက်တာနဲ့ နိမိတ်ကရောက်ပြီး အဆင်ပြေသွားပါတယ်။ အစွန်ဆုံးအခန်းက နံရံကို ပို့တဲ့အခါ အံ့အားသင့်ခဲ့ရပါတယ်။ နံရံကို နိမိတ်ရောက်လိုက်တာနဲ့ အဲဒီနံရံကြီးကို လင်းထိန်နေအောင် မြင်ရတယ်။

ဒါတင်မကဘူး (၁၅)မီတာလောက်အကွာ နံရံကြီးဟာ ကင်မရာများ, မှန်ဘီလူးများတွင် တပ်ဆင်ထားသည့် ဇွန်း(မ်) (ZOOM) ဖြင့်ဆွဲ၍ ကြည့်လိုက်သလို မျက်စိရှေ့ကို ရိပ်ကနဲ ထင်ထင်ရှားရှား ရောက်လာပါတယ်။ ကြည့်ပြီးအားရလို့ နိမိတ်ကို ပြန်သိမ်းတဲ့အခါ နိမိတ်ကကျန်နေခဲ့ပြီး နံရံကြီးကခွါပြီး ထွက်သွားတာ တွေ့မြင်ရပါတယ်။ ဆန်းကြယ်တဲ့ သဘောတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးကဏ္ဍမှာလည်း ဘုရားစုံဖူးတွေ့ရပါတယ်။ ကျောင်းထဲကဘုရား၊ ရန်ကင်းတောင်ပေါ်က ဘုရားတွေ မန်း မြို့တွင်းက ဘုရားတွေ မြန်မာပြည်အနှံ့ဘုရားတွေ၊ အိန္ဒိယ, သီရိလင်္ကာနိုင်ငံက ဘုရားတွေ လူကိုယ်တိုင်ရောက်သွားသလို ဖူးရပါတယ်။ နတ်ပြည်, ဗြဟ္မာ့ပြည်, နဂါးပြည်က စွယ်တော်ပါ မကျန် ဖူးမြင်ကန်တော့ခဲ့ရပါတယ်။

ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံက အတိတ်ကြေးမုံကိုကြည့် တော့ ဘဝဟောင်း(၅)ဘဝကို တွေ့ခဲ့ရတယ်။ ဘီလူးမ, လူသူ တော်, မင်းသား, ဘီလူးကြီး, လင်းနို့လေး- ဘဝ(၅)ဘဝပါ။ ကိုယ်တိုင်မြင်ရတော့ မယုံလို့ကမဖြစ်။ သံဝေဂ ရစရာကောင်း ပါတယ်။ ငရဲပြည်ကိုတော့ မလှည့်ခဲ့ဘူး။ အနိဋ္ဌာရုံတွေ မကြည့် ချင်လို့ပါ။

ပါးထွက်, နားထွက်အခန်းမှာလည်း မိမိ၏ နိမိတ်ကို ဘယ်မျက်စိကဝင် ညာမျက်စိကထွက်၊ ညာဘက်ကပြန်ဝင် ဘယ်ဘက်ကပြန်ထွက် လုပ်ရပါတယ်။ ပြီးတော့ ပါး, နား, ပုခုံး, လက်မောင်း, နောက်ဆုံးခြေသလုံး, ခြေဖမိုးအထိ အပြန်ပြန် အလှန်လှန် အကြိမ်ကြိမ် အခါခါ လုပ်ရပါတယ်။ နိမိတ်ဝင်တာ, ထွက်တာကိုလည်း ထိထိမိမိကြည့်ပြီး လုပ်ပါတယ်။ လုပ်ပြီးတဲ့ အခါ လူတစ်ကိုယ်လုံး အပူတွေ တရှိန်းရှိန်းထွက်ပြီး ပေါ့ပါး သွားတယ်။

လှီးစား, ဖြတ်စား ကဏ္ဍမှာ အပေါ်ပိုင်းဖြတ်ပြီးလို့ ခါး လည်အရောက် ပြန်ကြည့်တဲ့အခါ အောက်ပိုင်းက ပကတိ ခါး



အထက်မှာ ဘာမှမရှိတော့တာတွေ့ရတယ်။ အောက်ပိုင်းပါ ဆက်ဖြတ်ပြီးအခါမှာတော့ ကိုယ်ကောင်ကြီး ဗလာနတ္ထိ ဘာမျှ မတွေ့ရတော့ဘူး။

**"စ, မှာ ငြိမ်းစေဘိ"** သင်္ခန်းစာ တရားထိုင်တော့ တ ကိုယ်လုံးဟာ ပေါ့ပါးပြီး မိုးပျံဘောလုံးလို ဟိုယိမ်းဒီယိမ်းနဲ့ အပေါ်ကို တက်မလိုလို ဖြစ်နေတယ်။ သတိကပ်ပြီး ဆက်ထိုင် တယ်။ အရိုးတွေ, အကြောတွေ ပျော့ခွေချင်သလို ဖြစ်လာ တယ်။ တရားဖြုတ်လိုက်တော့ အချိန်က တစ်နာရီကျော် ကြာ သွားပြီ။ ထိုင်လျက်က နဖူးနဲ့ ကုတင်ကြမ်းပြင် မိတ်ဆက်နေ တာ တွေ့ရတယ်။

သမထ-အခန်းပြီးတော့ ဝိပဿနာခန်း ရောက်ပါတယ်။ ရူပပရိဂ္ဂဟ-မှာ ရုပ်ကိုရုပ်မှန်း ပိုင်ပိုင်နိုင်နိုင် သိမြင်ရှုပွားနိုင်သ လို နာမ်ကိုလည်း ခွဲခွဲခြားခြား ပိုင်ပိုင်နိုင်နိုင် သိမြင်ရှုပွားနိုင် ခဲ့ပါတယ်။ ပစ္စယပရိဂ္ဂဟ-ရောက်တော့ နောက်ထပ်အတိတ် ဘဝ(၅)ဘဝ ထပ်ပြီးတွေ့ရတယ်။ သမင်ဖိုကြီးဘဝ, လူပေလူ တေဘဝ, ရက္ခစိုးဘဝ, ကျွဲဘဝ, ကျားဘဝ တွေ့ရပြန်တယ်။ ကောင်းကွက်မရှိပါဘူး။ သေတော့လည်း ဥပစ္ဆေဒက ကံနဲ့သေ ရတာများတယ်။ ဘဝတွေဟာ ကြောက်စရာ ကောင်းလှပါ တယ်။

သမ္မသနဉာဏ်စဉ်ရောက်တော့ ရုပ်နာမ်တို့ရဲ့ မမြဲတဲ့ သဘောကို ပီပီပြင်ပြင် ရှုမြင်သိရှိရပါတယ်။ နောက်တော့- ရုပ်,နာမ် ဖြစ်လာတာတွေ ပျက်သွားတာတွေကို TV- မှန်သား ပြင်ပေါ် ကြည့်နေရသလို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း လင်း လင်း ရှုပွားသိရှိနိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ(၂)လတာ အားထုတ်ရတာဟာ ကပ်ကမ္ဘာနဲ့ချီပြီး ဘဝတွေကို ကြုံ့စေ, နည်းစေ-မယ်လို့ ယုံကြည်မိတယ်။ ဆက်လက်အားထုတ်မယ်ဆိုရင်လည်း နိဗ္ဗာန်နဲ့ တဖြေးဖြေး နီးသည်ထက်နီးလာမှာ အမှန်ပါပဲ။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး ဦးတိုပ်ထားလျက် ကမ္မဋ္ဌာနာစရိယ ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်ဦးကေလာသ-တို့အား ကျေးဇူးတင်စွာဖြင့် အကြိမ်ကြိမ် ဦးတော်တင် ရှိခိုးကန်တော့ပါတယ်။

ဆွမ်းအလှူရှင်များနှင့် ဂေါပကအဖွဲ့, ဝေယျာဝစ္စအဖွဲ့သား အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ဦးစောမြင့်**

(အကောက်ခွန်မှူးငြိမ်း)


အမှတ် - ၁၀၂- ဂုဂလမ်း

၃၅ × ၃၆ လမ်းကြား၊ မျက်ပါးရပ်

မန္တလေးမြို့။

ဖုန်း - ၀၂- ၃၂၂၇၉





ဒေါက်တာ-အောင်ဇော်မြင့်



[မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားနှင့် ရန်ကင်းအေးငြိမ်းရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးကေလာသတို့၏ ကျေးဇူးဂုဏ်ကို ရည်ကာ ဤဆောင်းပါးဖြင့် ပူဇော်ပါသည်ဘုရား။]

ကန္တီပဋ္ဌိပတ္တိနည်းကို ထိန်းသိမ်းစောင့်ရှောက်တော်မူပြီး ပြန်လည်သင်ကြားပေးတော်မူသော မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ကျေးဇူးကား ကြီးမားလှပါသည်။ ကျွန်တော်သည် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၆၆-ခု တပေါင်းလဆန်း(၁၄)ရက်နေ့တွင် အဒေါ်ဖြစ်သူ ဒေါ်လေးလေးမင်း၏ ကူညီမှုကြောင့် ရောက်ရှိပြီး စတင်တရားအားထုတ်ခဲ့ပါသည်။

## သဒ္ဓါတိုးသောမှတ်တိုင်များ

ရှုမှတ်၍ သမာဓိအား ကောင်းလာသောအခါ နိမိတ်ဖြင့် (7. 4. 2005) နေ့မှစ၍ မြန်မာပြည်တွင်း ဘုရားဖူးရင်း ပြင်ပ

www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းများပါတွဲ၍တွေ့မြင်ရသောအခါ အံ့ဩမှု၊ ဝမ်းသာမှုနှင့် အတူ သဒ္ဓါတရားများ တိုးပွားခဲ့ပါသည်။ မြတ်စွာဘုရား ဓမ္မစကြာဟောကြားရာဌာနသို့ ဘုရားဖူးရာ သက်တော်ထင်ရှား မြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးအား တရားဟောနေပုံကို ဖူးရပါသည်။ သီဟိုဠ် (သီရိလင်္ကာရှိ) မြတ်စွာဘုရား၏ စွယ်တော်၊ ထူပါရုံစေတီ ဌာပနာရှိညှပ်ရိုးတော် ၊ မဟာစေတီဌာပနာရှိ နဖူးသင်းကျစ်တော်၊ ရောင်ခြည်တော် ကွန့်မြူးနေသော ဓာတ်တော်စသည်တို့ကို မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ရသောအခါ ဝမ်းသာပီတိနှင့်အတူ သဒ္ဓါတရားများ တိုးပွားခဲ့ရပါသည်။

(14.4.2005)နေ့မှစ၍ တာဝတိံသာရှိ စူဠာမဏိစေတီတော်နှင့် မြတ်စွာဘုရား၏ ဆံတော်၊ စွယ်တော်၊ ဓာတ်တော်များ၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာ၊ ပင်လယ်ကသစ်ပင်၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာ နတ်နန်းတို့ကို ဖူးမြော်ခဲ့ရပါသည်။ မြကျောက်ဖြာပေါ် မြတ်စွာဘုရားနတ်, ဗြဟ္မာများကို အဘိဓမ္မာတရား ဟောနေပုံကိုဖူးရင်း မြတ်စွာဘုရား၏ မျက်နှာတော်ကို သေသေချာချာဖူးမြင်ရတော့ ပီတိများ တဖွားဖွားဖြစ်ကာ သဒ္ဓါတရားများ ထပ်မံတိုးခဲ့ရပါသည်။

(18.4.2005)နေ့တွင် ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီကို ဖူးမြော်ရာ ဗြဟ္မာကြီးတစ်ပါးက ဝတ်လဲတော်အင်္ကျီနှင့် လုံချည်တို့ကို ဖြန့်ပြပေးပါသည်။ သန်လျက်၊ ခြေနင်း၊ လက်စွပ်၊ ကြယ်သီးတို့ကိုလည်း ဖူးတွေ့ရပါသည်။



(20.4.2005)နေ့တွင် နဂါးပြည်ရှိစေတီနှင့် မြတ်စွာဘုရား၏ စွယ်တော်၊ ဓာတ်တော်များကို ဖူးရပါသည်။(21. 4. 2005)နေ့တွင် မြောက်ကျွန်းသို့ နိမိတ်လွှတ်ရာ ပဒေသာပင်နှင့် မြောက်ကျွန်းရှိ အဆောက်အအုံများ၊ မြောက်ကျွန်းသူ, မြောက်ကျွန်းသားများ၊ ဓမ္မာရုံထဲတွင် စုပေါင်းတရားထိုင်နေပုံကို တွေ့ခဲ့ရပါသည်။

ဆရာတော်မှ ကျန်းမာရေးအတွက် ရောဂါများ ပျောက်ကင်းစေနိုင်သော နိမိတ်ဖြင့် အထက်အောက် စုန်ဆန်နည်းများ၊ ပါးထွက်နားထွက်နည်းများ၊ လှီးစားဖြတ်စား နည်းများ သင်ပြပေးတော်မူပါသည်။ ယောဂီများ ခံစားနေရသော ရောဂါများ ပျောက်ကင်းကြသည်မှာ လက်တွေ့ဖြစ်ပါသည်။ ဘုရားပေးသော တရားဆေးဖြစ်ပါသည်။ ခန္ဓာကိုယ်မှ ရောဂါဝေဒနာသာမက ကိလေသာ ရောဂါကိုပါ ပျောက်ကင်းနိုင်ပါသည်။

ကျွန်တော်သည် မြတ်စွာဘုရား၏ အမြတ်ဆုံး ရတနာများ၊ ဓာတ်တော်၊ မွေတော်များ ၊ စူဠာမဏိစေတီ၊ ဒုဿစေတီတို့ကို ဖူးမြော်ရင်း သဒ္ဓါထက်သဖြင့် ပိုမိုလေးလေးစားစား ရှုမှတ်၍ သမာဓိပါ တိုးတက်ခဲ့ရပါသည်။ ဝိပဿနာရှုသောအခါများစွာ အထောက်အကူ ရခဲ့ပါသည်။

## **ပညာတိုးသောမှတ်တိုင်များ**

ကန္တီနည်းဖြင့် ဝိပဿနာရှုသော အခါတွင် လွယ်ကူ၍ ခရီးရောက်ကြောင်း သိမြင်လာပါသည်။ ရှုကွက်အလိုက် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်တွင် သက်ဆိုင်ရာ အကြောင်းအရာများကို ဖန်သားပြင်ပေါ်တွင် မြင်ရသကဲ့သို့ မြင်တွေ့ရပါသည်။ မိမိက မကြည့်လိုလျှင်လည်း ရပါသည်။ အရှုခံအာရုံတွင် နှလုံးသွင်းမှတ် နေရုံသာဖြစ်ပါသည်။ ခံရခက်သည့် နာကျင်သည့် ရောဂါများကို မိမိ၏သမာဓိအားဖြင့် ကောင်းစွာ ရင်ဆိုင်နိုင်ရုံသာမက ဝေဒနာ၏ သဘောကိုလည်း သိမြင်နိုင်ပါသည်။

မိမိ၏ရင်ချိုင့် ဟဒယဝတ္ထု၌ စိတ်စိုက်ပြီး ရုပ်. . . ရုပ်. . . ရုပ်ဟုမှတ်နေရုံနှင့် မိမိ၏ ကျောရိုးကိုစတင် တွေ့ရပါသည်။ ထို့နောက် အဆုတ်နှင့် နှလုံးတို့ပေါ်လာပြီး နိမိတ်မှ နှလုံးအတွင်းသို့ဝင်သွားပြီး သွေးဝင်ခန်း၊ သွေးလွှတ်ခန်း၊ ယင်းတို့အကြားရှိ အဆို့ရှင်များ နှလုံးအတွင်း သွေးဝင်ပုံ၊ သွေးညှစ်ထုတ်ပုံအထိ မြင်ခဲ့ရပါသည်။

အဆုတ်နှင့်လေပြွန်များ ဖြာထွက်နေပုံ၊ ဗိုက်အတွင်းမှ အသည်း, အူ, အူမကြီးစသည့် ကလီစာများ မြင်တွေ့ခဲ့ရပါသည်။ နိမိတ်မှ မျက်စိနား၊ နှာခေါင်း၊ ပါးစပ်စသည့်ဒွါရ (၉)ပေါက် အကုန်လုံးတွင်းသို့ဝင်ပြီး ကိုယ်တွင်းသို့ မှန်ပြောင်းဖြင့် ကြည့်နေသလိုပြသပါသည်။ ပါးစပ်မှဝင်ပြီး အစာအိမ်၊ အူ၊ အစာဟောင်းအိမ်၊ အစာဟောင်းနှင့်အတူ ပိုးမွှားများထိ မြင်ရပါသည်။

မိမိပေါင်ရင်းမှ ဝေဒနာကို စိုက်ရှုရင်း ပေါင်၏ထက်ပိုင်း ပြတ်ပုံ၊ အရိုး၊ အကြော၊ အသားတို့ကို တွေ့မြင်ရပါသည်။ မိမိ၏ ခန္ဓာကိုယ် အရိုးစုပုံနှင့် ကလလရေကြည်မှစ၍ သန္ဓေသားကြီးထွားပုံကိုလည်း တစ်ခုပြီးတစ်ခု တွေ့မြင်ရပါသည်။



နာမ်ကိုသိမ်းဆည်းသောအခါ နာမ်တရား၏ပေါ့ပါးသွက်လက်ပုံ၊ ကိုင်းညွှတ်တတ်ပုံ၊ ဝေဒနာအပေါ် ဝေဒနာတခြား၊ သိမြင်တာတခြားစသည်တို့ကို သိမြင်မှတ်သားရပါသည်။

ပစ္စယပရိဂ္ဂဟပိုင်း ရှုသောအခါ မိမိ၏ အတိတ်ဘဝဖြစ်စဉ် - ငါး ၂ ဘဝ၊ မိကျောင်းဘဝ၊ ဘဲ၊ လိပ်၊ နွား၊ သမင်၊ ရှေးမြို့ဟောင်းရဲ့တိုက်ထဲမှ အမျိုးသားဘဝ၊ စေတီစောင့် နတ်ဘဝ၊ ထိုဘဝ၌ ဆင်းတုတော်ကြီးကြီးရှေ့ ထိုင်၍ဆုတောင်းနေပုံတို့ကို မြင်တွေ့ရသောအခါ သံဝေဂများစွာရခဲ့ပါသည်။ တရားထိုင်တိုင်းမြင်တွေ့နေရာ နောက်ပိုင်း တိရစ္ဆာန်များက မိမိကို မျက်လုံးလည်ရွဲကြီးများဖြင့် စိုက်စိုက်ကြည့်သွားပါသည်။

လက်ရှိဘဝ၏ အတိတ်ဖြစ်စဉ်တွင် ငယ်ဘဝမှစ၍ လက်ရှိ ရန်ကင်းအေးငြိမ်းရိပ်သာ၌ တရားထိုင်နေချိန် အထိ ဖြတ်သန်းခဲ့သည်များကိုလည်း မြင်တွေ့ရပါသည်။

သမ္မသနဉာဏ်စဉ်ပိုင်း ရှုသောအခါ နိမိတ်သည် မျက်စိအတွင်းပိုင်းသို့ ဝင်သွားပြီး တဖွားဖွားပေါ်လိုက် ပျောက်လိုက်ဖြစ်နေသော မြင်လွှာအကြည်ပြင်ကို ပြပါသည်။ ပေါင်မှ ထုံကျင်ကိုက်ခဲသော ဝေဒနာ ဖြစ်လာသောအခါ တစ်ကိုယ်လုံး ဖြန့်မှတ်ပါသည်။ ကိုယ်ပေါ်မှ ယားယံမှု၊ စူးခနဲဖြစ်မှုတို့ကို စ၊ လယ်၊ ဆုံးကြည့်ရင်း မျက်နှာ၊ လည်ပင်းနှင့် ရင်ဘတ်အပေါ်ပိုင်းတွင် ပျားအုံကဲ့သို့ ခန္ဓာတွင် ဖြစ်, ပျက် ခံစားရပါသည်။

www.burmeseclassic.com



ဥဒယဗ္ဗယဉာဏ်ပိုင်းတွင် ရင်ချို့ကို စိုက်မှတ်ရင်း ဟဒယဝတ္ထု၏လှုပ်ရှားမှုသည် ပုံမှန်အတိုင်းဖြစ်လိုက်၊ မြန်လာလိုက်၊ ထင်ထင်ရှားရှား မြန်လာလိုက် တစ်ချက်ချင်းတစ်ချက်ချင်း ပြင်းပြင်းထန်ထန်လှုပ်ရှားလိုက်၊ တစ်ခါတစ်ရံ နူးညံ့သိမ်မွေ့လိုက် စသည့် ခန္ဓာ၏ မမြဲမှုသဘော၊ ဆင်းရဲမှုသဘော၊အစိုးမရသည့်သဘောတို့ကို တွေ့မြင်ခဲ့ရပါသည်။

ကျွန်တော်သည် ဝိပဿနာတရားကို ရှုမှတ်ရင်း **ရွာအဝင်လမ်း**ကို တွေ့သောသူပမာ တစ်စိုက်မတ်မတ်နှင့် ပုံမှန်အားထုတ်လျှင် တစ်နေ့တော့ ရွာထဲရောက်ရမည်ဟု ယုံကြည်ပါသည်။

ရန်ကင်းအေးငြိမ်းရိပ်သာတွင် ၂ လနီးပါးခန့် သမထ ဝိပဿနာ ဘာဝနာတရားများကို အားထုတ်ခြင်းဖြင့် ရရှိလာသော အတွေ့အကြုံဗဟုသုတများ၊ ခိုင်မြဲလာသောသဒ္ဓါတရားများ၊ သမာဓိတရားနှင့် ပညာတရားများသည် သံသရာ ဝဲဂယက်မှ လွတ်မြောက်ကြောင်း တန်ဖိုးဖြတ်၍မရသော အသိပညာ ထူးများဖြစ်သည်ဟု ကျွန်တော် နှလုံးသွင်းမိပါသည်။

**ဒေါက်တာအောင်ဇော်မြင့်**
**ဆာကူရာဆေးခန်း**
စမ်းချောင်း၊ ရန်ကုန်



# ဆရာကောင်းပေးသောပန်း ထာဝရပန်မည်



ကျမသူငယ်ချင်း၏ တိုက်တွန်းခြင်းဖြင့် ဒီရန်ကင်းအေး ငြိမ်းရိပ်သာရက်(၆၀)တရားစခန်းသို့ ရောက်ရှိခဲ့ပါတယ်။ အားလုံးကလည်း ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုကြပါတယ်။ စခန်းသို့ ဝင်သည်နှင့် တပြိုင်နက် ဆရာတော်ဦးကေလာသရဲ့ ပီသကြည်လင်ပြတ်သားသော အသံဩဇာနှင့် ပြည့်စုံစွာ ဟောပြ၊ ဆုံးမသော သာကေပုံပြင်များ၊ အလုပ်ပေးတရားများကို ကြားနာရခြင်းဖြင့် အကျိုးတရား၊ အသိတရားများကို တိုးပွားစွာဖြင့် သိခဲ့ပါတယ်။

ဗုဒ္ဓါနုဿတိ "အရဟံ"ဂုဏ်တော်(၃)ရက်၊ မေတ္တာကမ္မဋ္ဌာန်းတစ်ရက်၊ အသုဘကမ္မဋ္ဌာန်း တစ်ရက်တို့ကို ပွားခဲ့ရပါတယ်၊ အာနာပါန ကမ္မဋ္ဌာန်းစပြီး (၂)ရက်တွင် နိမိတ်အလင်းများကို ရရှိခဲ့ပါတယ်။

ထိုနိမိတ်တို့ဖြင့် အနီးအဝေးပို့၊ ကျောင်းတွင်းဘုရားဖူး၊ မန္တလေး မြန်မာပြည်အနှံ့ ဘုရားဖူး၊ တခါနိမိတ်ကို အဝေးပို့ အိန္ဒိယဘုရားစုံ၊ သီရိလင်္ကာ ဘုရားစုံဖူး၊ အထက်တာဝတိံသာ စူဠာမဏိစေတီ၊ မြကျောက်ဖျာ၊ ပင်လယ်ကသစ်ပင်တို့ကို ထူးခြားစွာဖူးရပြီး ဗြဟ္မာ့ပြည် ဒုဿစေတီ ဘုရားကိုဖူး၊ နတ်၊

www.burmeseclassic.com



ဖြဟ္မာတွေကိုလည်းတွေ့ရ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကြေး
မှန်ကို ကြည့်ခြင်းဖြင့် ကျမရဲ့ အတိတ်ဘဝ ခြောက်ဘဝက
မြင်သိခဲ့ရပြီး အခုပစ္စုပ္ပန်မှာလည်း ကောင်းမှုပြုရခြင်းကို တွေ့ရ
အနာဂတ် နှစ်ဘဝကိုလည်း တွေ့ရတော့ ကျမ ဒီမှာ တရားလာ
ကျင့်ရကျိုး နပ်ပါတယ်။

ဒီနိမိတ်အလင်းနဲ့ ကျမမှာရှိတဲ့ အသည်းရောင်ရောဂါ,
ဒူးနာ, အစာအိမ်-စတဲ့ ရောဂါတွေကို နိမိတ်အလင်းနဲ့ ကုတာ
ပျောက်သွားပါတယ်။

ဝိပဿနာမှာ ဆရာတော် ဟောကြားသော တရားကို
သေချာစွာ ကြားနာပြီး ရှုမှတ်ပါတယ်၊ **ရုပ်မှာ** ဖြစ်ပေါ်လာတာ
ကိုမှတ်၊ အရိုးတွေကကိုက်၊ **အသားတွေကနာ**၊ အကြောတွေက
အောင့်-ဖြစ်တာတွေကို လိုက်သိနေတာက **နာမ်**၊ **တစ်ခါတစ်**
ခါမှာ အသားတွေ ကျွမ်းမတတ် ပူလောင်နေတာ **ရုပ်**၊ ပူမှန်းသိ
တာ **နာမ်**၊ ပူတော့မယ်ဆိုရင် အရင်နွေးလာတယ်၊ ပြီး တဖြေး
ဖြေး ပူလာတယ်။

နွေးတာ **အစ**, ပူတာ **အလယ်**, ပြန်အေးတာ **အဆုံး**၊
ဒါတွေဟာ ဖြစ်ခြင်း အစ, ပျက်ခြင်း **အဆုံးကိုလည်းသိ**၊ တရ
စပ် အကြားအလပ် မရှိ၊ ဖြစ်ပျက်နေတာ **သိရပြန်တယ်**။ **သွေး**
ကြောတွေ ခုန်နေလို့ အသားတွေ ဆက်ဆက်ပြိုကျ ပျက်ဆီးတာ
မြန်းလွန်းတော့ အပျက်ကြီးဘဲ တရစပ် တဆက်ထည်းသိတယ်။

ရုပ်တရားကြီးမှာ ဖြစ်ပျက်နေတာ၊ ဖြစ်ပျက်ကို ရှုနေတာ၊
ဝေဒနာတွေကို ရှုနေခြင်းဖြင့် မပြီးဆုံးနိုင်တော့ ကြောက်၊ ပျက်



တာကို ရှုရတော့ ပျင်း၊ ဒါတွေနဲ့ လွတ်မြောက်ချင်ပါတယ်-လို့
ပါးစပ်နဲ့ ပြောနေရုံနဲ့ မပြီးပါဘူး။ ကျင့်ကြံရင် ပါးသွားမှာပဲရှိ
တယ်၊ ဆရာတော်က ဒီဝိပဿနာဆိုတဲ့ မျိုးစေ့သန့်သန့်ကလေး
ကို ကျမတို့ကိုပေးတော့ ဝမ်းသာအားရယူပြီး အိမ်ကျရင် ရေ
လောင်း၊ အပင်ရှင်အောင် စိုက်ရမယ်၊ အခုတရားစခန်းမှာ အား
ထုတ်တာ ဝေဒနာတွေ ပါးပြီး သိမ်မွေ့သော ဝေဒနာသာ ကျန်
ပါတော့တယ်၊ ကျေးဇူးအများကြီး တင်ပါတယ်။

ဆရာတော်ဦးကေလာသ၊ ဂေါပကအဖွဲ့၊ တရားစခန်း
ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးကြသော ဆရာတော်ကြီး
များ၊ လူကြီးများ၊ နေ့စဉ်လှူဒါန်းကြသော ဆွမ်း, ဖျော်ရည်,
ရေ, မီးအလှူရှင်များ၊ ဝေယျာဝစ္စအဖွဲ့ တာဝန်ရှိသူများ အား
လုံးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါတယ်။

**ဒေါ်ခင်အေးမူ**
**အသက် (၅၉)နှစ်**
အမှတ်(၅၄) (၇)လွှာ၊ ယာ (၈၇)လမ်း
ကန်နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com



## တရားရှာကာအေးငြိမ်းရ



အရှင်ဘုရား . . .

တပည့်တော်သည် တပည့်တော်တို့ ဓမ္မစာပေသင်တန်းကျောင်းရှိ ဓမ္မမိတ်ဆွေ ဆရာမတစ်ဦးထံမှ ဒဿနပါရဂူကျမ်း, ဓမ္မစက္ခုကျမ်းနှင့်, ဓမ္မရသစာအုပ်များကို ဖတ်ရှုရသောအခါ ဘုရားများဖူးရခြင်း၊ ဝိပဿနာတရားကို တစ်ညဏ်နှစ်ရက် ပွားရခြင်းတို့ကို စိတ်ဝင်စားမိပါသည်။ ထို့ကြောင့် ဤတရားစခန်းသို့ အရောက်လာရန် သဒ္ဓါတရားဖြင့် စိတ်အားထက်သန်စွာ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

တရားစခန်းဝင်ပြီး ဆရာတော်ပို့ချသော သင်္ခန်းစာများကို ပွားများသောအခါ အလင်းနိမိတ် ရရှိခဲ့ပါသည်။ ထိုအလင်းနိမိတ်ဖြင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, နဂါးပြည်တို့ရှိ ဘုရားများကို ဖူးရသော ကုသိုလ်ထူးကြီးကိုလည်း ရရှိခဲ့သဖြင့် ဖော်မပြတတ်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

အထူးအားဖြင့် အိန္ဒိယနိုင်ငံရှိ ဘုရားများဖူးရာတွင် သက်ရှိထင်ရှား မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဟောကြားနေပုံ ဖူးတွေ့ရခြင်းကိုလည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူပုံကိုလည်းကောင်း၊ ဖူးတွေ့ရသည်ကို ကြည်နူးဝမ်းသာမဆုံး ရှိခဲ့ရပါသည်။



လူ့ပြည်ရှိ ဘုရားများသာမက ငွေဘယ်လောက်ချမ်းသာပါစေ သွားလို့မရသော တာဝတိံသာနတ်ပြည်၊ ဗြဟ္မာ့ပြည်ရှိ ဘုရားများကိုလည်းကောင်း အလင်းနိမိတ်ဖြင့် ဖူးခဲ့ရပြီး ဗြဟ္မာ့ပြည်ရှိ အတိတ်ကြေးမုံပြင်မှ အတိတ်ဘဝကို တွေ့မြင်ပြီး သံဝေဂတရားလည်း ရရှိခဲ့ပါသည်။

တပည့်တော်သည် ဝိပဿနာ ရှုပွားသောအခါတွင်လည်း တစ်ကိုယ်လုံး၌ ထုံမှု, ကျင်မှု, ယားမှု, စူးနေမှုလေးများသည် အသားနှင့်အရေတွင် အဖြစ်များသည်ကိုလည်းကောင်း၊ တောင့်တင်းမှု, နာကျင်မှုတို့သည် အရိုး၌အဖြစ်များပြီး အသား၌လည်း ဖြစ်တတ်သည်ကိုလည်းကောင်း၊ တရွေ့ရွေ့စီးနေခြင်း၊ လှုပ်နေခြင်းတို့သည် အကြော၌ ဖြစ်တတ်သည်ကိုလည်းကောင်း ရှုမှတ်ခဲ့ရပါသည်။

တရားရှုမှတ်သည်နှင့် တပည့်တော်သည် ဝေဒနာများခဏတွင်း ဖြစ်လာပါသည်။ ထိုဝေဒနာများကို ခန္ဓာကိုယ် တစ်ခုလုံး နေရာမလပ် စက္ကန့်မနား ခံစားသိမြင်နေရပါသည်။ စိတ်စိုက်သော နေရာတွင် ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာပြီး ကျန်ခန္ဓာအစိတ်အပိုင်းများကိုတော့ (ခပ်ဖြည်းဖြည်း) ခပ်ပါးပါးလေး ဝေဒနာများ ဖြစ်နေတာကို ခံစားနေရပါသည်။ ထိုဖြစ်ပေါ်နေသော ဝေဒနာများသည် တစ်ချိန်နှင့်တစ်ချိန်၊ တစ်ထိုင်နှင့်တစ်ထိုင် မတူကြပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တရားရှုမှတ်သောအခါ တစ်ကိုယ်လုံး တောင့်တင်းကာ လုံးဝလှုပ်ရှား၍ မရတော့ပဲဖြစ်ပြီး ကျောပြင်တစ်ခုလုံး ဆူးစူးသလို အခံရခက်နေပါသည်၊ လှုပ်လို့လည်း မရ၊ ကုတ်လို့လည်း မရ၊ တရားလည်း ဖြုတ်လို့မရနဲ့ တကယ့်ကို ဆင်းရဲဒုက္ခ ခံစားရပါသည်။ တပည့်တော်လည်း ဒုက္ခလို့ ရှုမှတ်သောအခါ ပိုမိုပြင်းထန်စွာ ခံစားရပါသည်။

ဒီလို မခံစားချင်ဘဲ ခံစားနေရတာ သူ့ဖာသာဖြစ်နေတာ အနတ္တပါလားဟု ရှုမှတ်မိပါသည်၊ နောက်တဖြည်းဖြည်း ခန္ဓာကိုယ်သည် လျော့ကျလာ၍ ကျော၌စူးနေသော ဝေဒနာသည်လည်း ပျောက်သွားပြီး အေးသောဝေဒနာကို ခံစားရပါသည်။ ထိုအချိန်တွင် တပည့်တော်သည် ဒုက္ခ, အနတ္တ, အနိစ္စတရားကို ထင်ရှားစွာ စိတ်ထဲစွဲမြဲစွာ ခံစားခဲ့ရပါသည်။

တရားရှုမှတ်သော အချိန်တစ်ချိန်၌ တပည့်တော်၏ ပုခုံးနှစ်ဖက်သည် စ၍တောင့်တင်းပြီး လက်ဖျံအထိ ရောက်သွားပါသည်။ လက်ဖဝါးနှစ်ဖက်သာ ကျန်နေပြီး လက်ချောင်းကလေးတွေပါ ကျင်နေပါသည်။

လက်ဖျားထိပ်မှာ ပူရှိန်ရှိန်လေး ဖြစ်နေတာကို ခံစားရှုမှတ်ရပါသည်။ တပည့်တော်လည်း စိတ်စိုက်ပြီး ရှုမှတ်သောအခါ လက်နှစ်ဖက်မရှိဘဲ တောင့်တင်းနေသော၊ ကျင်နေသော၊ ပူနေသော ဝေဒနာကိုသာ ခံစားသိရှိနေရပါသည်။



တပည့်တော်လည်း ဆက်ရှုမှတ်နေသောအခါ တဖြည်းဖြည်း လျော့လျော့လာပြီး နဂိုမူလ တရားမှတ်နေသည့် လက်အတိုင်း ပြန်ဖြစ်နေတာကို ပြန်လည်ခံစား သိရှိခဲ့ရပါသည် အရှင်ဘုရား။ ဤသို့ မမှတ်ဘူးသော တရားများကို ရှုမှတ်ရသော တရား၏ အကျိုးတရားများကို ရှုမှတ်သိရှိ ခံစားရသောကြောင့် ဝမ်းသာပီတိ ထပ်ဖြစ်ရပါသည်။

ဤသမထ-ဝိပဿနာ တရားများကို ဖော်ထုတ်၍ သင်ကြားပြသပေးသော ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အားလည်းကောင်း၊ ရန်ကင်းအေးငြိမ်းရိပ်သာ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးကေလာသ (သာသနဇောတိကမ္မဋ္ဌာစရိယ) အားလည်းကောင်း၊ တပည့်တော် ကျင့်ကြံပွားများ အားထုတ်ခဲ့ရသော တရားထူး, တရားမြတ်အား ဓမ္မပူဇာအဖြစ်ဖြင့် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်သူမြတ်ဘုရား။

BURMESE CLASSIC .com

တရားစခန်း၌ အစစ, အရာရာ ဂရုတစိုက် စောင့်ရှောက်ပေးကြသော . . . ကျောင်းဒကာဦးသိန်းအောင်အားလည်းကောင်း၊ ဦးပြုံးနှင့်တကွ ဝေယျာဝစ္စအဖွဲ့သူ, အဖွဲ့သားများအားလည်းကောင်း၊ ပင်မဆွမ်းအလှူရှင် ဦးအေးဆောင် + ဒေါ်စိမ်းစိမ်း -.မိသားစုနှင့် အခြားအခြားသော ဆွမ်းအလှူရှင်, ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်အပေါင်းတို့အားလည်းကောင်း၊ အထူးကျေးဇူးတင်ပါသည်။ သာဓုလည်း ခေါ်ပါသည်။ တပည့်တော် ပွားများအားထုတ်ခဲ့ သမျှသော ကုသိုလ်ကောင်းမှု အစုစုကိုလည်း အမျှပေးဝေပါ သည်။

ဒေါ်ရင်ရင်မြ
အသက် (၅၄)နှစ်
အမှတ် – ၄၇၂၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

နေ့စွဲ = ၁၃၆၈–ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်၊ တနင်္ဂနွေနေ့။



## ပန်းတိုင်ရောက်ဖို့စိတ်ကြည်လင်စို့



၁၃၆၇-ခုနှစ်၊ ဝါဆိုလဆန်း(၁၄) ရက်နေ့၊ နေ့လယ်မှာ ရန်ကင်းအေးငြိမ်းရိပ်သာကို ကျွန်မရောက်ရှိခဲ့ပါတယ်။ လပြည့်နေ့မှာ အာရုံဆွမ်းစားပြီး ဆရာတော် ဦးကေလာသ ဟောကြားတော်မူသော နေ့ထူးနေ့မြတ် ဝါဆိုလတရားတော်ကို ကိုးပါးသီလ ခံယူပြီး တရားနာယူကြပါသည်။

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာတော့ မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီးရဲ့ ဩဝါဒအတိုင်း ဆရာတော် ဦးကေလာသထံမှ အလုပ်ပေးတရားများနှင့် အဆုံးအမ ခံယူကြရပါသည်။

ဆရာတော်ကြီးရဲ့ ဩဝါဒ, ဆရာတော်ဦးကေလာသရဲ့ အဆုံးအမတွေထဲက စိတ်ကြည်လင်ရင် နိမိတ်ကြည်တယ်၊ ကိုယ့်လုပ်အားခ ကိုယ်ရတာ-ဆိုတဲ့ အဆုံးအမ နှစ်ခုဟာ ကျွန်မအတွက် ပြီးဆုံးသည်အထိ အားတွေပါဘဲ။ အားအကိုးရဆုံး ရွှေဆောင်နှစ်ခုပါ။ စိတ်ကြည်လင်ဘို့အတွက် မေတ္တာများများ ပွားနေရတော့ အားလုံးရဲ့ အပေါ်မှာ အနိမ့်, အမြင့် ကွာဟချက်တွေ မထားဘဲ တပြေးညီလောက် ဖြစ်လာတော့ ကြည်လင်တဲ့ စိတ်တွေ ဖြစ်လာရတာပေါ့။

www.burmeseclassic.com



ကိုယ့်လုပ်အားခကို ရဘို့အတွက် ဝါရေဝါမှတ်ကို သန့်သည်ထက်သန့်အောင် များများကြိုးစားပြီးမှတ်တော့ ပြီးဆုံးသည်အထိ ထိုအကြောင်းနှစ်ခုရဲ့ အထောက်အပံ့တွေ ရလာတာ လက်တွေ့ဖြစ်ခဲ့ပါတယ်။

ပျော်ရွှင်ဖွယ် ဖြစ်ရတာကတော့ တာဝတိံသာနတ်ပြည် ဖြစ်ပြီး အေးချမ်းစေတာကတော့ အကနိဋ္ဌ ဗြဟ္မာ့ဘုံကြီးပါဘဲ။ ဒုဿစေတီရဲ့ အရောင်တော်နှင့် စေတီရဲ့ ပုံတော်ဟာ ထူးခြားပြီး ကြည်ညိုရတာ မျက်စိကအစ ရင်ထဲမှာ အေးချမ်းရပါတယ်။

ဝိပဿနာရောက်တော့ အတိတ်အကြောင်းတရားငါးပါးကြောင့် ဖြစ်ပျက်ဖောက်ပြန်နေတာတွေကို မြင်ရတော့ ရုပ်လို့ခေါ်တဲ့ ကိုယ့်ရဲ့ခန္ဓာကြီး အမျိုးမျိုးဖောက်ပြန် ပျက်စီးနေတာတွေ တွေ့ရတဲ့အခါ ဘဝဆိုတာ ဘယ်ဘဝမှ မလိုချင်တော့တဲ့ အသိဉာဏ်ဖြစ်ရပါသည်။ ဖြစ်ပျက်ဒုက္ခတွေ မရှိတဲ့ နိဗ္ဗာန်ကို အာရုံ ပြုနေတဲ့စိတ်နဲ့ဘဲ နေချင်ပါတော့သည်။

ရုပ်လို့ခေါ်တဲ့ အစိုင်အခဲမရှိတဲ့ အလွယ်ပြောရရင် အမှုန့်လေးတွေ ဖြစ်ပျက်နေတဲ့သဘော၊ နာမ်လို့ခေါ်တဲ့ ရှေ့စိတ်နောက်စိတ်တွေကလည်း တတန်းတည်း မရှိဘဲ ကပ်ကပ်ပြီး ပျက်နေတဲ့သဘောတွေကိုလည်း ကိုယ့်ရဲ့သမာဓိအားရှိသလောက်နဲ့ မြင်ခဲ့ရပါတယ်။ အတည်တကျ အခိုင်အမာမရှိကြ၊ အားကိုးလောက်တာ တစ်ခုမှမတွေ့ရတော့ ဘဝအားလုံး ပြတ်စဲတဲ့ နိဗ္ဗာန်ကိုဘဲ စိတ်ညွတ်နေမိပါတယ်။



မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကေလာသတို့ရဲ့ အဆုံးအမတွေဟာ ကိုယ်မှာရှိနေတဲ့ တရားတွေ အသိဉာဏ်တွေကို စစ်ဆေးဖော်ထုတ်ယူလို့ အရဆုံးပါဘဲ။

ကိုယ်စွမ်းနိုင်လျှင် စွမ်းနိုင်သလောက် စကြာဝဠာအထိ ဖြန့်လို့ရတယ်-ဆိုတာ မယုံနိုင်စရာ မရှိတော့ပါဘူး။ တရှူတရှိုက်နှင့်ပင် အထက်ဘဝဂ်, အောက်အာကာသအထိ ရောက်နေတာ လက်တွေ့ဖြစ်နေတော့ ကျွန်မအတွက် နှစ်လဆိုတဲ့အချိန်ကို လာကာစက အလွန်များလွန်းတဲ့ ရက်ဖြစ်နေခဲ့ရပြီး တရားအားထုတ်ပြီး အချိန်ရောက်တော့ ကျွန်မကိုယ်ပိုင် ရလိုက်တဲ့ ရက်, လဟာ အလွန်ကို နည်းပါးနေပါတယ်။

ကျွန်မနေခဲ့ရတဲ့ နှစ်တွေ အများကြီးထဲမှာ ကျွန်မကိုယ်ပိုင် ရလိုက်တဲ့ရက်ဟာ အလွန်နည်းနေတာ တွေ့ရတော့ ဆက်လျက်ရှုပွားနေရမှာကို သတိထား၍ လာမိပါတော့တယ်။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကေလာသတို့အား ရှိခိုးဦးခိုက်လျက် တရားတော်နဲ့ ရိုသေစွာ ပူဇော်ကန်တော့လိုက်ပါသည် ဘုရား။

ဒေါ်မြင့်မြင့်ဆွေ
မော်လမြိုင်ကျွန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com



## ဂါကောင်းလို့ , ဂါကောင်းလို့



ကျွန်မသည် သူငယ်ချင်း မလဲ့ဝင်းရွှေ, ဒေါက်တာ ဒေါ်အေးအေးမာ, ဦးကျော်နန္ဒအောင် (ဓမ္မဗျူဟာမဂ္ဂဇင်း) တို့၏ ကူညီပံ့ပိုးမှုကြောင့် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၆၈-ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှစ၍ တော်သလင်းလပြည့်(၁၅) ရက်နေ့အထိ ရက်(၆၀)တရားစခန်းဝင်ရန် သူငယ်ချင်းဖြစ်သူ မလှုတင်နှင့်အတူ ရောက်ရှိခဲ့ပါသည်။

တရားစခန်းတွင် မြတ်စွာဘုရားရှင်အား ရှိခိုးပူဇော်ရခြင်း, သတ္တဝါအားလုံးအပေါ်၌ မေတ္တာထားခြင်း၊ နေ့စဉ်ကိုးပါးသီလ စောင့်ထိန်းခြင်း၊ တရားနာရခြင်း၊ တရားထိုင်ရခြင်း ဘာဝနာ ကုသိုလ်ထူးများကို ရရှိခဲ့ပါသည်။

ရှေးဦးစွာ တရားပြဆရာတော် ဦးကေလာသက အရဟံ ဂုဏ်တော် (၃)ရက်၊ မေတ္တာဘာဝနာ (၁)ရက်၊ အသုဘ, မရဏာဿတိကမ္မဋ္ဌာန်း (၁)ရက် စတင်ပွားခိုင်းပါသည်။ ထို့နောက် နှာသီးဖျားကို လာထိသော ဝင်လေ,ထွက်လေကို သတိနှင့်မပြတ် ထိနေမှုကို သိနေရပါသည်။ ပွားများပြီး နိမိတ်အလင်းများ ရလာသောအခါ ထိုတရားနိမိတ်နှင့် အနီး,အဝေး စေလွှတ်ပြီး



အခန်းထဲမှနေ၍ ယောဂီများနေသော အခန်းတိုင်းကို အခန်းတိုင်း အဆင့်ဆင့် အုတ်နံရံကိုဖောက်ပြီး စေလွှတ်ရာ အခန်းထဲရှိလူများ ဘာလုပ်နေတာကို မြင်ရတဲ့ ပထမဆုံး အတွေ့အကြုံကို အံ့ဩစွာ တွေ့ရပါသည်။

ဘုရားဖူးခန်း စတင်သော် တရားနိမိတ်ဖြင့် ဘုရားရှင်ကို ကြည်ညိုသော သဒ္ဓါစိတ်, ပျော်ရွှင်ကြည်နူးမှု သောမနဿ ပီတိစိတ် အပြည့်နှင့်ပွားပြီး ဘုရားကို စတင်ဖူးရပါသည်။ ဘုရားဖူးနေချိန်အတွင်း မိမိစိတ်ထဲမှာ သောက, ဒေါမနဿ, သံသယတရားများကို လုံးဝမဝင်မိစေဘဲ စိတ်ကလေးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းထားပြီး ဖူးရပါသည်။ မဖူးမှီ ဖူးရမယ့် ဘုရား၏ ဘုရားစောင့်နတ်, ကျောင်းစောင့်နတ်တို့ကို အရင်မေတ္တာပို့ ခွင့်တောင်းပြီး နောက်မှ ပြုပြုသမျှ ကုသိုလ်ကို အမျှဝေရပါသည်။

အလင်းနိမိတ်ဖြင့် ဆရာတော်ဖူးခိုင်းရန် သတ်မှတ်ထားသော ဘုရားများ၊ မြန်မာပြည်အနှံ့ ဘုရားများကို လူကိုယ်တိုင် သွားရောက်ဖူးမျှော်ရသကဲ့သို့ ထင်ထင်ရှားရှား ကြည်ကြည်လင်လင် ဖူးတွေ့ရ၍ မိမိ၏အလင်းနိမိတ်ကို အံ့ဩမဆုံး ဖြစ်ခဲ့ရပါသည်။ ထို့မျှမကသေးဘဲ မိမိ၏ပါရမီကြောင့် ဘုရားတိုင်း၏ ဌာပနာတော်များကိုပါ အတွင်းကျကျ ဖူးတွေ့ခွင့်ရတာကိုလည်း ကျေနပ်မဆုံး ဖြစ်ခဲ့ရပါသည်။

အင်းလေးဖောင်တော်ဦး ဘုရားကို ရွှေများအုပ်ထားသည့်အတွင်းမှ ဘုရားပုံတော်ကို ပကတိ ဖူးပါရစေဟု ခွင့်တောင်း

www.burmeseclassic.com



တော့ ရွှေတုံးနေရာတွင် မှန်အကြည်ဖြစ်သွားပြီး အတွင်းမှ ဘုရားငါးဆူလုံးကို ထင်ထင်ရှားရှား ကြည်ကြည်လင်လင် ဖူးတွေ့ခဲ့ရပါသည်။ ထူးခြားချက်ကတော့ ဘုရားတစ်ဆူနဲ့ တစ်ဆူ ပုံတော်မတူကြပါ။ အားလုံးကတော့ ရွှေဆင်းတုတော်များ ဖြစ်နေတာကိုလည်း တွေ့ခဲ့ရပါသည်။

အလောင်းတော်ကဿပကို ဖူးစဉ်ကလည်း ဂူပေါက်ဝ ဘေးတစ်ဖက် တစ်ချက်စီတွင် ရဟန်းငါးပါးစီရပ်ပြီးစောင့်နေတာလည်း တွေ့ရပါသည်။ ဖူးခွင့်တောင်းတော့ ဂူကြီးက ဘေးနှစ်ဖက်ကို ကွဲသွားပြီး အပေါက်ဖြစ်သွားကာ ထိုဂူပေါက်နေရာကနေ၍ ရဟန်းတော် (၁၀)ပါး နောက်မှ လိုက်ဝင်သွားရပါသည်။

ဂူထဲရောက်တော့ ရဟန်း(၁၀)ပါးက သူ့နေရာနှင့်သူ နေရာထိုင်ခင်းလေးမှာ ထိုင်ပြီးတရားအားထုတ်နေတာကို တွေ့လိုက်ရပါသည်။ ဂူတွင်းမှာတော့ အလောင်းတော် ကဿပ ကိုယ်တော်က ရွှေရောင်အဆင်းနဲ့ ရွှေသလွန်ပေါ်မှာ လျောင်းနေပုံကိုလည်း ဖူးတွေ့ရပါသည်။ ခေါင်းရင်းထိပ်တွင် ထိုင်တော်မူ ရွှေဆင်းတုတော်တစ်ဆူပါ ဖူးခဲ့ရပြီး ခြေရင်းတွင် ဘုရားရှင်၏ ခြေတော်ရာကို ဂူ၏နံရံတွင် ရှိနေတာကိုလည်း ဖူးခဲ့ရပါသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံမှ ဘုရားများနှင့် ဌာပနာများ၊ အိန္ဒိယမှ ဘုရားများနှင့် ဌာပနာများ၊ ဘုရားရှင်က ပဥ္စဝဂ္ဂီ ငါးပါးကို ဓမ္မစကြာတရား ဟောကြားနေပုံ၊ နတ်၊ဗြဟ္မာများကလည်း ဘုရားကို ပူဇော်နေပုံ ဘုရားကိုယ်တော်မှ ရောင်ခြည်



တော် ကွန့်မြူးနေပုံကို သက်တော်ထင်ရှား ရှိသကဲ့သို့ ဖူးတွေ့ရပါသည်။ နောက်ဘုရားရှင်က အိပ်ယာညောင်းစောင်းတွင်လဲလျောင်းနေပြီး ရဟန်းများ, နတ်, ဗြဟ္မာများတို့က ဖူးမျှော်လျက် ပရိနိဗ္ဗာန်စံနေပုံကိုလည်း ဖူးတွေ့ခဲ့ပါသည်။

တာဝတိံသာနတ်ပြည်မှ စူဠာမဏိစေတီတော်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာဗိမာန်၊ ဗြဟ္မာ့ပြည်မှ ဒုဿစေတီနှင့် ဌာပနာတော်များ၊ ဘောဂဝတီ နဂါးပြည်မှ စွယ်တော်တို့ကိုလည်း စုံစုံလင်လင် ဖူးမြင်ခဲ့ရပါသည်။

အတိတ်ဘဝမှ ကြေးမုံပြင် မှန်ချပ်ကို တရားအလင်း နိမိတ်ဖြင့် ကြည့်ရှုသောအခါ ဆင်ဘဝ, ပုဂံမင်းသမီးဘဝ, နတ်သမီးဘဝ, ရတနာပုံနေပြည်တော်မှ မင်းညီမင်းသားဘဝ, သိုက်ဘဝ - စသည်ဖြင့် အတိတ်ဘဝများကို တရားနိမိတ်ဖြင့် မြင်တွေ့ခဲ့ရပါသည်။

တရားသင်ခန်းစာ တစ်ခုဖြစ်သော လှီးစားဖြတ်စား အခန်းတွင် အားထုတ်ရာ မိမိတွင် စွဲကပ်နေသော ခေါင်းကိုက်ဝေဒနာ, အစာအိမ်ရောဂါများလည်း ပျောက်ကင်းသွားပါသည်။

ဝိပဿနာ ရှုရာတွင် ခန္ဓာကိုယ်တစ်ခုလုံးကို ပြိုကွဲပျက်စီးပြီး အရိုးစုဖြစ်သွားပုံ၊ ယင်းအရိုးစုတစ်ခုလုံး ကျေမွပျက်စီးပြီး ပျောက်ကွယ်သွားပုံ, ခန္ဓာကိုယ်အတွင်းပိုင်းမှ ကလီစာများကို ပိုးများ, လောက်ကောင်များ စားသောက်နေပုံ၊ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းပိုင်း ပြတ်သွားပုံ၊ ခေါင်းပိုင်းပြုတ်ထွက်သွားပြီး လည်းပင်းမှ သွေးများ ခန္ဓာကိုယ်အနှံ့ ယိုစီးလာပုံ၊ သွေးများကနေ အသားများပုပ်ပြီး တစ်စစီ ပြုတ်ကျသွားပုံ၊ နောက်ဆုံး ကလီစာများအား ပိုးမွှားများစားသောက်နေပုံများကို စက်ဆုပ်ရွံရှာဖွယ် တွေ့မြင်ရပါသည်။

တလံလောက်ရှိသော သံချွန်ချောင်းကြီးကို ငယ်ထိပ်မှ ထိုးဖောက်ပြီး စိုက်ချလိုက်ပုံ၊ ခန္ဓာကိုယ်အောက်ပိုင်းထိ ထုတ်ချင်းဖောက်လျက် ခန္ဓာကိုယ်လည်း နေရာအနှံ့ တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်ပြီး လောင်ကျွမ်းနေပုံ၊ နောက်ဆုံး အရိုးစုက မီးသွေးတုန်းဖြစ်၍ ပြိုကျသွားပုံ ကြောက်ခမန်းလိလိကို တရားအလင်းနိမိတ်နဲ့ တွေ့လိုက်ရပါသည်။

ခန္ဓာကိုယ် ရုပ်တရားကြီး၏ ဖောက်ပြန်ပျက်စီးပုံ၊ အစိုးမရပုံတွေကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရပါသည်။

ရက် (၆၀) တရားစခန်းကို အောင်မြင်ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက် ပေးကြသော ဆရာတော်ဦးကေလာသ, ဆရာတော်ဦးသုမင်္ဂလ, ဆရာလေးဒေါ်ခေမာစာရီ (မော်ကျွန်း), ကျောင်းဒကာဦးသိန်းအောင် ဇနီး ဒေါ်ဆွေဆွေဝင်း, ဆရာဦးမြင့်နိုင်, ဦးပြုံး, ကိုမင်းလွင်, ဒေါ်မြဟန်, ဒေါ်မြစန်းနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များအားလုံး၊ ပင်မဆွမ်းဒါယကာများ, နေ့စဉ်ဆွမ်းများကို လှူဒါန်းကြသော စေတနာရှင်များနှင့် ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။



၁၃၆၈-ခု၊ တော်သလင်းလဆန်း (၁၀)ရက်၊ သောကြာနေ့၊ နေ့လည် ၁ း ၅၅ မိနစ်တွင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ-ဆိုတဲ့ သတင်းကို ကျောင်းဒကာ ဦးသိန်းအောင်မှ ဆရာတော်ကို လျှောက်တင်သံ ကြားလိုက်ရတော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘဲ ဗုဒ္ဓဘာသာ သာသနာ့သမိုင်းတွင် အစားထိုးလို့ မရတဲ့ ဆုံး ရှုံးမှုကြီးတစ်ခုကို ဝမ်းနည်းစွာခံစားလိုက်ရပါသည်။

ဆရာတော်ဦးကေလာသသည် ကန္နီနည်းဖြင့် တရားစခန်း ပြသနေသည်မှာ သုံးနှစ်သာ ရှိသေးကြောင်း သိရပါသည်။ ရင်ထဲမှာ အကယ်လို့ ဆရာတော်ကြီးဟာ လွန်ခဲ့တဲ့သုံးနှစ်ကသာ ခန္ဓာဝန်ချပြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရင် ဒီကန္နီနည်းကို လက်ဆင့်ကမ်း မပြသခဲ့လျှင် ကျွန်မတို့ ဒီလို တရားအားထုတ်ခွင့် ကြုံလိုက်ရမှာ မဟုတ်ဘူး။

ဆရာတော် ပြသခဲ့လို့ ဒီလိုထူးခြားတဲ့ မဟာအခွင့်အရေးထူးကို ရရှိခဲ့တာ၊ ဒီလိုကျင့်ခွင့်ရတာကို **"ကံကောင်းလို့ ကံကောင်းလို့"** ဆိုပြီး တွေးရင်းနဲ့ ဝမ်းမြောက်ပီတိဖြစ်ပြီး ဆရာတော်ဘုရားကြီး ရှိရာကို ဦးတိုက်ကန်တော့မိပါသည်။

အခု တရားစခန်းဝင်ပြီး ကျွန်မရဲ့ ရင်ထဲမှာ ဘာဝနာမျိုးစေ့ကို ဆရာတော်က ချပေးခဲ့ပါပြီ၊ ဘာဝနာမျိုးစေ့ကနေ အပင်ပေါက် ရှင်သန်ကြီးထွားအောင်လုပ်ဖို့က မိမိတာဝန်ဘဲ ဖြစ်ပါသည်။ ဒါကြောင့် အောင်မြင်သော မျိုးစေ့ကနေ အပင်ပေါက်ပြီး ရှင်သန်လာဖို့ ကောင်းမွန်တဲ့ မြေဆီလွှာမှာ စိုက်ပျိုးပြီး လုံလောက်တဲ့ နေရောင်ခြည်၊ မြေဩဇာထည့်, မြေလောင်းပေါင်းတင်, ပိုးမွှားအန္တရာယ် ကာကွယ်စောင့်ရှောက်သကဲ့သို့

www.burmeseclassic.com



မိမိရဲ့ ရင်ထဲမှာရှိနေတဲ့ ဘာဝနာမျိုးစေ့ကို ရှင်သန်ကြီးထွားအောင် မိမိရဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-လက်ကိုင်ထားပြီး မလျှော့သောဇွဲနဲ့ အချိန်ပြည့် ကြိုးစားသွားဖို့ လိုအပ်ပါသည်။

ဒါမှသာ ဘာဝနာမျိုးစေ့ ဘဝကနေ ဝိပဿနာအပင်မှ မဂ်သီး, ဖိုလ်သီးတွေပေါက်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလိမ့်မည်။

ဘုရားရှင်၏ သာသနာနဲ့ကြုံခိုက်၊ လူ့ဘဝနဲ့ကြုံခိုက်၊ သင်ကြားပေးသော ဆရာကောင်း သမားကောင်းရှိခိုက်၊ မိမိလည်း အသက်မသေသေးခင် အားထုတ်ချင်ရင်တော့ ဆရာတော်ကြီးကဲ့သို့ တရားပြနေသော ဆရာတော်ဦးကေလာသရှိရာ ရန်ကင်းအေးငြိမ်းရိပ်သာကို ကြွခဲ့ကြပါလားလို့ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းကို လမ်းညွှန်ပါရစေရှင့်။

ဆရာတော်ဦးကေလာသလည်း ဗုဒ္ဓဘာသာ သာသနာ သမိုင်းမှာ နေတစ်ဆူ, လတစ်ဆူ ထွန်းလင်းတောက်ပပါစေ၊ သက်တော်ရာကျော်ရှည်ပြီး သာသနာ့အကျိုးကို ဆထက်ထမ်းပိုးတိုး၍ ပိုပြီးဆောင်ရွက်နိုင်ပါစေ၊ ဒီကန္တိကမ္မဋ္ဌာန်းနည်းလည်း ကမ္ဘာတစ်ဝှမ်းကို လွှမ်းခြုံပြန့်ပွားနိုင်ပါစေ-လို့ ဆုတောင်းဦးတိုက်ကန်တော့လိုက်ပါသည် ဘုရား။

**မခင်ခင်ဦး**
အသက် (၄၃)နှစ်
No.64, လသာလမ်း၊ ရန်ကုန်
Ph: 01-378309



# အလင်းကွန်ရက်ဖြန့်ကြမယ်



ကျွန်မသည် စာရေးဆရာ ဦးကျော်နန္ဒအောင်၊ ဒေါက်တာဒေါ်အေးအေးမာ တို့၏ ကူညီမှုဖြင့် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၆၈-ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက်မှစ၍ တော်သလင်းလပြည့် (၁၅) ရက်နေ့အထိ ရက် (၆၀)တရားစခန်းဝင်ရန် သူငယ်ချင်းဖြစ်သူ မခင်ခင်ဦးနှင့်အတူ ရောက်ရှိခဲ့ပါသည်။ ကျန်းမာရေး မကောင်းသော ကျွန်မအား ညီမငယ် တိုက်တွန်းချက်အရ ဤရန်ကင်းအေးငြိမ်းရိပ်သာသို့ တရားအားထုတ်ရန် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော် ညွှန်ကြားချက်အတိုင်း အရဟံဂုဏ်တော် (၃)ရက်၊ မေတ္တာပို့ (၁)ရက်၊ မရဏာဿတိပွားပုံ (၁)ရက်-စသည့် သမထ-ဝိပဿနာ ကျင့်စဉ်များကို ကြိုးပမ်းအားထုတ်ခဲ့ရာ သမထပိုင်း၌ အခြားယောဂီများကဲ့သို့ တရားအလင်းနိမိတ်ကို လခြမ်းသဏ္ဌာန် တွေ့ရှိခဲ့ပါသည်။ ထိုအလင်းနိမိတ်ဖြင့် ကျောင်းဝင်းထဲမှ ဘုရားအား စတင်ဖူးရပါသည်။

နောက်ရက်များတွင် ရန်ကင်းတောင်ရှိဘုရား၊ မန္တလေးမြို့အနှံ့မှ ဘုရားများစသည်ဖြင့် တဖြည်းဖြည်းနှင့် ပေးရာအရပ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားများကို အလင်းနိမိတ်ဖြင့် ဖူးရသည်။

ထို့နောက် အိန္ဒိယနိုင်ငံရှိ ဘုရားစေတီ ပုထိုးများကို လည်းကောင်း၊ သီရိလင်္ကာနိုင်ငံရှိ စွယ်တော်၊ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီ၊ ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီ၊ ဘောဂဝတီ နဂါးပြည်ရှိ စွယ်တော်ကိုလည်း အလင်းနိမိတ်ဖြင့်ပင် ဖူးရသည်။ မီးလောင်နေသော ငရဲသားများ ခွေးများလိုက်၍ အော်ဟစ်ပြေးလွှားနေကြသော ငရဲသားများအား မကြည့်ရဲအောင် ကြောက်ရွံ့တုန်လှုပ်မိသည်။

တရားသခ်န်းစာ တစ်ခုဖြစ်သော လှီးစားဖြတ်စား အခန်းတွင် ကျွန်မ၏ ဘယ်ဘက်ဝမ်းဗိုက်မှ တဆစ်ဆစ်ကိုက်ခြင်း၊ အပ်နှင့်ထိုးသကဲ့သို့ စူးစူးဖြစ်ခြင်း၊ အစာအိမ်ရောဂါတို့ကို သက်သာ ပျောက်ကင်းစေခဲ့၏။ အတိတ်ကြေးမုံပြင်တွင် (၁၀)နှစ်အရွယ် မိန်းကလေး(၁)ဘဝ၊ အမျိုးသမီးကြီး (၁)ဘဝနှင့် တိရစ္ဆာန် (၄)ဘဝတို့ကို သံဝေဂရစွာ တွေ့မြင်ခဲ့ရ၏။

ဝိပဿနာပိုင်းတွင် ဆရာတော် သွန်သင်ပြသသည့် အတိုင်း **"ရုပ်, ရုပ်, ရုပ်"** ဟု ဆိုပြီး ရင်ချိုင့်ကို စိတ်စိုက်လျက် ရှုပွားသည်။ ခန္ဓာကိုယ်ကြီး အိုးထိန်းစက်လို ယိမ်းယိမ်းလာကာ ဦးခေါင်းသည်လည်း ကျောက်ဆည်မှ ဆင်ကပုံအတိုင်း ဘယ်ညာယိမ်းကာ စည်းဝါးကိုက်လျက် လှုပ်ယမ်းနေသည်ကို တွေ့ရ၏။

မျက်လုံးသည်လည်း လှုပ်လှုပ်ရွရွဖြစ်၍ အကြောဆွဲသည့်အလား မျက်မှောင်ကြုံ့ကာ မျက်လုံးမှ ဖြာကနဲ,ဖြာကနဲ



အပူများထွက်ပြီး တကြိမ်တွင် အေးမြသော ပီတိလေးကို ကိုယ်တွေ့ ခံစားလိုက်ရ၏။

ဉာဏ်စဉ်များကို ရှုပွားသောအခါ အစိုးမရသော ဤရုပ်တရားကြီး၏ ကိုယ့်အလိုသို့ မလိုက်ပုံ၊ ပူမှု, အေးမှု, ထုံမှု, ကျင်မှု, ကိုက်ခဲမှု ဝေဒနာများ ဒရစပ်ပေါ်လာသည်ကို တွေ့ရသည်။

ကျွန်မသည် ရင်ချိုင့်တွင် ရှုမှတ်သည့်အခါ ခန္ဓာကိုယ်တခုလုံး အပူရှိန် တဖြည်းဖြည်းပြင်းလာကာ ခန္ဓာကိုယ်ကြီး လောင်ကျွမ်း၍ မီးသွေးခဲ, မီးသွေးတုံးဖြစ်ခြင်း၊ နှလုံးမှာလည်း နီရဲစွာ တဆက်ဆက်တုန်နေခြင်း၊ နေရာအနှံ့ အပ်နှင့်စူးကနဲ, စူးကနဲ ထိုးခံရခြင်းများကို တရားလျှောက်သည့်အခါ မျက်ရည်တွင်တွင် စီးကျခဲ့ရသည်။ တရားထိုင်နေသော မိမိ၏ ပုံသဏ္ဍာန် အရိုးစုကြီးကိုလည်း ထိတ်လန့်တုန်လှုပ်စွာ တွေ့ခဲ့ရ၏။

ရက် (၆၀)တရားစခန်းကို အောင်မြင်ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြသော ဆရာတော်ဦးကေလာသ၊ ဆရာတော်ဦးသုမင်္ဂလ၊ ဆရာလေးမခေမာစာရီ (မော်ကျွန်း)၊ ကျောင်းဒကာဦးသိန်းအောင်နှင့် ဇနီး ဒေါ်ဆွေဆွေဝင်း၊ ဆရာဦးမြင့်နိုင်၊ ဦးပြုံး၊ ကိုမင်းလွင်၊ ဒေါ်မြဟန်၊ ဒေါ်မြစန်းနှင့် ဆွမ်းဝေယျာဝစ္စ ဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလုံး၊ ပင်မဆွမ်းဒါယကာနှင့် နေ့စဉ်ဆွမ်းများကို လှူဒါန်းကြသော စေတ

www.burmeseclassic.com



နာရှင်များ၊ ကျွန်မ၏လိုအပ်ချက်၊ အားနည်းချက်များကို အနီးကပ် စိတ်ရှည်လက်ရှည် ကူညီလမ်းညွှန်ပေးသော သူငယ်ချင်း မခင်ခင်ဦးအား ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

မလှတင်
အသက် (၄၃)နှစ်
၁၅-လမ်း အမှတ် - ၇/၄ - လှော
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



## တန်ဖိုးအနန္တထိုက်တဲ့လေ



ကျွန်မသည် ဤတရားစခန်းသို့ မေမေရဲ့ တိုက်တွန်းမှုကြောင့် ရောက်ရှိခဲ့ပါသည်။ ငယ်စဉ်မှ၍ ယနေ့အချိန်ထိ ပညာရေးနဲ့သာ အချိန်ကုန်လွန်ခဲ့ပါသည်။ တရားစခန်းကို အရမ်းဝင်စေချင်တဲ့ ဖေဖေနှင့်မေမေ စိတ်ချမ်းသာအောင် တရားအားထုတ်ပြီး မိဘကျေးဇူး အနည်းငယ် ဆပ်နိုင်ရင်ဘဲ ကျေနပ်ပါပြီ-ဆိုတဲ့ စိတ်ဆန္ဒ တစ်ခုထည်းနဲ့ ရန်ကင်းအေးငြိမ်းရိပ်သာရက် (၆၀) တရားစခန်း ဝင်ဖြစ်ခဲ့ပါသည်။

တရားစခန်း စ,စချင်း တရားပြ ဆရာတော် ဦးကေလာသက အရဟံဂုဏ်တော် (၃)ရက်၊ မေတ္တာဘာဝနာ (၁)ရက်၊ အသုဘမရဏာဿတိ ကမ္မဋ္ဌာန်း (၁)ရက် ပွားပြီးနောက် အာနာပါန ကမ္မဋ္ဌာန်းကို ဆက်လက် ပွားရပါသည်။ ဝင်လေ, ထွက်လေကို သတိမလပ် မှတ်နေရင်း (၂)ရက်မြောက်တဲ့ နေ့မှာပဲ အလင်းနိမိတ်ကို စတင်ရရှိခဲ့ပါသည်။

ရရှိလာသော အလင်းနိမိတ်ကို တစ်တောင်အကွာ, နှစ်တောင်အကွာမှစ၍ အနီးအဝေး အပို့အယူလုပ်ပြီး ဘုရားဖူးခွင့်ရခဲ့ပါသည်။ မြန်မာပြည် အရပ်ရပ်ရှိ တန်ခိုးကြီးဘုရား, စေတီပုထိုးများကို ဖူးမျှော်ခွင့် ရခဲ့ပါသည်။ အထူးအားဖြင့် မန္တလေး

www.burmeseclassic.com



မြို့တွင်း ဘုရားဖူးတဲ့နေ့ ညဘက်တရားထိုင်တဲ့ အချိန်မှာ ကျွန်မကျိုက်ထီးရိုးဘုရားကို ဖူးမျှော်ခွင့် ရခဲ့ပါသည်။

ကျွန်မဘုရားဖူးနေတဲ့ အချိန်မှာ ဘုန်းကြီးတစ်ပါးလည်း ဘုရားဝတ်ပြုနေပါသည်။ ကျိုက်ထီးရိုးဘုရားအနီးဝန်းကျင်မှာ ရွှေမှုံလေးတွေ လေထဲမှာ လွင့်နေတာကို တွေ့ခဲ့ရပါသည်။

အလောင်းတော်ကဿပဘုရားအား ဖူးခွင့်ရတဲ့ နေ့ကလည်း ကျွန်မအား အမျိုးသမီးတစ်ယောက်က ဘုရားရဲ့ နေရာအနံ့နှင့်တကွ အလောင်းတော်ကဿပ တည်ရှိရာ ကျောက်တောင်နားအထိ လိုက်လံပြသခဲ့တာကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ ညဘက်တရားထိုင်အပြီး အမျှပေးဝေနေတဲ့အချိန် ဓမ္မာရုံအထက်မှာ နတ်သား, နတ်သမီးတွေ အများကြီး လက်အုပ်ချီနေတာကိုလည်း တွေ့ခွင့်ရခဲ့ပါသည်။

အိန္ဒိယ မဇ္ဈိမဒေသ ဘုရားဖွားတော်မူရာ၊ ဘုရားဖြစ်တော်မူရာ၊ တရားဦးဓမ္မစကြာ ဟောကြားတော်မူရာ၊ မဟာပရိနိဗ္ဗာန် စံတော်မူရာ ဌာနများအားလည်းကောင်း၊ သီရိလင်္ကာနိုင်ငံတွင် ဂေါတမမြတ်စွာဘုရား၏၊ ဓာတ်တော်, စွယ်တော်, ညှပ်ရိုးတော်, ဗောဓိပင် တည်ရှိရာ နေရာများအားလည်းကောင်း တရားအလင်း နိမိတ်ဖြင့် သွားရောက် ဖူးမျှော်နိုင်ခဲ့ပါသည်။

အထူးအံ့သြစရာ ကောင်းသည်မှာ ကမ္ဘာမြေပေါ်တွင် တည်ထား ကိုးကွယ်ထားခြင်း မရှိသော မြတ်စွာဘုရား၏ ဆံတော်, ဝတ်လဲတော်, စွယ်တော်တို့နှင့် တည်ထားသော စေတီတော်များဖြစ်သည့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီ၊



ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီ၊ ဘောဂဝတီ နဂါးပြည်ရှိ စွယ်တော်တို့ကိုလည်းကောင်း၊ ကြည်ညိုစွာ ဖူးမျှော်ခဲ့ရသည်ကို ကျွန်မအနေဖြင့် ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ရပါသည်။

တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကို ဖူးသော ဒုတိယရက်တွင် ကျွန်မ၏ အဖွားနတ်သမီးကို တွေ့ခွင့်ရခဲ့ပါသည်။ အဖွားက သူနေတဲ့ ဗိမာန်ကို လိုက်ပြ၍ ဝမ်းသာကြည်နူးမှုဖြင့် ကြည့်ရှုခွင့် ရခဲ့ပြန်ပါသည်။

ဒုဿစေတီ ဖူးတဲ့ရက် တရားမှတ်နေစဉ် ကျွန်မနား, နားမှာ မောင်းထောင်မြေဇင်း တောရဆရာတော်ဘုရားကြီးက အချိန်သိပ်မကျန်တော့ဘူး၊ တန်ဆောင်မုန်းတောင် မကျော်ဘူးလို့ (၂)ကြိမ်တိုင်တိုင် လာပြောသောအသံကို နားနှင့်ဆက်ဆက် ကြားခဲ့ရသလို၊ ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်ဦးကေလာသနှင့် တပည့်ဒကာ, ဒကာမတွေ အမြန်လိုက်သွားတဲ့ မြင်ကွင်း၊ ယောဂီတွေရဲ့ စိတ်မကောင်းဖြစ်နေတဲ့ မြင်ကွင်းတွေကို ကြိုတင်တွေ့မြင်ခဲ့ရပါသည်။

ကျွန်မသည် ပြောဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် ပြောမထွက်ခဲ့ပါ။ ဒီစကားမျိုးသည် ပြောသင့်ပြောအပ်သည့် စကားမျိုး မဟုတ်သလို ကျွန်မပြောတဲ့ စကားကို ကြားပြီး ကဲ့ရဲ့အပြစ်တင်ကြလျှင် ကျွန်မကြောင့် သူတစ်ပါးမှာ ဝစီကံအပြစ် မဖြစ်စေချင်တဲ့ ဆန္ဒတွေကြောင့် မပြောဖြစ်ခဲ့ပါ။

www.burmeseclassic.com



ဒါပေမယ့် ရင်ထဲမှာ မမျှိသိပ်နိုင်လွန်း၍ ဆရာတော်ဘုရား ပျံတော်မမူမီ (၁)ရက်အလိုမှာ တရားဝင်ယောဂီများဖြစ်သော ဒေါ်ရင်ရင်မြနှင့် မခင်ခင်စိန်တို့အား ပြောပြဖြစ်ခဲ့ပါသည်။

ကျွန်မ မြင်ခဲ့, ကြားခဲ့တာတွေဟာ ဟုတ်ပါ့မလား၊ မဟုတ်လောက်ပါဘူးလို့ ကိုယ့်ကိုယ်ကို သံသယဖြစ်မိတဲ့အတွက် ကြိုတင်သိခွင့်ရပြီး ဆရာတော်ဘုရားကို သက်တော်ထင်ရှားဖူးခွင့်မရခဲ့သည့်အတွက် ယူကြုံးမရ စိတ်ထိခိုက် ဝမ်းနည်းကြေကွဲခဲ့ရပါသည်။

ဗြဟ္မာ့ပြည် ဒုဿစေတီထဲက အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကြေးမုံ့မှန်ချပ်မှ အတိတ်ကြေးမုံ့ကို တရားအလင်း နိမိတ်ဖြင့် ကြည့်ရှုသောအခါ ကျွန်မ၏ အတိတ်ဘဝအချို့ကိုလည်း တွေ့ခွင့်ရခဲ့ပါသည်။

ဘောဂဝတီ နဂါးပြည် စွယ်တော်ဖူးရာတွင်လည်း မြေကြီးတွေ အဆင့်ဆင့် ပြောင်းလဲပုံ၊ ရေတွေ၊ ကျောက်သားတွေ၊ မီးတောင်မှ ချောရည်ထွက်နေတာတွေ၊ ရေခဲထုတွေ အဆင့်ဆင့် ပြောင်းလဲနေပုံကိုလည်း မြင်တွေ့ခဲ့ရပါသည်။

ထို့နောက် ရေထဲမှာ နဂါးတွေ ရေဆော့ကစားနေတဲ့ မြင်ကွင်းကိုလည်း တွေ့မြင်ခဲ့ပါသည်။ မြောက်ကျွန်းသူနှင့်သူတို့နေထိုင်ပုံတွေကိုလည်း တရားနိမိတ်ဖြင့် တွေ့ခဲ့ရပါသည်။

ကျွန်မတို့ ကျန်းမာရေးအတွက် ပါးထွက်, နားထွက်, လှီးစား, ဖြတ်စားအခန်းတွင်လည်း တရားအလင်းနိမိတ်ဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးပူပြီး ပြတ်သွားတဲ့ အချိန်မှာ ခန္ဓာကိုယ်တစ်ခုလုံးအေးပြီး ပေါ့ပါးလန်းဆန်း သွားသည်ကိုလည်း ခံစားခဲ့ရပါသည်။ တရားအလင်းနိမိတ်၏ ဆန်းကြယ်မှုကိုလည်း မယုံနိုင်ဖွယ် အံ့ဩခဲ့ရပါသည်။



ဝိပဿနာပိုင်းသို့ ရောက်ရှိသောအခါ ခန္ဓာကိုယ်ပေါ်၌ ကျရောက်နေသော ဝေဒနာတို့၏ ပြင်းထန်စွာနှိပ်စက်မှုကို ချွေးတွေကျ၊ မျက်ရည်ကျအောင် ခံစားခဲ့ရပါသည်။ ခန္ဓာကိုယ် နေရာအနှံ့ မရှိုးနိုင်အောင် ပေါ်ပေါက်လာသော ဝေဒနာရဲ့ နှိပ်စက်မှုကိုလည်း ငါ နာတာမဟုတ်၊ ခန္ဓာကိုယ်(ရုပ်)က နာတာဟု မှတ်နိုင်ခဲ့ပါသည်။

ဉာဏ်စဉ်များကို ရှုပွားသောအခါ မျက်နှာတစ်ခြမ်းမှ အရေခွံတွေ တစ်လွှာချင်း ကွာကျ၊ စိုစွတ်နေသော အသားတွေလည်း တစ်လွှာချင်း ကွာကျ၊ အရိုးတွေကနေ နောက်ဆုံးအမှုန့်လေးတွေ ဖြစ်သွားတာကိုလည်း မြင်တွေ့ခဲ့ပါသည်။ ခြေမကြီးညိုမဲ ပုတ်ပွကာ အကောင်တွေတက်ပြီး ခြေမကြီး တဖြည်းဖြည်းပြုတ်ကျသွားတာကိုလည်း တွေ့ခဲ့ပါသည်။

ထို့နောက် ခန္ဓာကိုယ်အနှံ့ အကောင်တွေ တရွရွသွားသလိုဖြစ်ခြင်း၊ အပ်နဲ့ထိုးသလို စူးကနဲ ဆစ်ကနဲဖြစ်ခြင်း၊ ခန္ဓာကိုယ်ကြီးငြိမ်ကနဲ ဖြစ်သွားခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးပူခြင်း၊ လက်မောင်းတစ်ခုလုံးအေးပြီး ကြက်သီးထခြင်း၊ ခန္ဓာကိုယ်ပျောက်သွားသလို ခံစားရခြင်း၊ ခန္ဓာကိုယ်ကြီးတင်းကျပ်ပြီး လှုပ်မရသလို ဖြစ်ခြင်း၊ အရမ်းပြင်းထန်သော ဝေဒနာများ မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးတည်ငြိမ်စွာ ပွားများနိုင်ခြင်း-စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

မွေးပြီးကနေ့ ယခုတရားစခန်း မရောက်ခင် အချိန်တိုင်အောင် မိမိနှာခေါင်းပေါက် အသက်ရှူနေတဲ့လေက ဒီလောက်အဖိုးတန်ရှိမှန်း မသိခဲ့ပါ။ ရန်ကင်းအေးငြိမ်းရိပ်သာ တရားစခန်းရောက်မှ မိမိနှာခေါင်းက ဝင်လေထွက်လေဟာ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်မှန်း သိခွင့်ရခဲ့ပါသည်။ ဒီလေနဲ့ပဲ အလင်းနိမိတ် ရရှိခဲ့သလို လူပြည်တွင်သာမက နတ်ပြည်, ဗြဟ္မာ့ပြည်ရှိ ဘုရားများအား မယုံကြည်နိုင်လောက်အောင် ဖူးတွေ့ခွင့် ရခဲ့ပါသည်။

ငွေပေးဝယ်စရာ မလိုတဲ့ လေနဲ့ပဲ ဝိပဿနာ တရားတွေကိုလည်း ကျင့်ကြံနိုင်ခဲ့ပါသည်။ ကျွန်မ တန်ဖိုးထားရကောင်းမှန်း, အဖိုးတန်မှန်း မသိခဲ့ရသော လေကပဲ ဝင်လေထွက်လေမှတ်ပြီး ခန္ဓာကိုယ်၏ အဖြစ်အပျက်အချို့ကို မြင်တွေ့ခဲ့ရပါသည်။

ဒီလေတစ်ခု အရင်းပြုပြီး ကြိုးစားအားထုတ်လျှင် မဂ်, ဖိုလ်နိဗ္ဗာန် တက်လှမ်းနိုင်ကြောင်းကိုလည်း ကျွန်မခံစားသိရှိလိုက်ရပါသည်။ ထို့ကြောင့် ကျွန်မ၏စာတမ်းကို "**တန်ဖိုးအနန္တထိုက်တဲ့လေ**" ဟု မှတ်တမ်းတင်ရခြင်း ဖြစ်ပါသည်။

ကျွန်မအား သာမန် ဗုဒ္ဓဘာသာအဖြစ်ကနေ သစ္စာလေးပါးကို နားလည်သောသူတစ်ယောက်ဖြစ်အောင် လည်းကောင်း၊ အဖိုးမဖြတ်နိုင်တဲ့ သမထ-ဝိပဿနာ တရားထူး, တရားမြတ်တွေ ရအောင်လည်းကောင်း၊ တစ်ခါမျှ အားမထုတ်ဘူးသော သမထ-ဝိပဿနာ တရားများကို သွန်သင်ညွှန်ပြ လမ်းပြပေးသော ကျေးဇူးရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၊ ရန်ကင်းအေးငြိမ်းရိပ်သာ တရားပြဆရာတော် ဦးကေလာသ၊ ဆရာတော်ဦးသုမင်္ဂလနှင့် ဓမ္မာစရိယဦးဌေးလှိုင်တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ထိခြင်း(၅)ပါးဖြင့် အကြိမ်ကြိမ် ရှိခိုးကန်တော့အပ်ပါသည် ဘုရား။



ကျွန်မတို့ ယောဂီအားလုံးအား လိုလေသေးမရှိ နေ့ညမပြတ် အဖက်ဖက်မှ ပိုင်းဝန်းကူညီ စောင့်ရှောက်ကြသော ဝေယျာဝစ္စ အဖွဲ့ဝင်အားလုံး အထူးကျေးဇူးတင်ရှိပါသည်။

တရားစခန်းတွင် ကျွန်မအား အစစ,အရာရာ စိတ်ဓာတ်မြှင့်တင်အားပေး၍ ညီမ, တူမ, သမီးအရင်းသဖွယ် အားဆေးတစ်ခွက်ပမာ စောင့်ရှောက်အားပေး ကူညီခဲ့ကြသော အမျိုးသမီးယောဂီအဖွဲ့ အားလုံးတို့ကို ကျွန်မ၏ ရက်(၆၀)တရားစခန်းတွင် ကျေးဇူးတင်ထိုက် သူများအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

**မတင်အိမော်**

အသက် (၂၉)နှစ်

အမှတ် (၅၀) ၊ ၁၇ – လမ်း၊

၆၂ × ၆၃ ကြား၊ ဒေါ်နဘွား၊

နန်းရှေ့ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ရှိခိုက်လုံ့လစိုက်



တပည့်တော် ဒီရန်ကင်းအေးငြိမ်းရိပ်သာသို့ လာရောက် တရားအားထုတ်ချင်ခဲ့တာကြာပါပြီ။ မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ဘဘဦးဌေးလှိုင်တို့ ရှိစဉ်ကတည်းက ဒီရိပ်သာသို့ အဖေ, အမေတို့ဖြင့် လာရောက်ဆွမ်းကပ်ခွင့်ရခဲ့လို့ ဝမ်းသာခဲ့ပါတယ်။

ဘဘဦးဌေးလှိုင်၏ တရားဟောပြောကောင်းမှု, ပြုံးချိုနေသော မျက်နှာ၊ ကြည်ညိုလေးစားစရာ ကောင်းသော ယောဂီအပေါင်းကို မြင်တွေ့ရတဲ့ အခါမှာ ဝမ်းသာပီတိဖြစ်ပြီး ကြည်နူးခဲ့ရပါတယ်။ ဒီအချက်တွေကြောင့် တပည့်တော် (၁၀) တန်း စာမေးပွဲဖြေပြီး အဖေ, အမေဆီမှ ခွင့်တောင်းကာ သီလရှင်ဝတ်ဖြင့် ဒီတရားစခန်းကို လာရောက်အားထုတ်ခဲ့ပါတယ်။

ဒီတရားစခန်းကို ရောက်, ရောက်ခြင်း ဆရာတော်ဦးကေလာသက တရားတော်များကို ဟောကြားကာ အရဟံဂုဏ်တော်ကို (၃)ရက် ပွားများခိုင်းပြီး မေတ္တာပို့ (၁)ရက်၊ အသုဘ, မရဏာဿတိ ကမ္မဋ္ဌာန်း (၁)ရက် ပွားများခိုင်းပါတယ်။ မေတ္တာပို့တဲ့အခါ အရင်တုန်းကတော့ စာရွတ်သလိုပဲ ရွတ်ခဲ့တယ်။ အခုတော့ စိတ်ထဲက တကယ့်မေတ္တာကို ပေးပို့ပေးရသလို ခံစားပြီး



ပို့တတ်လာတယ်။ အဲဒီလို ပွားများပြီး (၅)ရက်မြောက်တဲ့ အခါမှ အာနာပါနတရားတော်ကို ဟောပြောပြသပြီး ရှုမှတ်ပွားများခိုင်းပါတယ်။

အာနာပါနတရားတော်ကို ယုံယုံကြည်ကြည်နဲ့ စိတ်ကို မလွတ်စေပဲ သတိကို နှာသီးဖျားမှာကပ်ပြီး ပွားများအားထုတ်လိုက်တော့ သူ့အလိုလို နိမိတ်တွေက ရလာခဲ့ပါတယ်။ အဲဒီလို အလင်းနိမိတ်တွေ ရလာပြီး ရက်အတန်ကြာတော့ အဲဒီနိမိတ်ကို ရှေ့တစ်တောင်၊ နှစ်တောင်စသည်ဖြင့် ပို့လွှတ်စေခဲ့ပါတယ်။

ထို့နောက် ရိပ်သာကျောင်းဝင်း အတွင်းမှာရှိတဲ့ ဘုရားတွေကို ဖူးမြော်ကြည်ညိုရပါတယ်။ ၎င်းနောက်မှာတော့ ရန်ကင်းတောင်ပေါ်ရှိ ဘုရားတွေကို ဖူးမြင်ရပါတယ်။ မန္တလေးတောင် အနီးတစ်ဝိုက်ရှိ ဘုရားများကို ဖူးမျှော်ခိုင်းတဲ့ အခါမှာ မန္တလေးတောင်ပေါ်ရှိ မြွေကြီးနှစ်ကောင်ကို အရှင်ကြီးတွေ့ခဲ့ရပါတယ်။ မြို့ထဲရှိဘုရားတွေကို ဖူးခိုင်းတဲ့ အခါမှာ ကြည်ကြည်လင်လင် ဖူးတွေ့ခဲ့ရလို့ ဝမ်းသာမဆုံး ဖြစ်ခဲ့ရပါတယ်။

စစ်ကိုင်းမှ ဆွမ်းဦးပုညရှင်ကို ဖူးခိုင်းတဲ့အခါမှာ နတ်သားတစ်ပါး ဆွမ်းကပ်နေသည်ကိုလည်း ဖူးတွေ့ခဲ့ရလို့ ပျော်လို့မဆုံး ဖြစ်ခဲ့ရပြန်ပါတယ်။ မုံရွာမှ ရွှေစည်းခုံဘုရားကို ဖူးမြင်ရတဲ့ အခါမှာတော့ ဘုရားကို စောင့်ရှောက်နေကြသော အစောင့်ဘီလူးကြီးတွေ သန်လျက်ထမ်းပြီး ရင်ပြင်ပေါ်မှာ စောင့်ကြပ်နေသည်ကို မြင်တွေ့ခဲ့ရလို့ အံ့ဩမဆုံးနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

www.burmeseclassic.com



အလောင်းတော်ကဿပကို ဖူးတွေ့တဲ့ အခါမှာတော့ အရင်ဆုံး ရွှေတွေနဲ့ ဝင်းဝါတောက်ပနေတဲ့ ဂူအတွင်းသားတွေကို တွေ့ရပြီး ရွှေသလွန်ညောင်စောင်းပေါ်မှာ လဲလျောင်းနေသော အလောင်းတော်အစစ်ကို ရွှေရောင်အစစ်ဖြင့် ဖူးတွေ့ခဲ့ရလို့ ပီတိတွေဖြစ်ပြီး ကြည်နူးခဲ့ရသည်။ ထပ်ဆင့်ပီတိ ဖြစ်ဖို့ရာကတော့ အလောင်းတော်ကို လာရောက်ကြည်ညိုနေသော နတ်သားတစ်ပါးနှင့် ဝတ်ဖြူစင်ကြယ် အဘိုးတွေကိုလည်း မြင်တွေ့ခဲ့ရပါသေးတယ်။

အင်းလေးဖောင်တော်ဦးကို ဖူးမြင်ကြည်ညိုရတဲ့ အခါမှာတော့ ရွှေတွေဝင်းအိ ဖောင်းကြွနေတဲ့ ရုပ်ပွားတော်များကို ဖူးတွေ့ရသည့်အပြင် ပကတိအတိုင်းလည်း တစ်ဆူ ဖူးတွေ့ခဲ့ရလို့ ပျော်လို့မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ထို့နောက် ရန်ကုန်ရွှေတိဂုံစေတီတော်ကို ဖူးမျှော်ကြည်ညိုတဲ့ အခါမှာတော့ ရင်ပြင်ပေါ်တွင် နတ်သားများကိုလည်း တွေ့ခဲ့ရပါသေးတယ်။

ထိုသို့တွေ့ခဲ့ရသည်ကို တွေးမိတိုင်း ကောင်းချီးသြဘာပေးမိ၏။ အခြားတန်ခိုးကြီး ဘုရားများကိုလည်း ဖူးတွေ့ခဲ့ရပါသေးတယ်။ အိန္ဒိယရှိ မဟာဗောဓိစေတီကို ဖူးတွေ့ရပြီး ဌာပနာကို ဖူးမျှော်ကြည်ညိုခွင့် မရခဲ့သည့်အတွက် ဝမ်းနည်းခဲ့ရသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာဌာနကို ဖူးတဲ့အခါ အပင်ကြီးနှစ်ပင် ကိုင်းလာတာမြင်ရပြီး ဘုရားရှင်၏ဘေးတွင် ရဟန်းတို့အားလည်းကောင်း၊ နတ်,ဗြဟ္မာတို့အားလည်းကောင်း ဖူးတွေ့ရလို့ အံ့သြခဲ့ရပြန်ပါတယ်။



တာဝတိံသာရှိ စူဠာမဏိစေတီကို ဖူးတွေ့ရပြန်တော့ ဘာနဲ့မျှ မလဲနိုင်သော ဝမ်းသာပီတိကိုလည်း ဖြစ်ခဲ့ရပါသည်။ ထီးတော်ကြီးနှင့် စိန်ဖူးတော်ကို စ,ဖူးရကတည်းက ပျော်ရွှင်နေရပြီး စေတီတော်ကြီးမှာလည်း ရွှေတွေဝင်းအိနေ၍ ကြည်ညိုလို့မဆုံး ဖြစ်ခဲ့ရပါသည်။ စူဠာမဏိစေတီတော်တွင် စွယ်တော်နှင့် ဆံတော်ကိုလည်း ဖူးတွေ့ခဲ့ရပါသေးတယ်။

စွယ်တော်ကို ကလာပ်ကလေးပေါ်တွင် ထည့်သွင်းပူဇော်ထားသလို ဆံတော်ကိုလည်း ရွှေကလာပ်လေးနှင့်ပင် ခွေခွေလေး ထည့်ထားပြီး ပြိုးပြိုးပြက်ပြက် အရောင်တွေ ထွက်နေသည်ကိုလည်း ကြည်ညိုခဲ့ရပါသေးတယ်။ မြကျောက်ဖျာနှင့် ပင်လယ်ကသစ်ပင်ကို ဖူးရတဲ့အခါမှာလည်း မြကျောက်ဖျာပေါ်တွင် မြတ်စွာဘုရား ထိုင်နေသည်ကို ကြည်ညိုလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။ မြကျောက်ဖျာကို ရွှေတွေ, ရတနာတွေနဲ့ ကွပ်ထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

မြကျောက်ဖျာ၏ အလယ်မှာ ကြာပန်းပုံ ဖော်ထားသည်ကိုလည်း နတ်သားတစ်ပါးပြောပြ၍ သိရှိခဲ့ရပြန်ပါတယ်။ ဝေဇယန္တာဗိမာန်ကို တွေ့မြင်ရတဲ့အခါမှာ အလွန်သားနားပြီး လေသာပြတင်းဆောင်မှ စူဠာမဏိစေတီကို ထပ်မံဖူးတွေ့ရပါတယ်။ ဝင်းအကျယ်ကြီး, မုဒ်ဦးတွေနဲ့ ရွှေပြားတွေ ခင်းထားတဲ့ ရင်ပြင်တွေကို မြင်တွေ့ရလို့ အံ့သြဝမ်းသာခဲ့ရ ပြန်ပါတယ်။

ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီကို ဖူးမျှော်ရမည့် အချိန်ရောက်တော့ ဝမ်းသာခဲ့ရ၊ ကြည်နူးခဲ့ရပြန်ပါသည်။ ဒုဿ

www.burmeseclassic.com



စေတီကြီးဟာ ကမ္ဘာဦးဆုံးပေါ်သော စေတီကြီးဖြစ်သည့် အားလျော်စွာ ငွေရောင်စေတီကြီးဖြစ်ပြီး ဘယ်စေတီနဲ့မှ မတူတာကတော့ ထီးတော်နှင့် စိန်ဖူးတော် ဖြစ်ပါတယ်။

ထီးတော်မှာ ထီးကြီးကို ဖွင့်သလိုဖြစ်ပြီး စိန်ဖူးတော်မှာလည်း ရှည်ရှည်ချွန်ချွန်ကြီး ဖြစ်ပါတယ်။ ကိုယ့်ရဲ့ အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဘဝတွေကိုပါ တွေ့မြင်ခဲ့ရပါသည်။

ဘဘဦးဌေးလှိုင်ပြောတဲ့ **"သံသရာ ခရီးသည်"** ဖြစ်သည့်တပည့်တော်ရဲ့ ဖြတ်သန်းခဲ့ရသော ဘဝတွေကတော့ ဘုန်းကြီး ကျောင်းသားနှစ်ဘဝ၊ "ဦးသာအောင်လို့ခေါ်သော အဘိုးကြီး တစ်ဘဝ"၊ "သာဂိ"လို့ခေါ်သော ကလေးတစ်ဘဝ၊ လင်းမြွေ တစ်ဘဝ၊ ကြက်ဖတစ်ဘဝ၊ ငှက်သုံးဘဝ၊ ဘဲတစ်ဘဝ၊ မိကျောင်း တစ်ဘဝ၊ ရသေ့တစ်ဘဝ၊ ဗိုက်ကြီးသည်တစ်ဘဝ၊ ရဟန်းတစ်ဘဝ၊ လှေလှော်ယောကျ်ားတစ်ဘဝ၊ နွားတစ်ဘဝ၊ ဆင်တစ်ဘဝ၊ တောသူမလေးတစ်ဘဝ၊ ကျားတစ်ဘဝ၊ စစ်သားတစ် ဘဝ-စသည်ဖြင့် မရေတွက်နိုင်သော ဘဝများကို ဖြတ်သန်းခဲ့ရပြီး "သံသရာခရီးသည် ဘဝမှ ဘယ်အခါမှာ ကျွတ်ပါ့မလဲ" ဟု တွေးတောလျက် ဒီသံသရာဘေးကြီးကို ကြောက်ရွံ့နေမိပါတယ်။

ဘောဂဝတီ နဂါးပြည်မှ စွယ်တော်ကို ဖူးရာတွင် နဂါးမင်းကြီးနှင့်တစ်ကွ နဂါးရောင်စုံတို့ကို တွေ့မြင်ခဲ့ရပြီး နဂါးမင်းကြီးကိုယ်တိုင် စွယ်တော်ကို ယူပြခဲ့လို့ ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရပါတယ်။ ငရဲပြည်ကိုရောက်တော့ လူတွေအများကြီး တန်း



စီစောင့်နေကြတာကို တွေ့မြင်ခဲ့ရတာမို့ စိတ်မကောင်း ဖြစ်လို့ မဆုံးပါ။

မြောက်ကျွန်းသို့ သွားရောက်တဲ့အခါမှာတော့ မြောက်ကျွန်းသူတို့ စောင့်နေကြပြီး တပည့်တော်ကို ပန်းသီးလို ရဲရဲလေးတစ်လုံး ပေးပါတယ်။ အေးပြီးချိုမြသလို ခံစားရတော့ အရမ်းကျေးဇူးတင်ရှိကြောင်း ပြောခဲ့ပါတယ်။

တတိယနည်းဖြစ်သော ပါးထွက်, နားထွက်၊ လှီးစား, ဖြတ်စား အစရှိသဖြင့် ကျမ်းမာရေးအတွက် ပြုလုပ်ရသော သင်ခန်းစာတွင် ခန္ဓာကိုယ်မှာ စွဲကပ်နေသော ရောဂါများ ကင်းကင်းရှင်းရှင်း ပျောက်သွားရုံသာမက တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းတက်ကြွလာပါတယ်။ စတုတ္ထနည်း **"ငြိမ်းစေမည်"** ရောက်တော့ တစ်ကိုယ်လုံး ငြိမ်းအေးသွားပြီး အပူပင်တွေ ကင်းမဲ့နေပါတယ်။

ဝိပဿနာ အဒ္ဓါနပရိဂ္ဂဟ ရှုပွားသောအခါ၌ ကလေးဘဝ အကြောင်းတွေကိုလည်းကောင်း ပြန်လည်မြင်တွေ့ရတော့ ဝမ်းသာဝမ်းနည်းဖြစ်ခဲ့ရပါတယ်။

ဉာဏ်စဉ်များကို ရှုမှတ်ပွားများသောအခါ မိမိ၏ ဦးခေါင်းမှ ဦးနှောက်တွေ ပေါက်ထွက်၊ ဝမ်းတွင်းရှိ ကလီစာတွေ ထွက်ကျလာသည်ကိုလည်းကောင်း၊ ခန္ဓာဖြစ်ပျက်တွေ အများကြီးကို မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရလို့ တဖြည်းဖြည်းနဲ့ ခန္ဓာကြီးရလာတာတွေ တွေးကြည့်ပြီး ကြောက်ရွံ့လာမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးကေလာသ ဟောကြားသည့် -

"တစ်ရက်ကုန်ပြန် ငါ့ရုပ်,နာမ်,
သေပြန်တစ်ရက် နီးပြန်ပြီ။
တစ်လကုန်ပြန် ငါ့ရုပ်,နာမ်,
သေပြန်တစ်လ နီးပြန်ပြီ။
တစ်နှစ်ကုန်ပြန် ငါ့ရုပ်,နာမ်,
သေပြန်တစ်နှစ် နီးပြန်ပြီ" ဟူသော သံဝေဂ

လင်္ကာ လေးအတိုင်းလည်း သဘောပေါက် နားလည်မိပါတယ်။

ယခုဆိုလျှင် သာသနာနှစ်(၂၅၅၀)ရှိသွားပြီ ဖြစ်သလို နောက်ထပ်နှစ်ပေါင်း (၂၄၅၀)ပဲ ကျန်ပါတော့တယ်။ ဒါကို သတိတရား လက်ကိုင်ထားပြီး တရားဘာဝနာတွေကို ရှုပွားသင့်ပါတယ်။

**"သမထ-ဝိပဿနာတရားတွေ ယခုလို ထွန်းကားနေတဲ့ အချိန်အခါမျိုးမှာ ထိထိရောက်ရောက် တရားအားမထုတ်သေးရင် ဘုရားသာသနာနဲ့ ကြုံတွေ့တယ်လို့ မဆိုနိုင်ဘူး။ လူဖြစ်ကျိုး ရှုံးတော့တာပဲ"**ဟူသော မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒကို ပြန်လည်ဖောက်သည်ချရင်း . . .

**(၁) " အို, နာ, သေသို့ မောင်းနှင်ပို့,
လူတို့မမြဲပါတကား။**

**(၂) " စောင့်ရှောက်သူနဲ့ ကိုးရာမဲ့,
အားနွဲ့လှချည်ပါတကား။**



**(၃) " ကိုယ်ပိုင်ဥစ္စာ မရှိပါ,
စွန့်ခွါသွားရမှာပါတကား။**

**(၄) " အလိုမပြည့်ဝ အားမရ,
တဏှာ့ကျွန်ကြီးပါတကား။"** ဟု သဘောပေါက်နားလည်ကာ လူတိုင်းတရားအားထုတ်ကြဖို့ "အချိန်ရှိခိုက် လုံ့လစိုက် ကြစို့"ဟု နိဗ္ဗာန်ဆော်တစ်ဦးအနေဖြင့် တိုက်တွန်းအပ်ပါတယ်။

ထို့အပြင် တပည့်တော်ကို တစ်ခါမှ မသိဘူးသော ဤသမထ-ဝိပဿနာတရားများကို သင်ကြားပြသပေးခဲ့သော ဆရာတော်ဦးကေလာသကိုလည်းကောင်း၊ တရားအားထုတ်ဖြစ်ရန် ခွင့်ပြုတိုက်တွန်းပေးသော အဖေနှင့် အမေကိုလည်းကောင်း၊ ရှိသေစွာဖြင့် ရှိခိုးကန်တော့ပါတယ်ဘုရား။

တပည့်တော်ကို စိတ်အားငယ်ချိန်များတွင် အားပေးစကား၊ တရားစကား ပြောကြားပေးကြသော အန်တီဆွေ၊ အန်တီဒေါ်မြဟန်၊ ဦးပြုံး၊ ဒေါ်ညိမ်းနှင့် ဦးသိန်းအောင်တို့အားလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဤတရားစခန်းတွင် တွေ့ဆုံခဲ့ပြီး ဝိုင်းဝန်းစောင့်ရှောက်ပေးကြသော ဓမ္မမိတ်ဆွေများနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ရှိပါတယ်။

တရားစခန်း နောက်ဆုံးနေ့တွင် တစ်သက်တာ စွဲထင်ရစ်အောင် ဆုံးမဩဝါဒပေးခဲ့သော ဆရာတော်ဦးသုမင်္ဂလကိုလည်းကျေးဇူးတင်မဆုံးရှိလှပါတယ်ဘုရား။

**မဓိတိမာ** (အသက် (၁၅)နှစ်)
မန္တလေးမြို့

www.burmeseclassic.com



# သံသရာလွတ်လမ်းရှာကြမယ်



ရန်ကင်းအေးငြိမ်းရိပ်သာတွင် ကိုယ်တိုင် တရားအားထုတ်ခဲ့သော ဆရာတော် အရှင်ဥတ္တမ-မှ လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကစ၍ တရားအားထုတ်ရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့သည့်အတွက် ရက်(၆၀)တရားစခန်းသို့ ဝင်ရောက်ကာ တရားအားထုတ်ဖြစ်ခဲ့ပါသည် ဘုရား။

ဆရာတော်ဘုရားကြီးမှ ညွှန်ကြားပြသပေးသည့်အတိုင်း ပထမတွင် သမထကျင့်စဉ်များကို ကြိုးစားပွားများ အားထုတ်ခဲ့ရာ တရားအလင်းနိမိတ်များကို ရရှိခဲ့ပါသည်။ ထိုတရားအလင်းနိမိတ်ဖြင့် ရိပ်သာအနီးဝန်းကျင်နှင့် မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများကို လူကိုယ်တိုင်ရောက်သွားပြီး ဖူးတွေ့ရသကဲ့သို့ ထင်ထင်ရှားရှား ဖူးမျှော်ခဲ့ရသဖြင့် အံ့ဩမဆုံး ဖြစ်ခဲ့ရပါသည်။ တစ်ချို့ဘုရားများတွင် မိမိ၏ကိုယ်ပွားပါ ရောက်သွား၍ ဖူးမျှော်ခဲ့ရပါသည်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်စဉ် စိန်ဖူးတော်မှ ရောင်ခြည်တော်များ လွှတ်နေသည်ကိုပါ ဖူးတွေ့ခဲ့ရပါသည်။ အလောင်းတော်ကဿပကို ဖူးမျှော်စဉ်ကလည်း ရွှေသလွန်ပေါ်တွင် ရွှေရောင်အဆင်း ဝင်းဝါနေသည့် အသားအရေနှင့်, မျက်



နှာတော် ကြည်စင်ဝင်းပလျက် ရောင်ခြည်တော်များ လွှတ်နေသည်ကိုပါ ဖူးတွေ့ခဲ့ရပါသည်။

ကျိုက်ထီးရိုးဆံတော်ရှင်ကို ဖူးမျှော်သောအခါ ပထမ ပကတိအတိုင်းကို ဖူးမျှော်ရပြီး ဆံတော်ကို ဖူးသောအခါ စေတီတည်ထားသော ကျောက်တုံးကြီးသည် အောက်ကျောက်စွန်းကြီးနှင့် လက်သီးတစ်ဆုပ်စာမျှ ကွာသွားပြီး လေထဲတွင် တည်ရှိနေသည်ကို အံ့ဩမင်သက်စွာ ဖူးတွေ့ခဲ့ရပါသည်။

အိန္ဒိယ မဇ္ဈိမဒေသမှ ဘုရားများဖူးရာတွင် ဓမ္မစကြာတရားဟောရာဌာနကို ဖူးမျှော်သောအခါ မြတ်စွာဘုရားရှင်၏ မျက်နှာတော်မှ ရောင်ခြည်တော်များ ကွန့်မြူးလျက် ပဉ္စဝဂ္ဂီငါးဦးနှင့်အတူ နတ်,ဗြဟ္မာများစွာ ဓမ္မစကြာတရားဦးကို နာကြားနေကြသည်ကို ထင်ရှားစွာ ဖူးတွေ့ခဲ့ရပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောတွင်လည်း ဘုရားရှင်၏ ဘေးပတ်လည်တွင် ရဟန်းပရိတ်သတ်နှင့်အတူ နတ်,ဗြဟ္မာများပါ ပန်းပေါင်းစုံဖြင့် ဖူးမျှော်နေကြသည်ကို ထင်ရှားစွာ ဖူးတွေ့ခဲ့ရပါသည်။ သီရိလင်္ကာနိုင်ငံရှိ ဘုရားစေတီ, ပုထိုးများနှင့်အတူ စွယ်တော်, ညှပ်ရိုးတော်, ဓာတ်တော်များနှင့် ဒက္ခိဏာသာခါ ဗောဓိပင်ကိုပါ ကြည်နူးစွာဖြင့် ဖူးတွေ့ခဲ့ရပါသည်။

တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်မြတ်ကြီးအား ဖူးမျှော်ရန် နိမိတ်မလွှတ်ခင် ကြိုတင်မေတ္တာပို့စဉ်တွင်ပင် သိကြားမင်းကြီးသည် ရှေ့သို့လက်အုပ်ချီလျက် ရောက်လာပြီး

www.burmeseclassic.com



နောက်တွင် နတ်သမီး, နတ်သားများ ခြံရံလျက်နှင့် ၎င်းတို့အနီး တွင် စေတီတော်မြတ်ကြီးကို တစ်ဆက်တည်း အံ့ဩစွာ ဖူးမျှော် လိုက်ရပါသည်။

စေတီတော်ကြီးကို စိန်ဖူးတော်မှစ၍ ဖိနပ်တော်အထိ လည်းကောင်း၊ စေတီပုရဝုဏ်ရင်ပြင်ဘေးပတ်လည်၊ အတွင်း ဌာပနာ များနှင့် ထီးတော်ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဌာပနာတိုက် အတွင်းနံရံရှိ ပုံဖော်ထားသော ပန်းပွင့်ပန်းခက် များ, ရုပ်ကြွများကိုလည်းကောင်း အသေးစိပ် ထင်ထင်ရှားရှား ဖူးမျှော်ခဲ့ရပါသည်။

ထို့ပြင် ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက် ဖျာ၊ သုဓမ္မာဇရပ်ကြီးနှင့် သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ် ကြီးတို့ကိုပါ အသေးစိပ် ဖူးမျှော်ခဲ့ရပါသည်။ မြကျောက်ဖျာကို ဖူးရာတွင်လည်း မြတ်စွာဘုရားရှင် ကျောက်ဖျာပေါ် ရွှေဖဝါး တော်တက်လှမ်းနေပုံနှင့် နတ်ဗြဟ္မာပရိတ်သတ်များ ခြံရံကာ ရောင်ခြည်တော်များ ကွန့်မြူးလျက် အဘိဓမ္မာတရားတော်ကို ဟောကြားနေပုံကိုပါ သပ္ပါယ်စွာ ဖူးမျှော်ခဲ့ရပါသည်။

ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီတော်ကြီးနှင့် အတွင်း ဌာပနာများကိုလည်း ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့, ကိုင် ကြည့်လိုက်ရသကဲ့သို့ အသေးစိပ်ဖူးမျှော်ခဲ့ရသဖြင့် တရားအ လင်းနိမိတ်၏ အစွမ်းသတ္တိကို အံ့ဩဘနန်း ဖြစ်ခဲ့ရပါသည်။

ထို့အပြင် စေတီတော် ဌာပနာတိုက်ထဲမှ အတိတ်ကြေး မှုံမှန်ချပ်ကို ကြည့်သောအခါ ဘဝသံသရာတွင် ကိုယ်တိုင်



ကျင်လည်ဖြတ်သန်းခဲ့ရသည့် ဘဝများစွာအနက်မှ အနီးစပ်ဆုံး ဘဝများကို အရင်ကြည့်ခဲ့ပါသည်။

ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည့်နေရသကဲ့သို့ တစ်ဘ ဝပြီးတစ်ဘဝ ဖြစ်စဉ်များကို ထင်ထင်ရှားရှား မြင်ခဲ့ရကာ ဝမ်း နည်းကြေကွဲ ထိတ်လန့်လာသဖြင့် ရှစ်ဘဝမြောက်ကြည့်ပြီး ခဏရပ်ကာ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝများကို ပြန်ကြည့်ခဲ့ရာ တွင်လည်း ထင်ရှားစွာမြင်ခဲ့ရသဖြင့် တရားနိမိတ်အစွမ်းကို ဖော်မပြတတ်အောင် အံ့ဩခဲ့ရပါသည်။

ဘောဂဝတီနဂါးပြည်ရှိ စွယ်တော်ကို ဖူးမျှော်ရန် နိမိတ် မလွှတ်ခင် ကြိုတင်မေတ္တာပို့နေတုန်းပင် နဂါးများရောက်လာ၍ ကြိုနေကြပြီး စေတီတော်ကိုပါ တစ်ခါတည်း ဖူးတွေ့ရပါသည်။

အံ့ဩဖွယ်ကောင်းသည်မှာ စေတီတော်ကို အနီးကပ် ဖူးမည့်အကြံတွင် ဘာမျှမမြင်ရဘဲ ဖြစ်သွားပြီး နဂါးမင်းက ၎င်းတို့၏ နန်းတော်ထဲကို ခေါ်သွား၍ ပလ္လင်ထက်တွင် ရောက် သွားပြီး နဂါးများက ထိုင်ကန်တော့လျက် နဂါးမင်းကြီးက ပလ္လင် ဘေးတွင် လက်အုပ်ကလေးချီကာ မတ်တတ်ရပ်နေသည်ကို အံ့ဩစွာ တွေ့ခဲ့ရပါသည်။ အားလုံး လူယောင်ဖန်ဆင်းထား ကြပါသည်။

မိမိသည် ဘောဂဝတီ နဂါးပြည်တွင် တစ်ချိန်က နဂါး မင်း ဖြစ်ခဲ့သည်ဟု ၎င်းတို့ ပြောကြသဖြင့် အတိတ်ကြေးမှုံတွင် ကြည့်တုန်းက နဂါးဘဝဖြစ်ခဲ့သည်ကို ပြန်သတိရမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝသံသရာခရီးတွင် ဘဝခြားသွားသော်လည်း အလင်းနိမိတ်ဖြင့် ပြန်ဆုံရပါသည်။ ထူးဆန်းလေစွ . . .။ ၎င်းတို့မှ နန်းတွင်းတွင် ထူးဆန်းအံ့သြဖွယ်ရာများကို လိုက်လံပြသ၍ ၎င်းတို့ ကျေနပ်အောင် ကြည့်ခဲ့ရပြီးမှ စေတီတော်ကို ပြန်လည်ဖူးခွင့်ရခဲ့ပါသည်။ စေတီတော်နှင့် စွယ်တော်တို့ကိုလည်း ထင်ရှားစွာ ဖူးတွေ့ခဲ့ရပါသည်။

ငရဲပြည်သို့ နိမိတ်လွှတ်သောအခါ ငရဲမင်းကြီးက ခဏလာ၍ ခရီးဦးကြို ပြုနေသည်ကို ထူးဆန်းစွာ တွေ့ရပါသည်။ ငရဲပြည်(၈)ထပ်တွင် အမျိုးမျိုးအဖုံဖုံသောနည်းဖြင့် ငရဲခံနေကြရသည်ကို ထိတ်လန့်စဖွယ် တွေ့ရ၍ ကြက်သီးတဖျန်းဖျန်းထမိပါသည်။

ပူပြင်းလိုက်သည့် ငရဲမီး၊ သွေးသံများ တရဲရဲ ကူပါကယ်ပါနှင့်၊ ကမ္ဘာပျက်သည့်အလား အော်ဟစ်သံများကြားတွင် သိခဲ့ဖူးသည့် မိတ်ဆွေနှစ်ယောက်ကိုလည်း တွေ့ခဲ့၍ မေးကြည့်ခဲ့ပါသည်။

၎င်းတို့သည် လူ့ဘဝတွင် ကုသိုလ်ကောင်းမှုများကို လုပ်ခဲ့သော်လည်း သေခါနီးတွင် ဝေဒနာနှိပ်စက်၍ ဒေါသဖြင့်သေသောအခါ တိရစ္ဆာန်များကို သတ်ခဲ့သည့်ကံနှင့် နှိပ်စက်ခဲ့သည်ကံက ပြန်အကျိုးပေးသဖြင့် ငရဲပြည်တွင် လာခံစားရသည်ကို တွေ့ရပါသည်။



ဒါနနှင့်သီလ သာမာန်ကုသိုလ်ကောင်းမှုသည် အပါယ်တံခါး လုံးလုံးမပိတ်နိုင်ပါလား၊ ဝိပဿနာကို တစ်မဂ်, တစ်ဖိုလ်သို့ရောက်အောင် အားထုတ်ထားမှ စိတ်ချရမှာပါလား-ဟုလည်း သံဝေဂဖြစ်မိပါသည်။

မြောက်ကျွန်းသို့ သွားရာတွင်လည်း ပဒေသာပင်နှင့် ချောမောလှပသော ကျွန်းသူ,ကျွန်းသားများကို တွေ့ခဲ့ရပါသည်။

တရားတော်၏ ဂုဏ်ကျေးဇူးသည် ကြီးမားလေစွ၊ အကနိဋ္ဌဘုံ, ငရဲဘုံတို့ကို တရားအလင်းနိမိတ်ဖြင့် ခရီးဆန့်နိုင်ခဲ့ပါပြီ။ ယခင်က စိတ်ကူးပင် မယဉ်ဝံ့ခဲ့ပါ။

ဝါရေဝါမှတ်လုပ်သည့် သင်ခန်းစာတွင်ပင် ကြာကြာထိုင်လျှင် ခါးနာ၍ နောက်ကျောစူးအောင့်တတ်သော ဝေဒနာများ သက်သာပြီး သူ့အလိုလို ကောင်းသွားသည်ကို တွေ့ခဲ့ရပါသည်။ ယခင်ကဆိုလျှင် တစ်ပတ်-ဆယ်ရက်ခန့်တစ်ခါ အကြောလျှော့ပေးရပါသည်။ ယခု ထိုသို့ မလုပ်ရတော့ပါ။ အထက်ဘဝဂ်အောက် အာကာသ-သင်ခန်းစာတွင်လည်း ကိုယ်တွင်းမှ ကလီစာများကို စတင်မြင်တွေ့ခဲ့ရပါသည်။

ပါးထွက်, နားထွက် သင်ခန်းစာတွင်လည်း အတွင်းက ကလီစာတွေကို မြင်နေရသည့် ခန္ဓာကိုယ်ပွားတစ်ခုသည် ရှေ့သို့ထွက်သွားပြီး ဖန်ကွဲစများလို တလက်လက်နဲ့ တောက်ပနေလျက် ပလုံစီလေးတွေ ဖြစ်သွားကာ ပျောက်ကွယ်သွားသည်ကိုလည်း တွေ့ရပါသည်။

www.burmeseclassic.com



တရားနိမိတ်ဖြင့် ခန္ဓာကိုယ်ထဲက ဖြစ်စဉ်တွေကို လက်တွေ့မြင်တွေ့ခဲ့ရပါသည်။ **“ငြိမ်း . . . စေ . . . မည်”** ရောက်သောအခါ ပတ်ဝန်းကျင်ကို သတိမထားမိသလိုနှင့် တရားတော်ရဲ့ ငြိမ်းချမ်းမှုကို အတော်ကြာကြာ ခံစားရပါသည်။

ဝိပဿနာပိုင်း ရောက်သောအခါ ကိုယ့်ရဲ့အလောင်းကောင်ကြီးကို ကိုယ့်ရှေ့မှာ ပြန်မြင်နေရပြီး တဖြည်းဖြည်း ပုတ်ပွဖောင်းကားလာသည်ကို ရွံ့ရှာစက်ဆုပ်ဖွယ် တွေ့မြင်ခဲ့ရပါသည်။

ထို့နောက် ဦးနှောက်ကြီး ပွင့်ထွက်နေသည်ကိုလည်းကောင်း၊ ဝမ်းဗိုက်အတွင်းမှ အစာအိမ်ကြီး ပွင့်ထွက်နေသည်ကိုလည်းကောင်း၊ ခန္ဓာကိုယ်အရေပြား ကွာသွားပြီး သွေးသံရဲရဲနှင့် အသားများ၊ သွေးကြောအမျှင်များ၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ အူသိမ်၊ အူမများထဲမှ အစာသစ်၊ အစာဟောင်းများကိုလည်းကောင်း တွေ့မြင်ခဲ့ရပါသည်။

အရိုးစုကြီးမှ တဖြည်းဖြည်း ပြိုကျသွားပြီး အမှုန်များဖြစ်ကာ ပျောက်ပျက်သွားသည်ကို တွေ့ရသဖြင့် ဘာမျှမမြဲပါလား-ဟု ကိုယ်တွေ့သိသွားရပါသည်။

ထိုသို့ဖြစ်သွားပြီး နောက်ပိုင်းတွင် ခန္ဓာကိုယ်ကို မတွေ့ရတော့ပဲ ဟိုနားဒီနားက ဝေဒနာလေးတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် တွေ့ရပါသည်။ ဆက်လက်၍ ကြိုးစားအားထုတ်သော် နာကျင်မှုအနေနှင့် မခံစားရတော့ဘဲ တရိပ်



ရိပ်, တသဲသဲ၊ တဖွဖွ, တရွရွကလေးများ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေ၍ ခန္ဓာကိုယ်ထဲတွင် ရုပ်နာမ်ကလွဲ၍ တကယ်ဘာမှ မရှိပါလားလို့လည်း ခံစားမိလာပါသည်။ ဝါရေဝါမှတ် လုပ်စဉ်ကလည်း အရှိန်ရလာလျှင် ခန္ဓာကိုယ်ကြီး ပျောက်သွားသည်ကို သတိထားမိပါသည်။

ဝိပဿနာပိုင်း ရောက်သောအခါ ပို၍ထင်ရှားလာပြီး တရားထိုင်လိုက်တိုင်း ခန္ဓာကိုယ်ကြီးက ပျောက်သွား၍ အကြောင်းတရားတို့ကြောင့် ဖြစ်ပျက်နေသော ရုပ်နာမ်အစဉ်များကိုသာ ရိပ်ရိပ်, ဖွဖွ, ရွရွကလေးအဖြစ် မြင်တွေ့နေရပါသည်။

ခန္ဓာကိုယ်မှ ကြက်သီးတဖြန်းဖြန်းထခြင်း၊ ခန္ဓာကိုယ်ကြီး အဆက်မပြတ် ယိုင်းယိုင်နေခြင်း၊ ပေါ့ပါးနေခြင်း၊ ငြိမ်းအေးနေခြင်း၊ ဘာမျှမရှိဘဲ ခန္ဓာကိုယ် ပုံသဏ္ဍာန်အရိပ်များသည် ကိုယ်ပွားများအဖြစ် အပေါ်သို့ အတော်ကြာကြာ တည်ရှိနေခြင်းများကိုပါ တွေ့ရှိခံစားခဲ့ရပါသည်။

ပစ္စယပရိဂ္ဂဟကို ပွားသောအခါ ဘဝသံသရာခရီးတွင် ကိုယ်တိုင်ကျင်လည် ဖြတ်သန်းခဲ့ရသည့် ဘဝများစွာကိုကြည့်၍ မဆုံးနိုင်အောင် တွေ့ရသဖြင့် ဒုဿစေတီရှိ အတိတ်ကြေးမုံတွင် ကြည့်ခဲ့ရသော (၈) ဘဝ အပါအဝင် ဘဝပေါင်း (၃၀)ခန့် ကြည့်လိုက်ပါတော့သည်။

ထိုဘဝများမှာ-အိမ်ရှေ့မင်းသားဘဝ၊ ဆင်းရဲသူမိန်းမဘဝ၊ နွားမဘဝ၊ ယောက်ျားပျိုဘဝ၊ မိန်းမပျိုဘဝ၊ ပုဏ္ဏားဘဝ၊

www.burmeseclassic.com

www.burmeseclassic.com



သိန်းငှက်ဘ၀၊ အိမ်ရှေ့မင်းသားဘ၀၊ ဘုရင့်သမီးတော်ဘ၀၊ ဂဠုန်ဘ၀၊ ဆင်ဘ၀၊ ဘီလူးဘ၀၊ ဘုရင့်သမီးတော်(၂)ဘ၀၊ ဇာတ်မင်းသားဘ၀၊ မိန်းမရှာဘ၀၊ မိဖုရားဘ၀၊ ပြိတ္တာဘ၀၊ ရဟန်းဘ၀၊ မြို့စားဘ၀၊ ဘုရင်ဘ၀၊ ယုန်ဘ၀၊ သားမင်းဘ၀၊ နဂါးမလေးဘ၀၊ မြွေမင်းဘ၀၊ ဘုရင့်သမီးတော်ဘ၀၊ နဂါးမင်းဘ၀၊ နတ်သားဘ၀နှင့် ယခုဘ၀ဖြစ်စဉ်များကိုပါ တွေ့ရသဖြင့် ဘ၀သံသရာခရီးကို ဆက်လက်ပြီး ကျင်လည်ရမည်ကို အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့မိပါတော့သည်။ သံဝေဂလည်း အကြီးအကျယ် ဖြစ်မိပြီး ဘ၀အသစ်ကိုလည်းထပ်ပြီး မလိုချင်တော့ပါ။

ဆက်လက်ရှုမှတ်သောအခါ အကြောင်းတရားတွေကြောင့် ရုပ်နာမ်တွေ တရိပ်ရိပ်, တဖွဲဖွဲ, တသဲသဲ စဉ်ဆက်မပြတ် အရိပ်ကလေးတွေလို ဆက်တိုက် ပျောက်, ပျောက်သွားသည်ကိုသာ ထပ်ခါတလဲလဲ တွေ့ရသောအခါ ဘ၀သံသရာတွေက ခန္ဓာကိုယ်ထဲမှာပါ ရုပ်နာမ်သံသရာအဖြစ် ဆက်တိုက်ဖြစ်ပျက်(သေနေတာ)တွေကို စက္ကန့်မလပ် တွေ့နေရတော့ အနိစ္စ, ဒုက္ခသဘောတရားများနှင့် မိမိကရပ်စေချင်သော်လည်း မရပ်ဘဲ ရုပ်နာမ်သံသရာကြီးက ဆက်တိုက်လည်နေသော အနတ္တသဘောတရားကိုပါ ထင်ထင်ရှားရှား တွေ့လာရသောအခါ ရုပ်နာမ် ဖြစ်ပျက်များ ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာန်ကိုသာ တကယ်ပင် ရောက်ချင်ပါတော့သည်။



သိမ်မွေ့နူးညံ့စွာ မှတ်လို့ကောင်းသည့် အချိန်များတွင် သိုနက်သည်အထိ အိပ်ငိုက်ခြင်း မရှိဘဲ လန်းဆန်းစွာ ဆက်ဘိုက်မှတ်ရင်း ပျော်မွေ့နေသည့်အတွက် တရားတော်ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါက အိပ်ဖို့မလိုတဲ့နေရာရှိတယ်ဆိုတာ တကယ်ဖြစ်နိုင်ပါလား၊ ဉာဏ်မှီသလောက် ခံစားရတဲ့ တရားတော်ရဲ့ ငြိမ်းအေးမှုတွေဟာ လောကီကာမဂုဏ်ဘယ်လိုအာရုံနဲ့မှ မလဲနိုင်ဘူးဆိုတာ တကယ်ပါလား၊ ဒါကြောင့်လည်း ဘုရားရှင်က နိဗ္ဗာန်သည်သာ ချမ်းသာစစ်, ချမ်းသာမှန်လို့ ဟောကြားခဲ့တာပါလားလို့ ဝမ်းသာပီတိဖြစ်ပြီး တရားတော်ကိုလည်း ပိုလို့ ကြည်ညိုလာမိပါသည်။

သမထ-ဝိပဿနာကျင့်စဉ်များကို ညွှန်ကြားပြသပေးသည့်အတိုင်း ရိုရိုသေသေ ကြိုးကြိုးစားစား ကျင့်ကြံပွားများအားထုတ်ပါက တရားအလင်းနိမိတ်များဖြင့် ဘ၀သံသရာခရီးမှ လွတ်မြောက်ရာလမ်းကိုလည်း အမှန်တကယ် ရှာဖွေတွေ့ရှိနိုင်ပါသည့်" အကြောင်းကို စာရှုသူများ အကျိုးများစေခြင်းငှါ ဤစာတမ်းကို ရိုသေစွာ ရေးသားတင်ပြအပ်ပါသည်။

ဤတရားနည်းလမ်းကျင့်စဉ်များကို ဖော်ထုတ်ပေးခဲ့သည့် ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်မထေရ်မြတ်ကြီးနှင့် မေတ္တာ, ကရုဏာ ကြီးမားစွာဖြင့် ဘရားတော်များကို ဟောပြောညွှန်ပြပေးသော ကျေးဇူးတော်ရှင် ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော်ဦးကေလာသတို့အား အကြိမ်ကြိမ် ရှိခိုးကန်တော့အပ်ပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်ဖြစ်အောင် အကြိမ်ကြိမ်တိုက်တွန်းခဲ့သည့် ဆရာတော်အရှင်ဥတ္တမနှင့် အမြဲမပြတ်စောင့်ရှောက်ကူညီပေးနေကြသော ဦးသိန်းအောင်၊ ဦးမင်းလွင်နှင့် ဝေယျာဝစ္စအဖွဲ့များအားလုံးကိုပါ အထူးကျေးဇူးတင်ရှိပါသည်။

မနေရည်အောင်
(26-2-2007)



# နတ်လူသာဓုခေါ်စေသော်



ကျွန်မမှာ တရားကို ကောင်းကောင်းမွန်မွန် ထိုင်တာ ဒါပထမဦးဆုံး ဖြစ်ပါတယ်။ တရားရဲ့အနှစ်သာရရှိမှုကို သိတာလည်း ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ ကျွန်မသည် ဆရာတော်ဦးကေလာသညွှန်ကြားသည့်အတိုင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း(၃)ရက် ပွားများခဲ့ပါသည်။

ပွားများစဉ်ရက်အတွင်း ရွှေတိဂုံနှင့်တူသော ရွှေရောင်စေတီကြီးကို ဖူးတွေ့လိုက်ရပါသည်။ အဲဒီတုန်းက ဘယ်ကဘုရားမှန်း မသိခဲ့ပါ။ မေတ္တာကမ္မဋ္ဌာန်း (၁)ရက်၊ အသုဘမရဏာဿတိကမ္မဋ္ဌာန်း (၁)ရက် ပွားများခဲ့ရပါသည်။ အသုဘပွားစဉ်တုန်းက ညိုမဲပုတ်ပွနေသော အလောင်းကောင်ကြီး တစ်ခုကို တွေ့မြင်လိုက်ရပါသည်။

ဆရာတော်ညွှန်ကြားသည့်အတိုင်း လိုက်နာပွားများခဲ့ရာ ကျောင်းဝင်းအတွင်းရှိ ဘုရာများ၊ ရန်ကင်းတောင်ပေါ်ရှိ ဘုရားများ၊ မန္တလေးမြို့ပေါ်ရှိ ဘုရားများနှင့် မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများအား ကြည်လင်စွာ ဖူးမြင်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောဘုရားများတွင် လိုက်လံရှင်းပြသော သူများနှင့်တွေ့ရ၍ ဓာတ်တော်များ, ဌာပနာပစ္စည်းများကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ အထူးသဖြင့် အလောင်းတော်ကဿပ မထေရ်မြတ်ကြီး၏ ရုပ်ကလာပ်အစစ်အား ဖူးတွေ့ခွင့်ရခဲ့၍ အားရကြည်နူးမိပါသည်။

နတ်တစ်ပါး၏ အကူအညီဖြင့် မထေရ်မြတ်ကြီးအား သစ်ခွပန်းများကို စိတ်တိုင်းကျ လှူဒါန်းခဲ့ရပါသည်။ ကျွန်မ ပန်းများ လှူဒါန်းအပြီး တောင်နံရံတွေမှာ နတ်များတန်းစီပေါ်လာကာ သာဓုခေါ်သံကို ကြားလိုက်ရပါသည်။ ဂူထဲတွင် သာဓုခေါ်သံများ ကြားလိုက်ရသောအခါ ကျွန်မအဖို့ ဝမ်းသာပီတိဖြစ်မှုကို ဘာနဲ့မှ နှိုင်းမပြနိုင်ခဲ့ပါ။

ထို့အပြင် ကျိုက်ထီးရိုးတော် ဆံတော်ရှင်အစစ်ကိုလည်း ဖူးမြင်ခဲ့ရပါသည်။ အင်းလေးဖောင်တော်ဦး ဘုရားများကိုလည်း ပကတိတည်ထား ကိုးကွယ်သည့်အတိုင်းပင် ဖူးမြင်လိုက်ရ၍ အံ့သြကြည်နူးမိပါသည်။ အိန္ဒိယဒေသမှ ဓမ္မစကြာတရားဟောရာ ဌာနကို ဖူးမြော်သောအခါ ရွှေရောင်အဆင်းရှိသော မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးဦးအား သက်ရှိယင်ရှားစွာ ဖူးမြင်လိုက်ရပါသည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပုံမှာလည်း ဘုရားရှင်၏ ဘေးပတ်ပတ်လည်တွင် ရဟန်းပရိတ်သတ်များ, လူ, နတ်, ဗြဟ္မာပရိတ်သတ်များကို တိတ်ဆိတ်ငြိမ်သက်စွာ ဘုရားဖူးမြော်နေသည်ကို မျက်စိတဆုံး ထင်ရှားစွာတွေ့ခဲ့ရပါသည်။



သီရိလင်္ကာနိုင်ငံရှိ စေတီပုထိုးများနှင့်အတူ စွယ်တော်, ညှပ်ရိုးတော်, ဓာတ်တော်များကို ထင်ထင်ရှားရှား ဖူးတွေ့ခဲ့ရပါသည်။ တာဝတိံသာနတ်ပြည်ရှိ ရွှေဖြင့်တည်ထားသော စူဠာမဏိစေတီနှင့် ဆံတော်, စွယ်တော်များကိုလည်းကောင်း၊ ပင်လယ်ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကိုလည်းကောင်း၊ သုဓမ္မာဇရပ်ကြီးကိုလည်းကောင်း၊ ဝေဇယန္တာနန်းပြာသာဒ်ကြီးကိုလည်းကောင်း၊ လူကိုယ်တိုင်သွားရောက် ဖူးမြင်ရသကဲ့သို့ အသေးစိပ် မြင်ခဲ့ရပါသည်။

ထို့အတူ ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီကြီးနှင့် ဘုရားရှင်၏ ဝတ်လဲတော်များကိုလည်းကောင်း၊ အတိတ်ကြေးမုံမှန်မှ ဘဝများကို ကြည့်ရှုခဲ့ရာ ဘုန်းကြီးဘဝနှင့် သိုက်နန်းသူဘဝကို တွေ့ခဲ့ရပါသည်။

ထို့နောက် နဂါးပြည်ကို ယာဉ်ငယ်လေးဖြင့် လာခေါ်သောသူနဲ့ လိုက်သွားခဲ့ပါသည်။ နဂါးပြည်ရှိစေတီနှင့် စွယ်တော်, ဓာတ်တော်, ရုပ်ပွားတော်များကိုလည်း ဖူးတွေ့ခဲ့ရပါသည်။

နဂါးမင်းနေသော ဘုံဗိမာန်ကို ဘုရားနှင့်မျက်နှာချင်းဆိုင် တွေ့ခဲ့ရပါသည်။ မေတ္တာပို့, အမျှဝေပြီး ငရဲပြည်ကို သွားခဲ့ရာ နဂါးပြည်၏ရေထုကြီး ကွဲလာပြီး အောက်မှစောင့်နေသော ယာဉ်ငယ်ဖြင့် လိုက်သွားခဲ့ပါသည်။

လမ်းတွင် လူများစွာကို တွေ့ခဲ့ရပါသည်။ သူတို့သွားသည့် နေရာက ငရဲပြည်၏ အုတ်တံတိုင်းအတွင်းထဲကို ဝင်သွား

www.burmeseclassic.com



ကြပါသည်။ ကျွန်မလည်း လိုက်ဝင်သွားခဲ့ရာ သားနားသော အဆောက်အဦးကြီးထဲမှ ခန်းမကျယ်ကြီးထဲတွင် ရွှေရောင်ထိုင်ခုံပေါ်၌ ထိုင်နေသော ယမမင်းကို တွေ့ခဲ့ရပါသည်။

ဘေးတစ်ဖက်စီတွင် အချွန်အတက်တွေ ဝတ်ထားသောသူ (၂)ဦးစီ တွေ့ခဲ့ရပါသည်။ လူများကို တစ်ယောက်ချင်း စစ်ဆေးနေသည်ကိုလည်း တွေ့ခဲ့ရပါသည်။ ငရဲပြည်သွားတုန်းက ဘာမျှ မကြားပါရစေနဲ့လို့ ဆုတောင်းခဲ့သောကြောင့် စစ်ဆေးနေသည်ကို မကြားခဲ့ရပါ။

ထို့နောက် လာခေါ်သောသူနဲ့ အုတ်လမ်းလေးအတိုင်း လိုက်သွားခဲ့ရာ အောက်တွင် ရေလှိုင်းသံများကြား၍ ငုံ့ကြည့်မိသောအခါ သွေးပင်လယ်ကြီး ဖြစ်နေသည်ကို ခြောက်ခြားစွာ တွေ့ခဲ့ရပါသည်။ သူ့အခန်းနဲ့သူ ငရဲသားများကိုလည်း တွေ့ခဲ့ရပါသည်။

ဆက်လက်သွားခဲ့ရာ အခန်းကျယ်ကြီးအတွင်း၌ သံတိုင်ကြီးပေါ်တွင် လူအကြီးကြီးအား မလှုပ်နိုင်အောင် ကြီးမားသော သံကြိုးများဖြင့် ခပ်ထားသည်ကို တွေ့ခဲ့ရပါသည်။ ခဏအကြာတွင် လူကြီး၏ ခြေတောက်အား ရဲတောက်နေသော သံချွန်ကြီးသုံးခုဖြင့် ထိုးလိုက်သောအခါ ကြည့်နေသော ကျွန်မပင် မြောက်တက်သွားခဲ့ရပါသည်။

ကျွန်မမြောက်တက်သွားစဉ်တုန်းက ၎င်း၏ခန္ဓာကိုယ်ကြီးပေါ်တွင် ရဲတောက်နေသော မီးခဲများ အုံထားသည်ကို



လည်းတွေ့ခဲ့ရပါသည်။ လိုက်ပို့သောသူအား ဤလူက ဘယ်သူလဲလို့ မေးလိုက်သောအခါ အဇာတသတ်ဖြစ်ကြောင်း သိခဲ့ရပါသည်။

ထို့နောက် စိဥ္စမာနအား သွားရောက်ကြည့်ရှုခဲ့ပါသေးသည်။ သံတုံးကြီးပေါ်၌ အရိုးပေါ်အရေတင် ပိန်ခြောက်နေသော မိန်းမတစ်ယောက်ကို တွေ့ခဲ့ရပါသည်။ သူ့ရဲ့ထူးခြားချက်မှာ သူမရဲ့ကြီးမားတဲ့ ဗိုက်ကြီးပင်ဖြစ်ပါသည်။ ဗိုက်ကြီးအတွင်းတွင် နှုတ်သီးချွန်နှင့်မြွေများစွာ ဝမ်းဗိုက်ကို ထိုးဖောက်နေသည်ကို တွေ့ခဲ့ရပါသည်။

ခဏအကြာတွင် သံဒလက်ကြီးတစ်ခုသည် မြွေတွေနှင့် ဝမ်းဗိုက်ကြီးကို မွှေလိုက်ရာ ဖောင်းဆိုသော အသံနှင့် ကွဲထွက်သွားသည်ကို တွေ့လိုက်ရပါသည်။ ကြည့်နေသော ကျွန်မသည် အရည်တွေစင်ပြီဆိုပြီး မျက်လုံးကိုမှိတ်ချလိုက်ရာ အရှေ့တွင် မှန်ခံနေသည်ကို အံ့သြစွာ တွေ့လိုက်ရပါသည်။

ထိုမိန်းမသည် မသေဘဲ နောက်တစ်ကြိမ် ဗိုက်ကြီးပူလာပြီး ငရဲခံနေရသည်ကို တွေ့ခဲ့ရပါသည်။ မိဘပြန်ပြောသော ငရဲကိုလည်း တွေ့ခဲ့ရပါသည်။ ထောင်ပုံစံအခန်းထဲတွင် အကျီမပါ အသားမဲခြောက်ခြောက်နဲ့ လူများစွာကို မီးခဲများပေါ်တွင် တွေ့ခဲ့ရပါသည်။

အခန်း၏ဘေးတွင် ရေကျသောအသံကြား၍ သွားကြည့်ခဲ့ရာ အခန်းတွင်းမှသွေးများ အုတ်ရေမြောင်းဖြင့် တဝေါ

www.burmeseclassic.com



ဝေါစီးဆင်းနေသည်ကို တုန်လှုပ်စွာ တွေ့မြင်ခဲ့ရပါသည်။

ထို့အပြင် မီးခဲများ ရဲတောက်နေသော အခန်းကျယ်ကြီး ထဲတွင် လူများပြေးနေကြသည်ကိုလည်း တွေ့ခဲ့ရပါသည်။ မြောက်ဘက်မှတံခါးကြီးဖွင့်လျှင် မြောက်ဘက်ကို ပြေးကြ၍ တောင်ဘက်မှ တံခါးကြီးဖွင့်လျှင် တောင်ဘက်ကို ပြေးနေကြ သည်ကို တွေ့လိုက်ရပါသည်။ သံတံခါးကြီးလည်း ပိတ်လိုက် ဖွင့်လိုက်ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ ထိုနေရာမှ အမြန် ဆုံး ထွက်ခဲ့ပါတော့သည်။ မြောက်ကျွန်းကိုလည်း နေရာအနှံ့ ရောက်ခဲ့ပါသည်။

လှိုးစား, ဖြတ်စား သင်္ခန်းစာနေ့တွင် ရောဂါလုံးကြီး ထွက် ကျလာသည်ကိုလည်း တွေ့လိုက်ရပါသည်။ **"ငြိမ်းစေမည်"**ဆို သော သင်္ခန်းစာတွင် အေးငြိမ်းသောအရသာကိုလည်း ခံစား ခဲ့ရပါသည်။ ဤအပိုင်းသည် သမထပိုင်းဖြစ်၍ ကျွန်မမြင်သမျှ ကို နတ်လူသာဓုခေါ်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

ဝိပဿနာအစ- ရုပ်, ရုပ်-လို့ ရှုလိုက်သောအခါ အရေ ဆုတ်ထားသော ခန္ဓာကိုယ်ကြီးကို တွေ့မြင်လိုက်ရပါသည်။ ခန္ဓာကိုယ်မှ ယားလာ၍ ကြည့်လိုက်သောအခါ ရွစိ, ရွစိနှင့် ပိုးများကို ကြက်သီးထစွာဖြင့် တွေ့မြင်လိုက်ရပါသည်။ အရိုးစု ခန္ဓာကိုယ်ကိုလည်း တွေ့မြင်လိုက်ရပါသည်။

နာမ်ကို ရှုရတဲ့နေ့တွင်လည်း ကျွန်မ၏ခန္ဓာကိုယ်သည် နေရာတိုင်း ယားကျိယားကျိ ဖြစ်နေသည်ကို သိခဲ့ရပါသည်။



ကြည့်လိုက်သောအခါ ခန္ဓာကိုယ်အတွင်းထဲတွင် အရည်တွေ စီးဆင်းနေသည်ကို တွေ့လိုက်ရပါသည်။

မြင့်ရာမှနိမ့်ရာသို့ ဆင်းတဲ့နေရာ၏အောက်တွင် ပိုးများ ကို အမျှင်လိုက်အိပ်တွေနဲ့ တွဲလောင်းကျနေသည်ကို တွေ့လိုက် သောအခါ ကျွန်မရဲ့စိတ်သည် ခုန်ဆွခုန်ဆွဖြစ်သွားသည်ကို သိလိုက်ရပါသည်။ ကျွန်မ၏ ခန္ဓာကိုယ်ကြီးကို ရွံလည်းရွံ၊ မုန်း လည်းမုန်းခဲ့မိပါသည်။

တရားထိုင်စဉ်အတွင်း ကျွန်မအား လာရောက်ညွှန်ကြား သူများလည်း ရှိခဲ့ပါသည်။ အရေပြားပေါ်တွင် ယားတိုင်းမြင် ရသော ပိုးများသည် နည်းသေးသည်ဟု ပြောပြီး အူထဲကို ကြည့် ခိုင်းပါသည်။ ထိုအခါကျမှ ဆံပင်များပင် ထောင်သွားပါတော့ သည်။ ပိုးပေါင်းစုံ ရွစိရွစိနှင့် မစင်တွင်းကြီးကို ကြည့်ရသလို ဖြစ်နေပါသည်။

ကျွန်မ၏ စိတ်ထဲတွင် သံဝေဂတော်တော် ရခဲ့ပါသည်။ ချမ်းသာလည်း ပိုးခန္ဓာကိုယ်, ဆင်းရဲလည်း ပိုးခန္ဓာကိုယ်၊ ဒီလို နဲ့သေရင် မြေကြီးသြဇာဖြစ်မှာဘဲလို့ ဆင်ခြင်မိပါသည်။

ရင်ချိုင့်မှာရှုနေရင်း အတိတ်ဘဝများစွာကိုလည်း တွေ့ခဲ့ရပါသည်။ ခရစ်ယာန်ဘာသာဝင် အင်္ဂလိပ်အမျိုးသမီး တစ်ဘဝ၊ ဂူထဲတွင် သမထကျင့်နေသော ကုလားအဖိုးကြီးတစ် ဘဝ၊ ကိုရင်လေးဘဝများကိုလည်း တွေ့မြင်ခဲ့ရပါသည်။

www.burmeseclassic.com



ကိုရင်ဘဝတုန်းက အလွန်ပျင်းပါသည်။ ဘကြီးဘုန်းကြီးကိုကြောက်၍သာ ကိုရင်မထွက်ခဲ့ရဘဲ သူများတွေ အားတက်သရော ကျောင်းသန့်ရှင်းရေးလုပ်ရာတွင် ကူမလုပ်ခဲ့ပေ။ စာကျက်ရာတွင်လည်း ပျင်းနေခဲ့ပါသည်။ သေတော့ သရဲဘဝကို ရောက်ရှိခဲ့ရပါသည်။

သရဲဘဝတွင် ကြီးနိုင်ငယ်ညှဉ်းဘဝဖြင့် အမြဲအရိုက်ခံခဲ့ရပါသည်။ ရိုက်လျှင် အငယ်တွေတန်းစီပြီး တစ်ယောက်ချင်းကို တင်းပုတ်ကြီးနဲ့ရိုက်တုန်း သစ်ပင်ဘေးတွင် မယ်သီလရှင်များတန်းစီပြီး ဖြတ်သွားတာ မြင်လိုက်ရတော့ ကြည်နူးမိခဲ့ပါသည်။

ထိုစိတ်ဖြင့်သေတော့ လူ့ဘဝကို ပြန်ရောက်ခဲ့ပါသည်။ ဘုန်းကြီးဘဝတွင် ဘုရားသွားဖူးတုန်း သိုက်ထဲမှ အမျိုးသမီးများကို တွေ့ခဲ့ရပါသည်။ ထိုအမျိုးသမီးများကို တွေ့ရသောစိတ်ဖြင့် သေသောအခါ ထိုဘုရားအတွင်းရှိ သိုက်ထဲတွင် သိုက်နန်းသူလေး ဖြစ်သွားခဲ့ပါသည်။

လူ့ပြည်ကို ပြန်လာချင်၍ အချိန်ပြည့် ဂူအပြင်တွင် ထွက်ပြီးထိုင်ခဲ့သည်။ ဘုရားကိုလာလျှင် စကပ်လေးနှင့် ကလေးဘဝမရောက်, အပျိုဘဝမရောက်ပုံစံနဲ့ လာခဲ့သည်။ လူတွေကို မြင်လျှင်အားကျခဲ့သည်။

နောက်ပိုင်းတွင် အပြင်ကို ပေးမလွှတ်တော့ပဲ သိုက်ထဲမှာပင်လျှင် အတီး, အကများဖြင့် ပျော်အောင်ထားခဲ့သည်။ ဘယ် လိုပဲပျော်အောင်ထားထား မပျော်ရွှင်ခဲ့ပေ။ လက်အောက်ငယ် သားတစ်ဦး၏ အကူအညီဖြင့် လူ့ဘဝကို ပြန်လာခဲ့သည်။



ရုပ်ခန္ဓာဟာ သိုက်ထဲတွင် အခေါင်းကြီးနဲ့အိပ်ပျော်နေသောပုံစံဖြင့် ကျန်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ ဤအဖြစ်အပျက်များကိုကြည့်၍ မဆုံးနိုင်သော သံသရာခရီးရှည်ကြီးကို အဆုံးသတ်ချင်စိတ်များပင် ပေါ်ပေါက်ခဲ့ရပါသည်။

ဤတရားတွေကို အမြင်သန်အောင် ပြသပေးသော မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးနှင့် ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော် ဦးကေလာသတို့အားလည်းကောင်း၊ တရားခစန်းပို့ပေးကြသော မအုန်းမေကြည်နှင့်, မသိန်းသိန်းထွေးတို့အားလည်းကောင်း ရိပ်သာရှိ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့ဝင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**မသိန်းသိန်းဆွေ**

အသက် (၂၉)နှစ်

အမှတ် (၆၂)၊ ၃၁ × ၃၂ လမ်းကြား၊ ၆၅–လမ်း

မလွန်၊မန္တလေးမြို့

www.burmeseclassic.com



# ထွက်ပေါက်လွယ်တဲ့ရက်ခြောက်ဆယ်

## မှတ်တမ်းကဗျာ

### ဖိတ်ခေါ်သံလေးချိုး

* လောကုတ္တရာ
စောဗုဒ္ဓါ တည်ထောင်တဲ့
သာသနာရောင် ထိန်ထိန်လက်ဟာဖြင့်
ချိန်တစ်ဝက်ကျန် . . . နော်။

* ဒုလ္လဘပေမယ့်
ကြုံရတဲ့ ဘုံဘဝမှာ
ခုန်ကကာ ထားကတိတွေနဲ့
အားတရှိ ဝေ့ပြေးနေတာကြောင့်
စားမိမေ့ပျော်။

* ဖြေရှင်းကာနော်
မြေဇင်းကျော် ထေရ်မဟာမောင်းထောင်က
ခြေရင်းပျော် ဝေနေယျာအပေါင်းကို
သနားကြောင်း ဘေးမဖက်စေဘို့



တရားကောင်း ဆေးတစ်လက်ရယ်နဲ့
နေ့ဆက်လို့ တိုက်ကျွေး။

* ထွက်ပေါက်လွယ်ပြီ
ရှက်ကြောက်ရယ်ကိုယ်စီနဲ့
ရက်ခြောက်ဆယ် ဒီစခန်းကိုလ
လွန်ပမ်းမယ် ထင်မတွေးလိုက်ပါနဲ့
ကျွတ်တန်းရွယ် ရွှေရင်အေးတဲ့အောင်
(ဓမ္မမိတ်ဆွေတို့ရေ) ဝင်လှည့်အပြေး။

**သာသနာနှောင်းခေတ် ရှင်,လူဖြစ်၊**
**သဒ္ဓါစစ်ဖြင့် အနှစ်ရအောင် ကျင့်ဆောင်နိုင်ကြပါစေ။**

**အရှင်ဂမ္ဘီရဗုဒ္ဓိ (ဓမ္မာစရိယ)**

## “ဂုဏ်ကျေးဇူးအထူးဆပ်မလေ”

### သန္တေစပ် ရှစ်လုံးဖွဲ့ကဗျာ

၁၃၆၈-ခု၊ ပြာသိုလ်လဆန်း (၃)ရက်

* မြေဇင်းမည်ရ ဝနၥ္ရှင်ပျော်
ဆရာဘုရား ပေးထားသနော်
သမထများ ထုံပွားလေသော်
ရလေကြ ဝင်းပနိမိတ်တော်။

* ဝင်းပနိမိတ် ဖိတ်ဖိတ်ရောင်ဝါ
စကြာဝဠ စုံစွထင်စွာ
မြင်ကြလေရ ရှင်းစွသူငါ
ယောဂီများ ထက်ပွား မြတ်သဒ္ဓါ။

* ဝင်းပနိမိတ် ဖိတ်ဖိတ်ရောင်ဝါ
ခန္ဓာဖြစ်ပျက် ရှုကွက်စုံစွာ
မြင်ကြလေရ ရှင်းစွသူငါ
ယောဂီများ ထက်ပွား မြတ်သဒ္ဓါ။

* သဒ္ဓါမြှုးကြွ ထူးလှမမှာ
နိမိတ်ဘာဂ လိုတလေရာ



ဒိုးယိုပေါက်မျှ ခဏမကြာ
ဖူးကုန်ကြ ဗုဒ္ဓစိန္တေသျှာ။


၅ * စိန္တေမြတ်ဖျား တရားတွေ့ရယ်
အစိန္တေယျ ကြံဆမလွယ်
လူရောနတ်ရော သဘောမကြွယ်
သိကြရ ဇိနဟောလေတယ်။

၆ * ဇိနဟောကြား တရားထွေထွေ
ရန်ကင်းမြေက ရ,ထားသလေ
ပေးဝေဆရာ့ များလှမဟေ
ဂုဏ်ကျေးဇူး အထူးဆပ်မလေ။


ဦးဉာဏ်ဝင်း (မောင်းထောင်)

## လာစမ်းပါကြ ဌာနမြန်မကြာ

ရန်ကင်းတောင်မြေ အခြေချတဲ့
အေးငြိမ်းသုခ ထိုရိပ်သာ
သမထဘာဝနာ ကြိုးကုတ်ပွားလို့
ဘုရားစုံဖူးရ ဒို့သူငှါ
ဝိပဿနာ ရှုကာပွားတော့
ခန္ဓာဖြစ်ပျက် မြင်ရတာ
သူရောငါပါ ယောဂီများတို့
ကုသိုလ်ပွားလို့ ပျော်ကြမှာ
အဲဒါကြောင့် . . .
လာစမ်းပါကြ ဌာနမြန်မကြာ။



### ဓမ္မဒါနကုသိုလ်စာလွှာ



ဤ "ရှာအဝင်လမ်းနှင့်
မျှဝေခံစား ဓမ္မရသ စာတမ်းများ" ကျမ်းစာအုပ်ကို
ဓမ္မဒါနအဖြစ်
ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပါသည်။

ဤ ဓမ္မဒါန ကုသိုလ်သည် အကျွန်ုပ်အတွက် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေ။

ဤဓမ္မဒါန ကုသိုလ်အဖို့ကိုလည်း မိဘ, ဆရာ အစထား၍ ၃၁-ဘုံသားတို့အား အမျှပေးဝေလိုက်ပါ၏။

(အမျှ အမျှ အမျှ ယူတော်မူကြပါ။)

"ဓမ္မဒါ [illegible]
ဓမ္မဒါ [illegible]

တရားတော်ကို ကြာမြင့်စွာ တည်တံ့အောင် ပြုလုပ်ဆောင်ရွက်သူတို့သည် တရားတော်၌ အလှူဒါန ပြုလုပ်သူတို့ မည်ကုန်၏။

[ဣတိဝုတ္တက ဋ္ဌကထာ]

www.burmeseclassic.com

“ဓမ္မ”ကို
ပေးလှူခြင်းသည်ကား
အသိဉာဏ်ရှိကြသောလူများစွာတို့အား
သုတကိုဖြစ်စေ၏။
ရှိပြီးသောသုတကို
တိုးတတ်တောက်ပြောင်စေ၏။
နာမကာယကို ကြည်လင်စေ၏။
အယူဝါဒကို ဖြောင့်မှန်စေ၏။
ကိလေသာမှ သန့်ရှင်းမှု
ဝဋ်အနှောင်အဖွဲ့ လွတ်မြောက်မှုကို
ဖြစ်စေ၏။
ထို့ကြောင့် ဓမ္မအလှူသည်
အမြတ်ဆုံးအလှူဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ကြိုးစားကြ . . .
ကိုယ့်လုပ်အားခ ကိုယ်ရတာ
ကိုယ့်နေ့တွက် ကိုယ်ရတာ
ကိုယ့်ဝေစု ကိုယ်အရယူကြ။
ဘယ်သူမှ လုပ်ပေးလို့ မရဘူး။
"သန္ဒိဋ္ဌိကော" ဆို မဟုတ်လား။
ကိုယ့်လုပ်မှ ကိုယ်ရမှာ . . . ။

(မောင်းထောင်မြေဖင်းတောရဆရာတော်ဘုရားကြီး)

D.T.P.&Graphic:Design: U

www.burmeseclassic.com